ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ တနင်္လာနေ့၊ (27-10-2014) (၀၀၆)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကျိုးနီကန်ပြန်လည်ပြုပြင်မွမ်းမံနေမှုအား လှည့်လည်ကြည့်ရှု




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကျိုးနီကန်ပြန်လည်ပြုပြင်မွမ်းမံနေမှုအား ကြည့်ရှုစဉ်။ (သတင်းစဉ်)

**ရမည်းသင်း အောက်တိုဘာ ၂၆**

နှစ်(၈၀)ပြည့် ရမည်းသင်းမြို့ မြို့လုံးကျွတ်မဟာဘုံကထိန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရမည်းသင်းမြို့ မြို့မ ရပ်ကွက် ရန်အောင်မြင်သာသနာ့ ဗိမာန်၌ ကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီနှင့် တာဝန်ရှိသူများက ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။

ခရစ်သက္ကရာဇ် ၁၉၃၄ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့သည့် အဆိုပါ မြို့လုံးကျွတ်မဟာဘုံကထိန်ပွဲတော်ကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများက ဦးစီးကျင်းပမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ စာသင်တိုက် ငါးတိုက်အပါအဝင် ဘုန်းတော်ကြီးကျောင်း ၆၀ သို့ ကထိန်လှူသက်န်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ကျိုးနီကန်ပြန်လည်ပြုပြင်မွမ်းမံနေမှုအား လှည့်လည်ကြည့်ရှုရာ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြုပြင်တည်ဆောက်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

## မိုးရွာသွန်းမှု

၂၆-၁၀-၂၀၁၄

| | | | |
|---|---|---|---|
| ညောင်တုန်း | ၁ | ဒသမ | ၁၀ လက်မ |
| ထားဝယ် | သုည | ဒသမ | ၉၇ လက်မ |
| ရန်ကုန်(ကမ္ဘာအေး) | သုည | ဒသမ | ၇၀ လက်မ |
| ရေး | သုည | ဒသမ | ၆၃ လက်မ |

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

# စင်ကာပူ-ရန်ကုန်-စင်ကာပူ လေကြောင်းလိုင်းသစ် စတင်ပြေးဆွဲပျံသန်း

**ရန်ကုန် အောက်တိုဘာ ၂၆**

ပွင့်လင်းရာသီဖြစ်လာသည်နှင့်အညီ ပြည်တွင်းပြည်ပ ခရီးသည်များ သွားလာမှုပိုမိုများပြားလာသဖြင့် လေကြောင်းခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲပျံသန်းလာကြရာ မြန်မာနိုင်ငံရှိ ရွှေမြန်မာလေကြောင်းလိုင်းနှင့် စင်ကာပူအခြေစိုက် Tigerair လေကြောင်းလိုင်းတို့ ပူးပေါင်း၍ စင်ကာပူ-ရန်ကုန်-စင်ကာပူ တိုက်ရိုက်လေကြောင်းလိုင်းသစ်ကို ယနေ့စတင်ပြေးဆွဲပျံသန်းနေကြောင်း သိရသည်။

Tigerair လေကြောင်းလိုင်းကို ၂၀၀၄ ခုနှစ်ကတည်းက တည်ထောင်ခဲ့ပြီး အာရှနှင့် ဩစတြေးလျရှိ နိုင်ငံပေါင်း ၁၄ နိုင်ငံ၊ မြို့ ၅၀ ကျော်ကို ပြေးဆွဲပျံသန်းလျက်ရှိကြောင်း၊ ရွှေမြန်မာလေကြောင်းလိုင်းနှင့် ပူးပေါင်းပြီး စင်ကာပူ-ရန်ကုန်-စင်ကာပူ လေကြောင်းလိုင်းကို ယနေ့မှစတင်ကာ တိုးချဲ့ပျံသန်းခဲ့ပြီး ယဉ်ကျေးမှုအမွေအနှစ်နယ်မြေများဖြစ်သည့် မန္တလေးနှင့်ပုဂံကဲ့သို့ မြန်မာနိုင်ငံရှိ ခရီးသွားလာမှုများပြားသော ဒေသများကိုလည်း ထပ်မံပြေးဆွဲပျံသန်းရန် စီစဉ်ထားကြောင်း စာမျက်နှာ ၈ ကော်လံ ၆ သို့ ✺




စင်ကာပူအခြေစိုက် Tigerair လေကြောင်းလိုင်းမှ Airbus A320 လေယာဉ်ကို တွေ့ရစဉ်။



ကြေးမုံစာတည်းရှုထောင့် ၂၇-၁၀-၂၀၁၄ [တနင်္လာနေ့]

# သန့်ရှင်းသော လူ့ဘောင်သစ်

"အိမ်၊ လမ်း၊ ရွာ၊ ကျောင်း၊ သန့်ရှင်းကြောင်း၊ စုပေါင်းအမှိုက်သိမ်း" လင်္ကာဆောင်ပုဒ်ကလေးတစ်ခု မူလတန်းပြဌာန်းစာအုပ်တွင် ပါရှိသည်။ မူလတန်းကလေးတိုင်း ကျောင်းဆင်းခါနီးအချိန်တွင် သံပြိုင်ညီညာစွာ အော်ဆိုနေကျ လင်္ကာလေးလည်းဖြစ်ပါသည်။ ကလေးဘဝမှစပြီး မိမိတို့နေထိုင်ရာဝန်းကျင်ကို သန့်ရှင်းနေစေရန် သန့်ရှင်းရေးအသိကို ကလေးငယ်များ၏ အသိထဲတွင် စွဲမြဲကျန်ရှိနေစေရေး ရည်ရွယ်ပြဌာန်းပေးထားခြင်းလည်း ဖြစ်ပါသည်။

မိမိတို့နေထိုင်ရာ အဝန်းအဝိုင်းတွင် သန့်ရှင်းသပ်ရပ်ပြီး နည်းစနစ်တကျ ကျင့်ကြံနေထိုင်သွားလာတတ်ကြရန် လိုအပ်ပါသည်။ သန့်ရှင်းခြင်းဟုဆိုရာတွင် တစ်ကိုယ်ရေသန့်ရှင်းခြင်းနှင့် ဝန်းကျင်သန့်ရှင်းခြင်း နှစ်မျိုးလုံး ဟန်ချက်ညီနိုင်ရန်လိုပါသည်။ သို့မဟုတ်ပါက တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းသော်လည်း မိမိတို့နေထိုင်ရာ ဝန်းကျင်မသန့်ရှင်းပါလျှင် ရွှံ့နွံထဲတွင် ပွင့်သည့်ကြာကဲ့သို့ အမြဲမတင့်တယ် ဖြစ်ပေလိမ့်မည်။

တစ်ကိုယ်ရေသန့်ရှင်းခြင်းတွင်လည်း အတွင်းသန့်ရှင်းခြင်း၊ အပြင်သန့်ရှင်းခြင်း၊ တစ်နည်း ရုပ်ခန္ဓာအိမ် အပြင်သန့်ရှင်းခြင်းနှင့် နာမ်ခန္ဓာအိမ် စိတ်မနော ဖြူစင်စေခြင်းဟူ၍ နှစ်မျိုးရှိပေသည်။ နေ့စဉ်နံနက်စောစော အိပ်ရာထပြီးနောက် ပြုလုပ်နေကျ ကိုယ်လက်သန့်စင်သန့်ရှင်းခြင်းမှာ အပြင်သန့်ရှင်းရေးပြုလုပ်ခြင်းဖြစ်ပြီး နာမ်ခန္ဓာအိမ်ကိုလည်း သန့်ရှင်းပေးရန် အထူးလိုအပ်ပါသည်။ ထိုသို့ မိမိတို့၏စိတ်နှလုံးကို သန့်ရှင်းစေပါမှ တစ်နေ့တာလုံး စိတ်ရောကိုယ်ပါ လန်းဆန်းကာ လုပ်သမျှအောင်၊ ကြံသမျှ အထမြောက်နိုင်လိမ့်မည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

ဝန်းကျင်သန့်ရှင်းရေးတွင်လည်း မိမိတို့အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းရေးအပြင် အနီးဝန်းကျင် သန့်ရှင်းရေးဟူ၍ နှစ်မျိုးရှိပြန်ပါသည်။ မိမိတို့နေထိုင်ရာ အိမ်တွင်း၊ အိမ်ပြင်သန့်ရှင်းနေရုံဖြင့် မပြီးဘဲ ဝန်းကျင်သန့်ရှင်းရေးအဖြစ်လမ်း၊ ရပ်ရွာသန့်ရှင်းသပ်ရပ်နေစေရန်လည်း လိုအပ်ပါသည်။ မိမိနေအိမ်သန့်ရှင်းနေစေကာမူ အိမ်နီးဝန်းကျင်တွင် မသန့်ရှင်းဘဲ ညစ်ပတ်နေမည်ဆိုပါက ကူးစက်ရောဂါများကို ဖိတ်ခေါ်သကဲ့သို့ ရှိပေလိမ့်မည်။

ဥပမာ ဝမ်းရောဂါသည် သန့်ရှင်းရေးအားနည်းမှု၊ သောက်သုံးရေမသန့်ရှင်းမှုတို့ကြောင့် အများဆုံး ဖြစ်ပွားတတ်သည်။ လူဦးရေထူထပ်စွာ နေထိုင်မှုပုံစံကြောင့်လည်း ဤရောဂါကို လက်ကမ်းခေါ်သလို ဖြစ်နေပါသည်။ လတ်တလော ကမ္ဘာကြီးကို ခြောက်လှန့်နေသည့် အီဘိုလာရောဂါ အစပြုရာ အာဖရိကဒေသ၏ အားနည်းချက်နှစ်ရပ်မှာ လူဦးရေမွေးဖွားနှုန်း မြင့်မားခြင်းနှင့် ကျန်းမာရေးနှင့်အညီ နေထိုင်မှုပုံစံနိမ့်ကျခြင်းတို့ကြောင့် ဖြစ်ပွားရကြောင်း အကြမ်းဖျင်းကောက်ယူ၍ ရနိုင်ပါသည်။

ကျန်းမာရေးနှင့်အညီ နေထိုင်မှုတွင် အစားအသောက်၊ အနေအထိုင်တို့ကို စည်းကမ်းနည်းလမ်းတကျဖြင့် သန့်ရှင်းသပ်ရပ်စွာ ရှိနေစေရေးသည် အခရာဖြစ်ပါသည်။ ဤကဲ့သို့ ကျန်းမာရေးအသိဖြင့် နေထိုင်မှု ပုံစံသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတွင် ဆင်ခြင်တုံတရားထည့်၍ ကံသုံးပါးစလုံးကို လိုက်နာကျင့်ကြံ နေထိုင်တတ်မှုသည်ပင် "ရောဂါပြီး" သော အစွမ်းထက်လူသားဧကန်ဖြစ်လာပေလိမ့်မည်။

လူတို့ရှင်သန်နေထိုင်ရာဘဝတစ်လျှောက်တွင် အတွင်း၊ အပြင်သန့်ရှင်းခြင်းဖြင့် ဘဝကိုရှင်သန်လှုပ်ရှားရင်းဖြင့် လူမှုကောင်းကျိုးအဝဝကို ထမ်းရွက်သွားကြရမည်ဖြစ်ပါသည်။ "တစ်ဦးဆောင်သော် မရ၊ တစ်သောင်းဆောင်သော်ရ၏" ဆိုစကားနှင့်အညီ ကျန်းမာရေးနှင့်ညီညွတ်သော သန့်ရှင်းသည့်လူ့ဘောင်သစ်တွင် အားလုံးပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ ။

## နေပြည်တော်၌ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်းပြည်ပမီဒီယာများအတွက် တည်းခိုနိုင်ရန် ဟိုတယ်စီစဉ်ထား

**နေပြည်တော်　　အောက်တိုဘာ　　၂၆**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အစည်းအဝေးသို့တက်ရောက်သတင်းရယူကြမည့် ပြည်တွင်းပြည်ပမီဒီယာများ တည်းခိုမှုလွယ်ကူရန်အတွက် နေပြည်တော် ဟိုတယ်ဇုန်ရှိ Royal Naypyitaw Hotel၊ Tungapuri Hotel၊ Zabu Thiri Hotel၊ Hotel Shwe Pyi Taw နှင့် Sky Palace Hotel တို့၌ စီစဉ်ပေးထားရာ Hotel အခန်းခဈေးနှုန်း၊ ငှားရမ်းလိုသည့်အခန်း အရေအတွက်တို့နှင့်ပတ်သက်၍ Royal Naypyitaw Hotel (royal naypyitawhotel@gmail.com,067-414960~967)၊ Tungapuri Hotel(reservation@tunga purihotel.com,067-422020~026)၊ Zabu Thiri Hotel (zabuthirihotel@gmail.com,067-422042,422044,422050)၊ Hotel Shwe Pyi Taw (hotelgoldenland.npt.mm@gmail.com, 067-422163~167) နှင့် Sky Palace Hotel (FOM@Sky Palace.com, 067-422122~ 126)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် Sky Palace Hotel မှ အစည်းအဝေး ကျင်းပရာနေရာသို့ Shuttle Bus များ စီစဉ်ထားရှိကြောင်း သိရသည်။

**(သတင်းစဉ်)**






## နိုင်ငံတကာအဆင့်မီလုပ်ငန်းစနစ်များ ဆောင်ရွက်နိုင်မှုလေ့လာ

**နေပြည်တော်　အောက်တိုဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချိုထွန်းဦးဆောင်၍ ဥတ္တရသီရိခရိုင်၊ ဒက္ခိဏသီရိခရိုင် ဦးစီးဌာနမှူးရုံးနှင့် သီရိငါးမြို့နယ် (ဇမ္ဗူ၊ ဇေယျာ၊ ပုဗ္ဗ၊ ဥတ္တရ၊ ဒက္ခိဏ)နှင့် တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနားမြို့နယ်များမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်းအင်အား ၈၆ ဦးတို့သည် အောက်တိုဘာ ၂၄ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ဦးစီးဌာနဆိုင်ရာလုပ်ငန်းများ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။ ထိုသို့လေ့လာရာတွင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် e-Visa လုပ်ငန်းစနစ်ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ ပြည်သူ့အင်အားဦးစီးဌာန ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူပြီးနောက် စာရင်းဇယားပြုစုခြင်းလုပ်ငန်း အဆင့်ဆင့်အား ရှင်းလင်းပြသပေးခဲ့ကြသည်။(ဓာတ်ပုံ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံတကာ အဆင့်မီလုပ်ငန်းစနစ်များ တိုးတက်ဆောင်ရွက်နိုင်မှု အခြေအနေများကို ဝန်ထမ်းများကိုယ်တိုင် သိရှိနားလည်ပြီး ပြည်သူလူထုအတွင်း ထပ်ဆင့်ရှင်းလင်းဆွေးနွေးပေးခြင်းဖြင့် ဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကို ဗဟုသုတရရှိစေရန် ရည်ရွယ်လေ့လာခြင်းဖြစ်ကြောင်း သိရသည်။

**ဦးကျော်(ပျဉ်းမနား)**

Since 1986
KMD Education Services
ICT နည်းပညာရပ်များကို အခြေခံမှစ၍
နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာ/ဘွဲ့သင်တန်းများအထိ
တက်ရောက်လိုပါက KMD နှင့်ဆက်သွယ်ပါ။
(ပန်းဆိုးတန်း) ဖုန်း - ၃၈၁၀၃၅၊ ၃၈၁၁၂၉
(မြေနီကုန်း) ဖုန်း - ၅၂၇၄၃၆၊ ၅၀၂၂၃၃
(လှည်းတန်းလမ်း) ဖုန်း - ၂၂၀၅၅၅၊ ၂၃၀၃၀၈၁
(သိမ်ကြီးဈေး) ဖုန်း - ၃၈၄၂၆၈၊ ၃၈၄၆၄၃
(တာမွေ-၁/၂) ဖုန်း - ၅၄၁၃၂၈/၅၄၆၆၀၀
(လှည်းတန်း-၁/၂) ဖုန်း - ၅၂၄၄၀၀/၅၀၂၂၁၁
(ကမ္ဘာအေး) ဖုန်း - ၆၆၀၈၈၇
ISO　NCC education　UNIVERSITY of GREENWICH　SQA　LCCI　City & Guilds　HUAWEI　Microsoft Official Learning Partner
တန်းခွဲသစ်များ စုံစမ်းအပ်နှံနိုင်ပါသည်။
အစိုးရဌာနများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ နှင့် ကိုယ်ပိုင်ကျောင်းများ အတွက် သင်တန်းချိန်များကို လိုအပ်ချက်ပေါ်မူတည်၍ အထူးဆောင်ရွက် ပေးလျက်ရှိပါသည်။

ပြည်တွင်းရေးရာ

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းအခမ်းအနားများသို့ တက်ရောက်

**ရမည်းသင်း အောက်တိုဘာ ၂၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လျှော်ဖြူကိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းနှင့် အိုင်ဘုတ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းအခမ်းအနားများသို့ တက်ရောက်အားပေးသည်။

အဆိုပါ အခမ်းအနားများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် ပညာဆိုသည့် အရာသည် အမောဟဖြစ်ပါကြောင်း၊ မောဟဆိုသည်မှာ အမှားကိုသိပြီး အမှန်ကိုမသိခြင်းဖြစ်ကြောင်း၊ အမောဟဆိုသည့် ပညာသည် အမှားနှင့်အမှန်ကို ခွဲခြားနိုင်သည့်စွမ်းရည်ဂုဏ်သတ္တိတစ်မျိုးဖြစ်ပါကြောင်း၊ မိမိပတ်ဝန်းကျင်၊ မိမိရပ်ရွာ၊ မိမိဒေသနှင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပညာသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် လွတ်လပ်ရေးမတိုင်မီက ဗိုလ်ချုပ်အောင်ဆန်းဦးစီး၍ ဆိုရန်တိုဗီလာ နှစ်နှစ်စီမံကိန်းကို ရေးဆွဲခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အမေရိကန်စီးပွားရေးပညာရှင်များဖိတ်ခေါ်၍ ပြည်တော်သာစီမံကိန်းကို ရေးဆွဲခဲ့ပါကြောင်း၊ ယင်းစီမံကိန်းများသည် သမိုင်းများပင်ဖြစ်ကြောင်း၊ ပြန်လည်လေ့လာသည့်အခါ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ပညာရေးနှင့် ကျန်းမာရေးအတွက် အလေးအနက်ထားရေးဆွဲခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်တော်သာစီမံကိန်းတွင် ကျေးရွာတစ်ရွာ မူလတန်းကျောင်းတစ်ကျောင်းရှိရမည်ဆိုပြီး ပညာရေးနှင့်ပတ်သက်၍ ရည်မှန်းချက်ထားခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ယနေ့ခေတ်ကာလရောက်ရှိလာသည့်အခါ ကျောင်းနေသူများသည် ဘွဲ့တစ်ခုခုရပြီး အစိုးရအလုပ်ရရန်ဆိုသည့်ခံယူချက်များ မှားယွင်းစွာရှိနေသည်ကို တွေ့ရပါကြောင်း၊ ကျောင်းနေရာ၌ ပထမဆုံး အရေး၊ အဖတ်၊ အတွက်ကို သင်ပေး၍ အသက်အရွယ်အလိုက် ရင့်ကျက်သည့် အသိဉာဏ်ကို တည်ထောင်ပေးခြင်းသာဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများမှ အရင်းအနှီးရရှိရန်ဆောင်ရွက်မည်ဆိုလျှင် မူလတန်းအဆင့်ကတည်းက စိုက်ပျိုးရေးနှင့်ပတ်သက်သည့်မြေအကြောင်း၊ ရေအကြောင်း၊ မျိုးစေ့များအကြောင်းနှင့် ရာသီဥတုအကြောင်းများကို သိရန်လိုအပ်ပါကြောင်း၊ ယခုကဲ့သို့သိရှိပြီး မြေလွတ်မြေလပ်မကျန် စိုက်ပျိုးမည်ဆိုလျှင် စိုက်ပျိုးရေးမှ ဝင်ငွေများရရှိလာမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံထူထောင်ရမည်ဖြစ်ပါကြောင်း၊ စက်မှုနိုင်ငံထူထောင်ရန် သိပ္ပံနှင့် နည်းပညာအခြေခံဝမ်းစာရှိထားရန် လိုအပ်ပါကြောင်း၊ ယနေ့ သိပ္ပံနှင့် နည်းပညာသည် အချိန်နှင့်အမျှပြောင်းလဲတိုးတက်နေသည့်အတွက် အမီလိုက်နိုင်ရန် တီထွင်ကြံဆဉာဏ်ရှိရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းမှ သင်ကြားပေးသည့် သင်ခန်းစာများ၌သာ ကျေနပ်မနေဘဲ တီထွင်ကြံဆမှုစွမ်းအားကို မြှင့်တင်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် သင်ရိုးညွှန်းတမ်းတွင် မပါရှိသည့် အီလက်ထရွန်နစ်ဆိုင်ရာ၊ လျှပ်စစ်ဆိုင်ရာ၊ ဓာတုဗေဒဆိုင်ရာ၊ ညနေသင်တန်းများ စီစဉ်ဖွင့်လှစ်ပေးခြင်း၊ လက်သမားအတတ်၊ ပန်းရန်အတတ်၊ သံချည်သံကွေးအတတ်၊ ယာဉ်မောင်းနှင့် စက်ပြင်အတတ်တို့ကိုလည်း သင်ကြားပေးခြင်းဖြင့် ကျောင်းမှထွက်သည့်အခါ ဝမ်းစာရှာဖွေနိုင်သည့် အတတ်ပညာများ တစ်ပါတည်းတတ်ကျွမ်းသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများက အကြံပြုချက်များအတိုင်း စီမံဆောင်ရွက်ပေးမည်ဆိုလျှင် ဤရပ်ဤရွာသည် အလုပ်လက်မဲ့ပပျောက်ပြီး အမြန်တိုးတက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင်လည်း အလားတူပင်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အိုင်ဘုတ်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်းအခမ်းအနားတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# ရန်ကုန်မြို့၌ တယ်လီနောဆင်းကတ်များ စတင်ဖြန့်ဖြူးရောင်းချ

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တွင် ယနေ့နံနက်ပိုင်းမှစတင်၍ ငွေကျပ် ၁၅၀၀ တန် တယ်လီနောဆင်းကတ်များ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

တယ်လီနောဆင်းကတ်များကို စက်တင်ဘာ ၂၇ ရက်က မန္တလေးမြို့၌ လည်းကောင်း၊ အောက်တိုဘာ ၃ ရက်တွင် နေပြည်တော်၌လည်းကောင်း ဖြန့်ဖြူးရောင်းချခဲ့သည်။

တယ်လီနောဆင်းကတ်များကို မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့ကြီးများအပြင် အခြားမြို့များသို့လည်း ထပ်မံတိုးချဲ့ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့မြန်မာနိုင်ငံတွင် ဖုန်းခေါ်ဆိုခနှုန်းများမှာ MPT က တစ်မိနစ် ကျပ် ၅၀၊ အော်ရီဒူးအချင်းချင်း ဖုန်းခေါ်ဆိုခ ၂၅ ကျပ်၊ အခြားဖုန်းများနှင့် ပြောဆိုခမှာ ၃၅ ကျပ်နှင့် တယ်လီနောမြန်မာက တစ်မိနစ် ၂၅ ကျပ်နှုန်းဖြင့် ဝန်ဆောင်မှုပေးနေသည်။ အင်တာနက်သုံးစွဲခအနေဖြင့် အော်ရီဒူးနှင့် တယ်လီနောက 1MB နှုန်းဖြင့် ကောက်ခံလျက်ရှိပြီး MPT က GSM Network တွင် တစ်မိနစ် နှစ်ကျပ်နှုန်း၊ WCDMA Network တွင် လေးကျပ်နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**စိုးစိုးနိုင်(ကြေးမုံ)**




**ရန်ကုန်မြို့ရှိ တယ်လီနောရုံးချုပ်ရှေ့၌ အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက ဆင်းကတ်များ စတင်ရောင်းချရန် လှည့်လည်မည့်မော်တော်ယာဉ်များကို တွေ့ရစဉ်။** ငွေးအောင်(ကြေးမုံ)

ရွှေကြေးစည် မှ ကျိုက်ထီးရိုး / ချောင်းသာ(နေ့စဉ်)
Nov 1,3,4,5
ဖုန်းဆိုးတန်း: 01-240860/372290 ဒေါ်ပုံ09-49282825 09421029191

ချစ်ပိုင်သစ္စာ 562829,09-73198239 569782,09-450006779
ကျိုက်ထီးရိုး(နေ့စဉ်)/ ချောင်းသာ(နေ့စဉ်)
ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။
www.chitpaithitsar.blogspot.com

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ
ကျိုက်ထီးရိုး(နေ့စဉ်) / ချောင်းသာ(နေ့စဉ်) / ငွေဆောင်(အပတ်စဉ်သောကြာ)
50000 4-11-2014
Ph: 09-425334456, 09-49578205,09-49323965,09-250233599

BOOK & WIN PROMOTION!
TG လက်မှတ်ဝယ်ပြီး ကံစမ်းခွင့်များရယူလိုက်ပါ...
ဆုမဲပေါင်း- ရန်ကုန်-ဘန်ကောက်(သွား/ပြန်) လက်မှတ်- ၁၅ စောင်
CHANCE TO WIN
15 TICKETS* to BANGKOK
ကံစမ်းမဲကာလ
ယခုမှစ၍ ၂၀၁၄ နိုဝင်ဘာလ ၃၀ ရက်နေ့ အထိ
ကံစမ်းမဲဖောက်မည့်နေ့ - ၂၀၁၄ ဒီဇင်ဘာလ ၁ ရက်နေ့
ကံစမ်းမဲလက်မှတ်တွင် Tax များမပါဝင်ပါ၊ Airlines ၏ စည်းမျဉ်းစည်းကမ်းအတိုင်းသာ၊
ကံစမ်းမဲလက်မှတ်ထုတ်ရမည့်နောက်ဆုံးရက်- ၂၀၁၄ ဒီဇင်ဘာလ ၈ ရက်နေ့ အထိ
ခရီးသွားနိုင်မည့်နောက်ဆုံးရက်(EX-RGN)- ၂၀၁၄ ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ
Columbus TRAVELS 229245, 216245(ext: 120,111,116),378535, 378549

အသားအရေထိန်းသိမ်းမှုကို ဂရုစိုက်ပါ
မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း
■ ဝက်ခြံကုသမှု အစီအစဉ်များ ...
■ ဝက်ခြံအမာရွတ် ကုသမှု ...
■ တင်းတိပ်၊ မဲ့ခြောက် ကုသမှု ...
■ မျက်နှာအရေးအကြောင်း ကုသမှု ...
■ အသားဖြူဝင်းခြင်းအတွက် ကုသမှု ...
အရေပြားအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။
နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။
အမှတ်-၄၄၄၊ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ပွဲရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ရန်ကုန်။ ဖုန်း–၃၈၂၂၄၇၊ ၂၅၆၀၄၅

# အင်ဒိုနီးရှားဝန်ကြီးအဖွဲ့ အမည်စာရင်းထုတ်ပြန်ကြေညာ ပထမဆုံးသော အမျိုးသမီး နိုင်ငံခြားရေးဝန်ကြီး ပါဝင်

**ဂျကာတာ အောက်တိုဘာ ၂၆**

အင်ဒိုနီးရှားသမ္မတသစ် ဂျိုကိုဝီဒိုဒိုက အောက်တိုဘာ ၂၆ရက်တွင် ထုတ်ပြန်ကြေညာသော ဝန်ကြီးအဖွဲ့အမည်စာရင်းတွင် နိုင်ငံတော်၏ ပထမဆုံးသော အမျိုးသမီးနိုင်ငံခြားရေးဝန်ကြီးတစ်ဦး ပါဝင်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဝန်ကြီးဟောင်းများအား အဂတိလိုက်စားခြင်းဆိုင်ရာ နောက်ကြောင်း ရှင်း၊ မရှင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး အာဏာပိုင်များက စိစစ်မှုများပြုလုပ်နေခဲ့ရသဖြင့် ဝန်ကြီးအဖွဲ့သစ် ထုတ်ပြန်ကြေညာရေးမှာ ရက်အတန်ကြာမျှ နှောင့်နှေးကြန့်ကြာခဲ့ရသည်။

အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီးသစ်အဖြစ် ခန့်အပ်ခံရသူမှာ ရတ်နိုမာဆူဒီဖြစ်သည်။ အဖွဲ့ဝင် ၃၄ ဦးပါဝင်သော ဝန်ကြီးအဖွဲ့တွင် ပါဝင်သူများမှာ ပညာရှင်များနှင့် နိုင်ငံရေးသမားများ ဖြစ်ကြသည်။

ဝီဒိုဒို၏ နိုင်ငံရေးပါတီကို ဦးဆောင်လျက်ရှိသူ မီဂါဝါတီ ဆူကာနိုပူထရီ၏ သမီးနှင့် ၎င်းနှင့် နီးစပ်သူများမှာ ဝန်ကြီးအဖွဲ့တွင် ပါဝင်ခွင့်ရရှိလာသည်။ သို့ဖြစ်၍ သမ္မတဟောင်း ဆူကာနိုပူထရီအနေဖြင့် အစိုးရအဖွဲ့ ပြင်ပမှနေ၍ မူဝါဒအပေါ် သြဇာလွှမ်းမိုးမှုရှိအောင် ကြိုးစားလာဖွယ်ရှိသည်ဟု ဝေဖန်မှုများ ပေါ်ထွက်လျက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရသူ ရတ်နိုမာဆူဒီသည် နယ်သာလန်နိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ၎င်းအား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်မှုအတွက် အများက အံ့အားသင့်ကြရသည်။

ဝန်ကြီးအဖွဲ့သစ်တွင် ပါဝင်ရန် ရွေးချယ်ခံရသူများသည် အောက်တိုဘာ ၂၇ရက်တွင် ကျမ်းသစ္စာကျိန်ဆိုကြမည်ဖြစ်သည်။

**ရိုက်တာ။**



အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် ဒုတိယသမ္မတ ယူဆွတ်ကယ်လာတို့အား တွေ့ရစဉ်။

## သမ္မတပိုရိုရှန်ကို စစ်ပွဲဇုန်သို့ သွားရောက်

**ကီယက်ဗ် အောက်တိုဘာ ၂၆**

ယူကရိန်းနိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲ စတင်သည့် နေ့မှာပင် သမ္မတ ပီထရို ပိုရိုရှန်ကိုသည် နိုင်ငံအရှေ့ပိုင်းရှိ စစ်ပွဲဇုန်နယ်မြေသို့ သွားရောက်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၂၆ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတ ပိုရိုရှန်ကိုသည် ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ဒွန်းဘက်စ်မြို့သို့ အောက်တိုဘာ ၂၆ရက်တွင် အမှတ်မထင်သွားရောက်ခဲ့သည်။ သမ္မတ ပိုရိုရှန်ကိုသည် ဒွန်ဘက်စ်မြို့၌ ရောက်ရှိနေပုံကို ၎င်း၏ တွစ်တာလူမှုရေးကွန်ရက်အင်တာနက်စာမျက်နှာတွင် လွှင့်တင်ခဲ့သည်။ သမ္မတ ပိုရိုရှန်ကိုသည် ကရမ်မာတော့စ်မြို့ရှိ မဲရုံတစ်ရုံသို့လည်း သွားရောက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ယူကရိန်းနိုင်ငံ၌ လမ်းပေါ်ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ် ပါလီမန်ရွေးကောက်ပွဲ ကျင်းပလျက်ရှိသည်။ မဲရုံများကို နံနက် ၈နာရီတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်သူများလာရောက်မဲပေးလျက်ရှိကြသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် ခွဲထွက်ရေးဝါဒီလှုပ်ရှားမှုများ အဆုံးသတ်စေရေးအတွက် သမ္မတ ပိုရိုရှန်ကိုအား အခွင့်အာဏာ ပိုမိုခိုင်မာစေရန် ပါလီမန်အသစ်ကို ရွေးချယ်တင်မြှောက်နိုင်မည်ဟု မျှော်လင့်ရကြောင်း သတင်းတွင် ရေးသားဖော်ပြထားသည်။

**ရိုက်တာ။**

## တပ်စခန်းများကို အာဖဂန်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်

ကဘူး အောက်တိုဘာ ၂၆။ **အာဖဂန်နစ္စတန်နိုင်ငံတွင် နောက်ဆုံးကျန်ရှိနေသည့် ဗြိတိသျှစစ်အခြေစိုက်စခန်းကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့၏ ကွပ်ကဲမှုအောက် လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်ရာ ယင်းနိုင်ငံအတွင်း ဗြိတိသျှတပ်ဖွဲ့များ၏ စစ်ဆင်ရေးများမှာ အဆုံးသတ်သွားပြီဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။ အမေရိကန်တို့၏ စစ်စခန်း လီတာနက်ကိုလည်းအာဖဂန်တပ်ဖွဲ့များ၏ ထိန်းချုပ်မှုအောက်သို့ လွှဲပြောင်းပေးခဲ့သည်။ ကာကွယ်ရေးဝန်ကြီး မိချယ်ဖောလန်က အမှားအယွင်းများ ပြုလုပ်ခဲ့ကြောင်း၊ သို့သော် ၂၀၀၁ ခုနှစ်တွင် တပ်ဖွဲ့များ ဖြန့်ကြက်ခဲ့ပြီးနောက် အောင်မြင်မှုအများအပြားရှိကြောင်း ပြောကြားသည်။**

**လီတာနက်စစ်စခန်းကို လွှဲပြောင်းပေးအပ်ပြီးနောက် အာဖဂန်နစ္စတန်၌ ကျန်ရှိနေသည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်၏ တိုက်ခိုက်ရေးတာဝန်မှာ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။**

ဘီဘီစီ။




တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် ချင်းတောင်မြို့ရှိ ဆိပ်ကမ်း၌ ဆီရာလီယွန်နိုင်ငံမှ ဆိုက်ရောက်လာသော ကုန်သင်္ဘောတစ်စင်းပေါ်တွင် တရုတ်ကျန်းမာရေး လုပ်သားတစ်ဦးက ပိုးသတ်ဆေးဖြန်းပက်စဉ်။

# အာရှတိုက်၌ အီဘိုလာပိုး ကူးစက်ပြန့်ပွားနိုင်မှု ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများ သတိပေး

**စင်ကာပူ အောက်တိုဘာ ၂၆**

အနောက်အာဖရိကဒေသ၌ အီဘိုလာဗိုင်းရပ်စ်ရောဂါ ကူးစက်မှု ကာလရှည်နေမည်ဆိုပါက အာရှဒေသရှိ မြို့ကြီးတစ်မြို့သို့ ဆိုက်ရောက်လာသူ ခရီးသည်တစ်ဦးနှင့်အတူ ယင်းဗိုင်းရပ်စ်ပိုးသည် အာရှတိုက်၌ ကူးစက်ပျံ့နှံ့လာနိုင်ကြောင်း ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များက အောက်တိုဘာ ၂၆ ရက်တွင် သတိပေးပြောကြားကြသည်။

အာရှဒေသ၌ ပြည်သူသန်းပေါင်း များစွာမှာ ဆင်းရဲမွဲတေစွာ နေထိုင်နေကြရပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်များမှာလည်း အားနည်းမှုများရှိနေကြောင်း၊ အီဘိုလာဗိုင်းရပ်စ်ပိုးကိုစတင်တွေ့ရှိသည်နှင့် တစ်ပြိုင်တည်း ကျန်းမာရေးစီမံကိန်းများကို ချက်ချင်းထိထိရောက်ရောက် ဆောင်ရွက်နိုင်မှသာ ရောဂါပိုးကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ အကယ်၍ အာရှတိုက်ရှိ အီဘိုလာရောဂါပိုး ကူးစက်မှုရှိမည်ဆိုပါက ယင်းရောဂါပိုးကို ထိန်းချုပ်ရန် ခက်ခဲမည်ဟု စိုးရိမ်ပူပန်မှုများ ရှိနေကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားကြသည်။

အီဘိုလာရောဂါသည် ကုသရန်ခက်ခဲပြီး သေဆုံးမှုနှုန်း အလွန်မြင့်မားသော ရောဂါတစ်မျိုးဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုကဲ့သို့သော နိုင်ငံများမှာပင် ယင်းရောဂါပိုးကို တားဆီးကာကွယ်ရန် မဖြစ်နိုင်ကြောင်း၊ အာရှနိုင်ငံများတွင် ရောဂါတားဆီးကာကွယ်ရေး အစီအမံများကို ချမှတ်လုပ်ကိုင်နေကြပြီး ကျန်းမာရေးဝန်ထမ်းများကို သင်တန်းများပေးထားသော်လည်း အခက်အခဲများစွာ ရှိနေဆဲဖြစ်ကြောင်း အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီအနီးရှိ ဗီဒန်ကာမက်ဒီစီတီးဆေးရုံမှ အထူးကုဆရာဝန်ကြီး ယာတင်မီဟာက ပြောကြားသည်။

**ရိုက်တာ။**

# ငွေလိမ်ချေးသောသူဌေး ဗီယက်နမ် ရဲတပ်ဖွဲ့ဖမ်းဆီး

**ဟနွိုင် အောက်တိုဘာ ၂၆**

ဗီယက်နမ်နိုင်ငံတွင် ကြွေးနစ်နေသော ဘဏ်လုပ်ငန်းကို ဖြေရှင်းရန် ကြိုးပမ်းချက်တစ်ရပ်အဖြစ် ဘဏ္ဍာရေးဆိုင်ရာ ရာဇဝတ်မှုများအား အာဏာပိုင်များက နှိမ်နင်းရာတွင် နိုင်ငံ၏ အချမ်းသာဆုံးပုဂ္ဂိုလ်များအနက် တစ်ဦးအပါအဝင်ဖြစ်သည့် ထင်ရှားသော စီးပွားရေးလုပ်ငန်းရှင် တစ်ဦးကို လိမ်လည်ငွေချေးယူမှု ကျူးလွန်သည်ဟု သံသယရှိသည့်အတွက် ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ပြီ ဖြစ်ကြောင်း ယမန်နေ့ အေပီသတင်းတွင် ဖော်ပြသည်။

ပုဂ္ဂလိကပိုင် အိုးရှင်းဘဏ်ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌဟောင်း ဟာဗန်သမ်ကို ငွေချေးခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများကို ချိုးဖောက်ခဲ့ခြင်းကြောင့် ဟနွိုင်မြို့တွင် ရဲတပ်ဖွဲ့က ခေါ်ယူထိန်းသိမ်းခဲ့ကြောင်း၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက သောကြာနေ့နှောင်းပိုင်းတွင် ၎င်း၏ ဝက်ဘ်ဆိုက်ပေါ်၌ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ရဲတပ်ဖွဲ့က ၎င်း၏ နေအိမ်နှင့် ရုံးခန်းများကို ဝင်ရောက်ရှာဖွေခဲ့သည်။

သမ်သည် ၂၀၁၂ ခုနှစ်တွင် အိမ်ခြံမြေလုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂလိကပိုင်ကုမ္ပဏီတစ်ခုကို အာမခံပစ္စည်း အခိုင်အမာ မပါရှိဘဲနှင့်အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ သန်းနှင့် ညီမျှသော ဒေါင် ဘီလီယံ ၅၀၀ကို ထုတ်ချေးရန် အတည်ပြုခဲ့ကြောင်း သို့ုင်ထီးသတင်းစာက စနေနေ့တွင် ထုတ်ဖော်တင်ပြခဲ့သည်။

ဗီယက်နမ်နိုင်ငံက ၎င်း၏ ဘဏ်လုပ်ငန်းတွင် ကြွေးဆုံးမှုပမာဏ မြင့်မားနေခြင်းကို ရှင်းလင်းရန် ကြိုးစားလျက်ရှိရာမှ သမ်ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ယင်းသို့ကြွေးဆုံးမြင့်မားနေခြင်းက မကြာသေးမီ နှစ်များအတွင်း စီးပွားရေးတိုးတက်မှုကို နှေးကွေးစေခဲ့ပြီး ပြည်သူလူထုကိုလည်း ဒေါသဖြစ်စေခဲ့သည်။

ဗီယက်နမ်ဗဟိုဘဏ် ကိန်းဂဏန်းများအရ ကြွေးဆုံးသည်ယခုနှစ်ဇူလိုင်လအထိ ရရန်ရှိသော ကြွေးမြီများ၏ ၈ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ဗဟိုဘဏ်က ယခုနှစ်ကုန်တွင် ၆ ရာခိုင်နှုန်း အထိ လျှော့ကျသွားရန် ရည်မှန်းထားသည်။

သမ်သည် အရေးကြီးသော ဥပဒေများကို ချိုးဖောက်ကြောင်း တွေ့ရပြီးသည့်နောက် ဘဏ်၏ လုပ်ငန်းများဆုံးရှုံးမှု မဖြစ်ပေါ်စေရန်၊ တည်ငြိမ်စေရန်နှင့်ဥပဒေနှင့်အညီ ဖြစ်စေရန်အတွက် ၎င်းကို အိုးရှင်းဘဏ် ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌ တာဝန်မှ ရပ်ဆိုင်းလိုက်ကြောင်း ဗဟိုဘဏ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

သမ်သည် အိမ်ခြံမြေလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ လက်လီရောင်းဝယ်ရေးလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းများတွင် စီးပွားရေးအကျိုးစီးပွားများရှိသည့်နည်းတူ "အိုးရှင်းအုပ်စုကော်ပိုရေးရှင်း" ၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။




ဗီယက်နမ်နိုင်ငံရှိ ပုဂ္ဂလိကဘဏ်ဖြစ်သော အိုးရှင်းဘဏ်၏ ဘဏ်လုပ်ငန်းကောင်တာကို တွေ့ရစဉ်။

အိုးရှင်းအုပ်စုသည် အိုးရှင်းဘဏ်တွင် စာရင်းမဝင်သော ရှယ်ယာအများဆုံးပိုင်ဆိုင်သူဖြစ်သည်။

**ဘီဘီစီ။**

# အာရှရာစုခေတ် တိုးတက်ရစ်ဖို့ ဘဏ်သစ်ဖွင့်လှစ်ပြီ

■ ကိုရင်ညြ

၁၉ ရာစုကို ဗြိတိသျှ ရာစုခေတ်၊ ၂၀ ရာစုကို အမေရိကန် ရာစုခေတ်ဟူ၍ အမှတ်သညာ ပြုခဲ့ကြပြီးနောက် ပစ္စက္ခ မျက်မှောက်ကာလ ရာစုဖြစ်သည့် ၂၁ ရာစုကို 'အာရှရာစုခေတ်' ဟူ၍ ဝိဂြိုဟ်ပြုကြလေသည်။

အာရှတိုက်၏ လူဦးရေ တိုးတက်မှုနှုန်းသည် ၂၁ ရာစုအစတွင် လေးဘီလီယံရှိခဲ့ရာမှ ၂၀၅၀ ပြည့်နှစ်ထက် နောက်မကျဘဲ ငါးဘီလီယံကျော်အထိ တိုးတက်လာမည်ဟု မျှော်လင့်ရပြီး စီးပွားရေးဆိုင်ရာ လားရာများ လက်ရှိလမ်းကြောင်းများအတိုင်း ဆက်လက်ဖြစ်ပေါ်နေမည်ဆိုပါက အာရှသားတို့၏ နိုင်ငံရေးနှင့် ယဉ်ကျေးမှုတို့ ကမ္ဘာတစ်လွှား လွှမ်းမိုးလာမည်ဟု ဟောကိန်းထုတ်လိုရင်းဖြစ်သည်။

ယခုရာစုနှစ်လယ်အရောက်တွင် အာရှတိုက်သားနောက်ထပ် သုံးဘီလီယံခန့်သည် ဥရောပတိုက်သားများ ယနေ့ကာလရရှိခံစားနေကြရသော လူနေမှုအဆင့်အတန်းမျိုးကို ရယူခံစားနိုင်ကြမည်ဖြစ်ပြီး အာရှဒေသသည် ကမ္ဘာ့ထုတ်လုပ်မှု၏ ထက်ဝက်ကျော် ထုတ်လုပ်မှုရှိသည့် ဒေသအဖြစ် ရပ်တည်လာနိုင်သည်ဟု အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။ တိုးတက်မှုအလားအလာများ အထင်အရှား ပြသနေသော ဒေသဖြစ်ပြီး အနာဂတ် မျှော်မှန်းချက်များ တောက်ပြောင်နေခြင်းကြောင့် ယခုရာစုခေတ်ကို အာရှရာစုခေတ်ဟူ၍ သုံးနှုန်းခြင်းမှာ အကြောင်းယုတ္တိရှိပေသည်။

အာရှနိုင်ငံများသည် လာမည့်ဆယ်စုနှစ် လေးစုကာလတွင် လက်ရှိ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်အတိုင်း ဆက်လက်ချီတက်နိုင်မည်ဆိုလျှင်၊ ကမ္ဘာ့စီးပွားရေးနှင့် နည်းပညာ ရေစီးကြောင်းများအတိုင်း အလိုက်သင့် မျောပါနိုင်မည်ဆိုလျှင် ကမ္ဘာ့အနာဂတ်ဘဝအတွက် အာရှသားတို့က အဆုံးအဖြတ် ပေးနိုင်မည့် အဆင့်သို့ တက်လှမ်းမည်ဟု မျှော်လင့်ရသည်။

ကမ္ဘာ့လူဦးရေ ၆၀ ရာခိုင်နှုန်း (၄ ဒသမ ၂ ဘီလီယံ) မှီတင်းနေထိုင်ရာ အာရှတိုက်၌ အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံ ၄၆ နိုင်ငံ၊ အာရှတိုက်၏ နယ်မြေတွင် တစ်စိတ်တစ်ဒေသ ပါဝင်နေသော နိုင်ငံခြောက်နိုင်ငံတည်ရှိသည်။ အံ့သြဘနန်းဖြစ်ရလောက်သည့် ဂျပန်နိုင်ငံ၏ စီးပွားရေး သမ္ဘုတ္တိခေတ် (၁၉၅၀-၁၉၉၀) ဟန်မြစ်ပေါ်မှ 'ကိုးတောင်ကျား' ဟု တင်စားခေါ်ဝေါ်ခံရသည့် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသမ္ဘုတ္တိခေတ် (၁၉၆၁-၁၉၉၆) နှင့် တရုတ်နိုင်ငံ၏ စီးပွားရေး သမ္ဘုတ္တိခေတ် (၁၉၇၈-၂၀၁၃) တို့မှာ ခေတ်ပြိုင်ကာလ အာရှစီးပွားရေးသမိုင်းမှတ်တိုင်များပင်ဖြစ်သည်။

ဆိုရှယ်လစ်ဈေးကွက် စီးပွားရေးစနစ်တည်ရာ တရုတ်နိုင်ငံသည် နိုင်ငံပိုင် ကဏ္ဍကို လွှမ်းမိုးစေလျက် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ဖြင့် အမျိုးသား စီးပွားရေးကို တည်ဆောက်လျက်ရှိသည်။ ငွေကြေးဖောင်းပွမှုအတွက် ချိန်ညှိခြင်း မပြုဘဲ တွက်ချက်သည့် ဂျီဒီပီတိုးတက်မှုနှုန်း သက်သက်အရ ကမ္ဘာပေါ်တွင် ဒုတိယအင်အားအကြီးဆုံးစီးပွားရေးတည်ရာ နိုင်ငံအဖြစ် တရုတ်နိုင်ငံက ရပ်တည်လျက်ရှိသည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ၏ ၂၀၁၄ ခုနှစ် စီးပွားရေးခန့်မှန်းချက်တွင် ဖော်ပြထားသည်။


ကမ္ဘာ့အမြင့်ဆုံး ရထားလမ်းပါရှိသည့် တံတားကို အိန္ဒိယနိုင်ငံ ဂျမူးရ်နှင့် ကက်ရှ်မီးယားပြည်နယ်၌ ချီနက်မြစ်ကိုဖြတ်၍ တည်ဆောက်လျက်ရှိသည်။

တောင်အာရှဒေသ၌ အင်အားအကြီးဆုံး စီးပွားရေးတည်ရာ အိန္ဒိယနိုင်ငံ၏ ဦးဆောင်လှုပ်ရှားမှုဖြင့် ယင်းဒေသသည် ယခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၅ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၆ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ကမ္ဘာ့ဘဏ်က ဟောကိန်းထုတ်ထားသည်။ အိန္ဒိယ ဝန်ကြီးချုပ်သစ် နရိန္ဒြာမိုဒီ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်နှင့် ပတ်သက်၍ စီးပွားရေးလုပ်ငန်း ခေါင်းဆောင်များအတွက် မျှော်လင့်ချက်များအားကောင်းလာသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း စီးပွားရေးစွမ်းဆောင်ရည် အကောင်းဆုံးနိုင်ငံများတွင် ဂျပန်နိုင်ငံပါဝင်ပြီး တောင်ကိုရီးယားနိုင်ငံမှာလည်း လွန်ခဲ့သည့် ဆယ်စုနှစ်လေးစုတာကာလအတွင်း စီးပွားရေးအရ အံ့မခန်းတိုးတက်လာခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် 'ထရီလီယံဒေါ်လာကလပ်' ဟု တင်စားခေါ်ဝေါ်သော နိုင်ငံများအုပ်စုတွင် ပါဝင်လာသည်။ ထရီလီယံဒေါ်လာကလပ်ဆိုသည်မှာ ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ) တစ်ထရီလီယံဒေါ်လာအထက်ရှိသည့် နိုင်ငံများအုပ်စုဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၏ ဂျီဒီပီသည် ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀၅ ထရီလီယံရှိသည်။

အယ်လ်ဂျီ ရုပ်မြင်သံကြားစက်၊ ဆမ်ဆောင်းမိုဘိုင်းဖုန်း၊ ဟွန်ဒေးမော်တော်ကားတို့သည် ကမ္ဘာ့ဈေးကွက်သို့ အလုံးအရင်းဖြင့် ထိုးဖောက်နိုင်ခဲ့ပြီး ပြည်ပပို့ကုန် အရပ်ရပ်မှာလည်း တိုးတက်ခဲ့သည်။ အာရှတိုက်၏ ထွန်းသစ်စ စီးပွားရေးပေါ်ထွန်းလာသော အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှဒေသ၏ အကြီးဆုံးသော စီးပွားရေးတည်ရာနိုင်ငံဖြစ်သည်။ ယင်းနိုင်ငံတွင် အောက်တိုဘာ ၂၁ ရက်မှစတင်၍ သမ္မတရာထူးတာဝန် ထမ်းဆောင်သူ ဂျိုကိုဝီဒိုဒိုသည် ရည်မှန်းချက်ကြီးမားလှသည့် ပြုပြင်ပြောင်းလဲရေးရည်မှန်းချက်များကို အကောင်အထည်ဖော်တော့မည်ဖြစ်သည်။

အာရှရာစုခေတ်၏ သမိုင်းတွင်ရစ်မည့် မှတ်တိုင်တစ်ရပ်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။ ယင်းမှာ အာရှတိုက်၌ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ ပြိုင်ဘက်ဖြစ်လာမည့် ဘဏ်သစ်တစ်ခုကို ထူထောင်ဖွင့်လှစ်ရန် တရုတ်နိုင်ငံနှင့် အခြားသော အာရှနိုင်ငံ ၂၀ တို့ အစပျိုးဆောင်ရွက်မှုပင်ဖြစ်သည်။

အာရှတွင် ပေါ်ထွန်းလာမည့်ဘဏ်မှာ အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်ဖြစ်ပြီး ယင်းဘဏ်ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို အာရှနိုင်ငံများမှ ကိုယ်စားလှယ်များက တရုတ်နိုင်ငံ ပေကျင်းမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ ကနဦးမတည်ငွေမှာ ဒေါ်လာ ၅၀ ဘီလီယံဖြစ်ပြီး ပေကျင်း၌ ဘဏ်ရုံးချုပ်ဖွင့်လှစ်မည်ဖြစ်သည်။

ဘဏ်သစ်ဖွင့်လှစ်ရေးအတွက် လက်မှတ်ရေးထိုးခဲ့ကြသော နိုင်ငံများတွင် တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ မြန်မာ၊ မလေးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာ၊ မွန်ဂိုလီးယား၊ ဥဇဘက်ကစ္စတန်၊ ပါကစ္စတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ကာဇက်စတန်၊ ကူဝိတ်၊ အိုမန်နှင့် ကာတာ တို့ပါဝင်ကြသည်။

အာရှစီးပွားရေး အံ့ဖွယ်သရဲ အင်အားကြီးထွားလာမှုကို ကမ္ဘာက အလေးထားလာရသည့် ယနေ့ကာလတွင် ဒေသဆိုင်ရာ အခြေခံအဆောက်အအုံ လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘဏ်သစ် ဖွင့်လှစ်ခြင်းက အထောက်အကူပြုလိမ့်မည်ဟု အများက ရှုမြင်ကြသည်။ ကျွန်ုပ်တို့ အာရှတိုက်သားအသီးသီးကလည်း စီးပွားရေးစနစ်အထ ပွင့်လန်းလာသော အခွင့်အလမ်းများကို ဆုပ်ဆုပ်ပိုင်ပိုင် ရယူကာ အာရှရာစုခေတ် တိုးတက်ရစ်ဖို့ အားမာန်သစ်များ မွေးကြမည်ဟု မျှော်လင့်မိပါသည်။ ။

23
မဆလာ
(ဟင်းခတ်အမွှေးအကြိုင်)
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။
အမှတ်(၁၃၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၅၄၆၃၂၂၊ ၀၉၇၃၀၀၅၆၃၈၊ ၀၉၈၆၃၆၇၆၅၊ ၀၉၂၅၀၄၉၉၇၂၆

ရွှေထိပ်တန်း
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သော်ကြာ)
စီးလုံးငှား လက်ခံသည်
01-701015, 01-710436

B.L.T ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။
ကျိုက်ထီးရိုး နေ့စဉ် 7000 ကြိုတင်
ချောင်းသာ 12000 မှာယူပါ
ကျိုက်ထီးရိုးမဲလဲ ✦ ကျိုက်ထီးရိုး(နေ့ချင်းပြန်)
ပုဂံ(ရွှေစည်းခုံ)ပုပ္ပါးပဒေသာ 70000
09-73163538, 09-31785622

ရွှေပင့်ကူ
09-73130346၊ 09-254049377၊ 09-423720047

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)



# သတင်းထောက်နှင့် ဥပဒေ

**ဦးဟန်ညွန့်(ဥပဒေ)**

**အားလပ်ရက်တနင်္ဂနွေ**

အားလပ်ရက် တနင်္ဂနွေနေ့တစ်နေ့ဖြစ်ပါ၏။ ကျွန်တော်၏ရှေ့နေရုံးခန်းသို့ နေပြည်တော် ပျဉ်းမနားမှ သတင်းသမား တချို့လာလည်ကြသည်။ လက်ဖက်ရည်ကြမ်းသောက်ရင်း သတင်းမီဒီယာကဏ္ဍဆွေးနွေးကြသည်။ ရောက်ရာပေါက်ရာပြောကြသည်။ သတင်းစကားဝိုင်းဟု ပြောရမလိုပါပဲ။

**ကိုနေမျိုး(ကိုကိုနေ) သတင်းထောက်**

**ဟိုတလောက သတင်းဆွေးနွေးပွဲတစ်ခုလုပ်တယ်ကြားတယ်။ 3rd Conference on Media Development in Myanmar လို့ သတင်းစာမှာတွေ့ရတယ်။ ဆရာသိသမျှနည်းနည်းပြောပြပါ။**

**စာရေးသူ**။ ။ ဟုတ်တယ်။ ၂၀၁၄ စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိ။ ရန်ကုန်မှာကျင်းပတယ်။ ပြည်ထောင်စုဝန်ကြီး အဖွင့်အမှာစကား ပြောတယ်။ မြန်မာနိုင်ငံဆိုင်ရာ EU သံအမတ်ကြီး H.E.Roland Kobia အမှာစကားပြောတယ်။ ထိုင်းနိုင်ငံဆိုင်ရာ ဆွီဒင်သံအမတ်ကြီး Anne-Chariotte Malm နဲ့ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ အတွင်းရေးမှူး ဦးကျော်မင်းဆွေ၊ Professor Yuen Ying Chan တို့လည်းပြောတယ်။ တက်ရောက်ကြတဲ့ သတင်းမီဒီယာသမား၊ ပညာရှင်၊ စိတ်ပါဝင်စားသူတွေ တက်ရောက်ဆွေးနွေး၊ မေးမြန်း၊ ဖြေကြားခဲ့ကြတယ်။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ နိုင်ငံတကာပူးပေါင်းမှုပြယုဂ်တစ်ခုပါ။ ကျန်တာတွေအများကြီးရှိသေးပါတယ်။

**ကိုမျိုး(ရွှေပေါက်ကံ) သတင်းထောက်**

**ယခင်တုန်းကရော ဒီလိုဆွေးနွေးပွဲတွေ လုပ်ဖူးသလား။**

**စာရေးသူ**။ ။ လုပ်ဖူးတယ်။ ၂၀၁၂ ခုနှစ် မတ်လတုန်းကပါ။ Media as Platform for Political Discourse, Media Regulation, Professionalism and Capacity Building, Media Association and Collective Responsibility ဖြစ်တယ်။ မီဒီယာဥပဒေရေးဆွဲမှု၊ စာနယ်ဇင်းကောင်စီတည်ထောင်နိုင်မှု၊ စာပေစိစစ်ရေးပယ်ဖျက်နိုင်မှု၊ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ ဥပဒေရေးဆွဲမှု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ တာဝန်ရှိသူများကွင်းဆင်းညှိနှိုင်းမှု၊ စာပေမူဝါဒပြောင်းလဲမှု၊ ရှေ့သို့ခရီးဆက်မည့် ဆွေးနွေးချက်များ ဆောင်ရွက်နိုင်ခဲ့တယ်။ ထက်သန်လွတ်လပ်တဲ့ မီဒီယာအသိုက်အဝန်းဆီသို့ ရှေးရှုချီတက်နေကြတယ်။ စိန်ခေါ်မှုအသစ်တွေလည်း အနည်းနဲ့အများ ရင်ဆိုင်ရဆဲပါပဲ။

**မင်းမင်းလတ်(မန်းတက္ကသိုလ်) သတင်းထောက်**

**ဆွေးနွေးပွဲရဲ့ အဓိက ရလဒ်က ဘာလဲဆရာ။**

**စာရေးသူ**။ ။ "ကောင်းမွန်တဲ့ သတင်းစာပညာဆိုတာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်"ဆိုတဲ့ အချက်ကို ဘယ်သူမှ မငြင်းနိုင်ဘူး။ မီဒီယာတိုးတက်မှုဟာ လူမှုစီးပွားတိုးတက်မှုအတွက် အဓိကအချက်ဖြစ်တယ်။ ကျင့်ဝတ်ရှိရမယ်။ ဥပဒေလိုက်နာရမယ်။ လူကြိုက်များတဲ့ သတင်းအဓိကလား။ လူထုလိုအပ်တဲ့သတင်း အဓိကလား။ အမှားကို ဝန်မခံတဲ့ သတင်းစာကို ဘယ်လိုအရေးယူမလဲ။ လူထုမှတ်ကျောက်။ လူထုအဆုံးအဖြတ် အဓိကကျတယ်။ သတင်းမီဒီယာ ဥပဒေပြဋ္ဌာန်းပြီးပေမယ့် နည်းဥပဒေမထွက်သေးတာ ဘာကြောင့်လဲ။ အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေမူကြမ်းအခြေအနေဘယ်ရောက်နေပြီလဲ။ နိုင်ငံပိုင်သတင်းစာတွေကသာ ကြော်ငြာတွေ များများယူနေတာကရော ဘယ်တော့ပြင်မလဲ စတဲ့ အမေးအဖြေတွေ၊ ရှေ့လုပ်ငန်းစဉ်တွေ၊ ဆုံးဖြတ်ချက်တွေ၊ စီမံချက်တွေ သိရတယ်။ မှတ်မိသမျှပြောတာပါ။

**ဇော်မျိုးနိုင်(ပျဉ်းမနား) သတင်းထောက်**

**သတင်းထောက်တွေ အမြဲဖတ်သင့်တဲ့ စာအုပ်တွေ ပြောပြပါဆရာ။**

**စာရေးသူ**။ ။ ဖတ်စရာ၊ မှတ်စရာစာအုပ်တွေကတော့ အများကြီးပါပဲ။ လူထုဦးလှရေးတဲ့ "သတင်းစာများသည် သမိုင်းကို ပြောနေကြသည်"ဆိုတဲ့ စာအုပ်ကမပါရင်မပြီးဘူး။ ပထမဦးစားပေးစာအုပ်ပါပဲ။ ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရေးတဲ့ "သတင်းစာလောက"၊ ဆရာကြီးလူထုဦးလှရေးတဲ့ ကျွန်တော်သတင်းထောက်၊ ဆရာကြီးသာဂဒိုး၊ စိန်ခင်မောင်ရီတို့ပူးတွဲရေးထားတဲ့ "ကျွန်တော်ဂျာနယ်လစ်"၊ ဆရာကြီး အထောက်တော် လှအောင်ရေးတဲ့ "ကျွန်တော်နှင့်သတင်း"၊ ဒေါက်တာခင်မောင်ညိုရေးတဲ့ "သတင်းစာပညာ၊ ဂျာနယ်လစ်နှင့် မီဒီယာ"၊ ညိုသစ်ငယ်ရေးတဲ့ "ဒီမိုကရေစီခေတ်သတင်းထောက်ပညာ"၊ မြင့်ထွန်းရေးတဲ့ "သတင်းထောက်လက်စွဲ" စသည်တို့ဖြစ်တယ်။

**မောင်မျိုး(ရွှေပေါက်ကံ) သတင်းထောက်**

**အခြားစာအုပ်တွေရှိသေးလားဆရာ။**

**စာရေးသူ**။ ။ လေ့လာစရာတွေ၊ စာအုပ်တွေကတော့ များလှပါတယ်။ ဆရာ့စာအုပ်စင်မှာ ဆရာစုဆောင်း

> **"ကောင်းမွန်တဲ့ သတင်းစာပညာဆိုတာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်" ဆိုတဲ့အချက်ကိုဘယ်သူမှမငြင်းနိုင်ဘူး။ မီဒီယာတိုးတက်မှုဟာ လူမှုစီးပွားတိုးတက်မှုအတွက် အဓိကအချက်ဖြစ်တယ်။ ကျင့်ဝတ်ရှိရမယ်။ ဥပဒေလိုက်နာရမယ်။ လူကြိုက်များတဲ့သတင်း အဓိကလား။ လူထုလိုအပ်တဲ့သတင်း အဓိကလား။ အမှားကို ဝန်မခံတဲ့ သတင်းစာကို ဘယ်လိုအရေးယူမလဲ....**

သိမ်းဆည်းထားသမျှ စာအုပ်စာရင်းတွေသာ ပြောနိုင်တာ။ စာအုပ်အားလုံးလည်း ဆရာမဝယ်နိုင်ဘူး။ ဥပဒေစာအုပ်တွေနဲ့ ယှဉ်တွဲဖတ်သင့်တဲ့သတင်းမီဒီယာဆိုင်ရာစာအုပ်တွေကို ဆရာကြိုက်လို့ ဝယ်ထားတာပါ။ ဆရာကြီး လူထုစိန်ဝင်းရဲ့ မူပိုင်ခွင့်စာအုပ်၊ ဆရာကြီး တက္ကသိုလ်မြတ်သူရေးတဲ့ "ဘက်စုံသတင်းစာပညာ"၊ "စာပေစာနယ်ဇင်းဘဝကြုံရသမျှ"ဆိုတဲ့ စာအုပ်နှစ်အုပ်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေခဲ့တဲ့ သတင်းစာပညာသင်တန်းပို့ချချက်ဘာသာရပ်များစာအုပ်၊ သတင်းထောက်ဖိုးသောကြာ (ခေတ်+မိုး)ရေးတဲ့ "သတင်းထောက်ခြင်းအတတ်နှင့် သတင်းထောက်တို့ထားအပ်သောစိတ်ဓာတ်" စာအုပ်၊ ခင်မောင်မြင့်(စစ်ကိုင်း)(ဝန်ကြီး-ငြိမ်း)ရေးတဲ့ "ဒီမိုကရေစီနိုင်ငံနှင့် စတုတ္ထမဏ္ဍိုင်"၊ ဆရာရဲတင့် ရေးသားပြုစုတဲ့ "နိုင်ငံတကာသတင်းမီဒီယာ"၊ ဆရာမရွှေကူမေနှင်း ဘာသာပြန်တဲ့ "မီဒီယာလောက"၊ သတင်းထောက်သောင်းညွှန့်(ဖျာပုံ)ရေးတဲ့ "ထင်ပေါ်ကျော်ကြား မြန်မာသတင်းစာဆရာကြီးများ"စတဲ့ သတင်းဆိုင်ရာစာအုပ်တွေလည်း ဆရာ့စာအုပ်စင်မှာ ရှိပါတယ်။ အမြဲလေ့လာဖတ်ရှုနေရတယ်။ မင်းတို့သတင်းထောက်တွေ ဝါသနာပါရင်၊ စိတ်ဝင်စားရင် ဆရာ့စာဖတ်ခန်းမှာ လာဖတ်ကြပေါ့။ စာအုပ်တော့ မငှားနိုင်ဘူး။ ငှားပြီးရင် ပြန်မရတာ ထုံးစံဖြစ်နေလို့။

**ကိုနေမျိုး(ကိုကိုနေ) သတင်းထောက်**

**သတင်းသုတေသနဆောင်းပါး၊ စာတမ်းများရေးချင်ရင် ကိုးကားစရာ စာအုပ်စာတမ်းများဘယ်လိုရှာရမလဲဆရာ။**

**စာရေးသူ**။ ။ သတင်းသုတေသနပြုရလောက်အောင် အဆင်သင့်တဲ့ ဆရာ မဖြစ်သေးဘူး။ ဒါပေမယ့် ဝါသနာအရ ရေးသားပြုစုထားတာတွေ၊ စုဆောင်းထားတာတွေတော့ ရှိတယ်။ ဥပမာ-ဆရာကြီးတက္ကသိုလ်ထင်ကြီးပြုစုတဲ့ "မြန်မာနိုင်ငံသတင်းစာများအညွှန်း"၊ နိုင်ငံတကာသတင်းဂျာနယ်စာတည်းအဖွဲ့ကရေးသားပြုစုတဲ့ "မီဒီယာလောက"၊ ဆရာကြီး မောင်ဆုရှင်ပြုစုတဲ့ "စာပေထုတ်ဝေရေး၏ မျက်နှာစာများ"အပါအဝင် ပြန်ကြားရေးကဏ္ဍနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ၊ အများပြည်သူဝန်ဆောင်မှုဆိုင်ရာ ရုပ်သံလွှင့်လုပ်ငန်း၊ သတင်းစာလုပ်ငန်း၊ မြင့်မြင့်ဌေး ဘာသာပြန်တဲ့ "ထိရောက်သုံးဝင် လူထုဆက်သွယ်ရေးလုပ်ငန်းစဉ်"စာအုပ်၊ ၁၉၉၀ ပြည့်နှစ်ထုတ် ရှားပါးစာအုပ်တစ်အုပ်ဖြစ်တဲ့ ဆရာကြီးသခင် ရေးသားပြုစုတဲ့ "မြန်မာနိုင်ငံစာနယ်ဇင်းမှတ်စုများစာအုပ်"စတဲ့ စာအုပ်တွေဆရာ့စာကြည့်တိုက်မှာရှိတာ မင်းတို့အမြင်ပဲ၊ ကျန်တဲ့ စာအုပ်တွေကတော့ ရန်ကုန်အိမ်မှာရှိနေတယ်။ သုတေသနစာတမ်းပြုစုဖို့လိုအပ်ရင် ယူပေးရမှာပေါ့။ ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် အမျိုးသားစာကြည့်တိုက်၊ အခြားသော စာကြည့်တိုက်များမှာ ဒါထက်ပိုပြီး စာအုပ်တွေစုံစုံလင်လင်ရှိပါတယ်။ သတင်းထောက်ဆိုတာကတော့သတင်းလည်းထောက်လှမ်း၊ စာလည်း အမြဲဖတ်၊ စာအုပ်လည်း အမြဲစုဆောင်း၊ စာကြည့်တိုက်ကိုလည်း အချိန်ရသမျှသွား၊ လေ့လာ ဖတ်ရှု၊ ဒီနေ့တွေ့ဆုံကြသလိုပဲ နေရာတစ်နေရာမှာ စုပြီး သတင်းဗဟုသုတ ရှာဖွေနှီးနှောဆွေးနွေးသင့်တယ်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်) သတင်းထောက်**

**ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ်တဲ့ "သတင်းထောက်များ အရည်အသွေးမြှင့် မွမ်းမံသင်တန်း"တွေ အကြောင်း ရှင်းပြပါဆရာ။**

**စာရေးသူ**။ ။ မှန်တယ်။ သင်တန်းတွေဖွင့်တာ တစ်နှစ်တစ်ကြိမ်ပါ။ ဒီနှစ် (၂၀၁၄)ဆိုရင် နှစ်ကြိမ်မြောက်ပါ။ အရင်တုန်းကလည်း ဆီလျော်သလိုဖွင့်ဖူးတယ်။ ယခုစီမံချက်နဲ့ဖွင့်ဆဲပါ။ နောင်လဲဖွင့်မှာပါ။ အင်မတန် အကျိုးရှိပါတယ်။ ကြေးမုံနဲ့ မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ်များ ခေါင်းဆောင်ပြီး ဥပဒေ ပညာရှင်အပါအဝင် သင်တန်းပို့ချခဲ့တာပါ။ ရက်တိုပေမယ့် အကျိုးရှိပါတယ်။ အချိန်နည်းတော့ မှတ်စု၊ မိတ္တူ ပုံစံတွေဝေငှပြီး နဲနဲနဲ့ကျဲကျဲဝိုင်းရတာပေ့ါ။ ပြောစရာ၊ ဆိုစရာ၊ မေးစရာ၊ ဖြေစရာတွေက များလွန်းလို့ သင်တန်းတွေရက်ပိုပေးနိုင်အောင် စီမံပါဦးမယ်။ အခြားပင်တိုင်အလုပ်တွေကလည်း ပစ်ထားလို့မရတော့ မြို့နယ်သတင်းထောက်တွေ ဆန္ဒရှိသလောက် မပို့ချနိုင်ခဲ့ဘူး။ သိစရာ၊ မှတ်စရာ၊ ဗဟုသုတဖြစ်ဖွယ်ရာ သတင်းထောက်ပညာကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာရင် ကုန်နိုင်ဖွယ်မရှိဘူး။

**အားလုံးဝိုင်းမေး**။ ။ အခုဖွင့်တဲ့ သတင်းထောက်များမွမ်းမံသင်တန်းကို ကြေးမုံနဲ့ မြန်မာ့အလင်း သတင်းထောက်တွေသာ တက်ခွင့်ရှိသလား။ ပြင်ပသတင်းထောက်(ပုဂ္ဂလိကဂျာနယ်၊ သတင်းစာများမှ)တွေ တက်ခွင့်မရှိဘူးလား။ ဘာကြောင့်လဲဆရာ။

**စာရေးသူ**။ ။ နေရာထိုင်ခင်း၊ စရိတ်ကုန်ကျမှုတွေ အခြေအနေအရ လတ်တလော မဆောင်ရွက်နိုင်သေးတာပါ။ နောင်ကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာခွင့်၊ တက်ခွင့်၊ ဆွေးနွေးခွင့်၊ အကြံပြုခွင့်ရှိလာမှာပါ။ တာဝန်ရှိသူကိုလည်း တင်ပြပါမယ်။ ဘယ်သူပဲဖြစ်ဖြစ် သတင်းမီဒီယာသမားတိုင်း သင်တန်းတက်ခွင့်ပြုသင့်ပါတယ်။ ပြန်ကြားရေးဝန်ကြီးနဲ့ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)တွေ့ဆုံဆွေးနွေးတဲ့နေ့ (၁၆-၈-၂၀၁၄)ကလည်း သတင်းမီဒီယာဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး၊ သင်တန်းပေးကြဖို့ ရှေ့လုပ်ငန်းစဉ်တွေကိုပါ သဘောတူ ချမှတ်ခဲ့ပြီးသားဖြစ်ပါတယ်။ ဥပဒေသိလေ လုပ်ငန်းအောင်မြင်လေပါပဲ။

(၁) သတင်းမီဒီယာဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးပါပြီ။ သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်ပြီးပါပြီ။ ၁၄-၃-၂၀၁၄ ရက်စွဲနဲ့ပါ။ သတင်းစာများမှာ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

(၂) ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကိုလည်း ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးပါပြီ။ သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့တာပါ။ ၁၄-၃-၂၀၁၄ ရက်စွဲနဲ့ပါပဲ။ သတင်းစာမှာ ပါပါတယ်။

(၃) ဥပဒေနှစ်ရပ်စလုံး သတင်းသမားများအတွက် အရေးကြီးပါတယ်။ လက်စွဲဆောင်ထားပြီး ဥပဒေလိုက်နာမှု ဂရုပြုသင့်ပါတယ်။ နည်းဥပဒေတွေ မကြာမီပေါ်ထွက်လာပါမယ်။ သတင်းသမားများရဲ့ ဆန္ဒနဲ့အညီ ဖြစ်စေပါမယ်။ ညှိနှိုင်းဆောင်ရွက်ဆဲပါ။

(၄) ဒီဥပဒေတွေဟာ မရေးခင် သတင်းမီဒီယာသမား အတော်များများနဲ့ ဆန္ဒယူ၊ ညှိနှိုင်းဆွေးနွေးပြီးမှ ရေးခဲ့ကြတာပါ။ ပြည်နယ်၊ တိုင်းဒေသကြီးအနှံ့ အဖွဲ့ပေါင်းစုံနဲ့ တွေ့၊ မေး၊ ပြည်ပ ပညာရှင်တွေရဲ့ အကြံဉာဏ်တွေပါ ခေတ်မီတိုးတက်အောင် ကြံဆောင်ပြုစုခဲ့ကြတာပါ။ မီဒီယာသမားများ သိပါတယ်။

(၅) သတင်းထောက်များ (ယခုဆိုရင် သတင်းမီဒီယာသမားများဟု ခေါ်ဝေါ်နေကြပါပြီ)ရဲ့ ရှေ့လုပ်ငန်းစဉ်တွေ အများကြီးအတွက် လက်တွဲဆောင်ရွက်ကြပါစို့။ ညှိနှိုင်းဆွေးနွေးကြပါစို့။

(၆) ပြန်ကြားရေး၊ သတင်းမီဒီယာများနှင့် ဆက်နွယ်နေသော ဥပဒေများအကြောင်း ဆက်လက်ဆွေးနွေးကြပါဦးမယ်။ (နောက်တစ်ပတ်ကျမှ ပြန်ဆုံကြမယ်ဟု အသီးသီးနှုတ်ဆက်ကာ သတင်းထောက်များပြန်သွားကြပါသည်)။ ။



**ပြည်တွင်းရေးရာ**

# အမရပူရမြို့မှ ကြေးပိဿာချိန် ၁၅၀၀၀ ရှိ သမိုင်းဝင်ခေါင်းလောင်းကြီးအား နိုင်ငံတကာခရီးသွားများ စိတ်ဝင်တစားလေ့လာ

**အမရပူရ အောက်တိုဘာ ၂၆**

ခေတ်တိုင်းတွင် ယဉ်ကျေးမှုရှိနေသည်။ ခေတ်တိုင်းတွင် ပြုလုပ်ပြောဆိုခဲ့သောအရာများနှင့် ပြုလုပ်ခဲ့သော အနုပညာလက်ရာများစွာသည် ထိုခေတ်၏ သမိုင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် ရှေးဟောင်းလက်ရာသမိုင်းအမွေအနှစ်များနှင့် သဘာဝအလှအပများကို လေ့လာလေ့ရှိကြသည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့လာချင်အောင်ဆွဲဆောင်နိုင်သည့် သဘာဝအရင်းအမြစ်အလှအပ၊ ဓလေ့ယဉ်ကျေးမှုများစွာရှိနေသည်။

မန္တလေးမြို့သို့လာရောက်လည်ပတ်သော ဧည့်သည်များသည် သာသနိကအဆောက်အအုံများနှင့် ရှေးခေတ်ဘိုးဘေးဘီဘင်တို့၏ ကောင်းမှုမှတ်တမ်းကျောက်စာများ၊ ခေါင်းလောင်းစာများ၊ ခေါင်းလောင်းများကို အထူးစိတ်ဝင်စားကြပြီး ဆိုင်ကယ်တက္ကစီများဖြင့် လာရောက်လေ့လာကြသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေးမြို့တောင်ဘက်ကပ်လျက်ရှိသော ရှေးခေတ်မင်းနေပြည်တော် အမရပူရမြို့ရှိ သမိုင်းဝင်ပစ္စည်းများ၊ အနုပညာပစ္စည်းများ၊ အနုပညာမြောက်လက်ရာများနှင့် ကမ္ဘာကျော်သစ်သားတံတားဖြစ်သည့် ဦးပိန်တံတားကိုလည်း နှစ်သက်သဘောကျကြသည်။

အမရပူရနန်းတော်ဟောင်းနေရာ၏ အနောက်တောင်ယွန်းယွန်းနေရာတွင် ဘကြီးတော်ဘုရားတည်ထားကိုးကွယ်ခဲ့သော မဟာဝိဇယရံသီပုထိုးတော်ကြီးဘုရားဝင်းအတွင်း မဟာရံတံတိုင်း၏ အရှေ့မြောက်ထောင့်နေရာတွင် စေတီတော်ကြီးသမိုင်းရေးထိုးထားသော ကြေးပိဿာချိန် ၁၅၀၀၀ ရှိသည့် ခေါင်းလောင်းကြီးရှိသည်။ ခေါင်းလောင်းကြီးကို "မဟာမေရုမကုဋ္ဌယဏ္ဍာရာဇာ"ဟု ခေါ်သည်။**(ယာပုံ)**



ခေါင်းလောင်းကြီးသည် မဟာဝိဇယရံသီပုထိုးတော်ကြီး၏သမိုင်းကိုရေးထိုးထားသော သမိုင်းဝင်အဖိုးတန်အမွေအနှစ်ပင်ဖြစ်သည်။ ထိုအဖိုးတန်အနုပညာလက်ရာကို နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ စိတ်ဝင်တစား လေ့လာကြသည်။ မြန်မာတို့၏ အဖိုးတန်အနုပညာလက်ရာများကို နိုင်ငံတကာမှ ခရီးသွားဧည့်သည်များလေ့လာနိုင်စေရန် ဧည့်လမ်းညွှန်များကလည်း ကူညီလျက်ရှိသည်။ ယခုအခါတွင် အမရပူရမြို့မှ နှစ်ပေါင်း ၁၉၀ ကျော် သက်တမ်းရှိ ကြေးပိဿာချိန် ၁၅၀၀၀ ရှိသော သမိုင်းဝင်ခေါင်းလောင်းကြီးအား နိုင်ငံတကာခရီးသွားဧည့်သည်များ နေ့စဉ်လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

**(တိမ်တမန်)**



# အင်းတော်မြို့နယ်အတွင်း ကျောင်းဆောင်သစ်များဆောက်လုပ်

**အင်းတော် အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း အလက၊ မူလွန်၊ အမကကျောင်းဆောင်သစ် လေးကျောင်းကို နိုင်ငံတော်မှချပေးသောရန်ပုံငွေများဖြင့် တည်ဆောက်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။**(အပေါ်ပုံ)**

အင်းတော်မြို့နယ်အတွင်း ကျောင်းဆောင်သစ်များ အမှန်တကယ်လိုအပ်လျက်ရှိသော အလက(ရေတွင်းကုန်း)၊ မူလွန်(ဆည်ရွာ)၊ အမက(နားခါ)နှင့် အမက(ညောင်ပင်ဆိပ်)ကျောင်းများတွင် စက်တင်ဘာလမှစတင်၍ တည်ဆောက်နေခြင်းဖြစ်သည်။

အလက(ရေတွင်းကုန်း)ကျောင်းမှာ အလျားပေ ၁၅၀× အနံ ပေ ၃၀ နှစ်ထပ်အုတ်ညှပ်သွပ်မိုးဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ် ၆၄၈ သိန်းချပေးပြီး ခန့်မှန်းကုန်ကျငွေကျပ် ၇၆၇ သိန်းဖြစ်ကြောင်း၊ မူလွန်(ဆည်ရွာ)ကျောင်းမှာ အလျားပေ ၁၅၀× အနံပေ ၃၀ နှစ်ထပ်အုတ်ညှပ်သွပ်မိုးဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ် ၄၈၆ သိန်းချပေးပြီး ခန့်မှန်းကုန်ကျငွေကျပ် ၇၆၇ သိန်းဖြစ်ကြောင်း၊ အမက(နားခါ)ကျောင်းမှာ အလျားပေ ၉၀ × အနံ ပေ ၃၀ နှစ်ထပ်အုတ်ညှပ်သွပ်မိုးဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ် ၃၂၄ သိန်းချပေးပြီး ခန့်မှန်းကုန်ကျငွေကျပ် သိန်း ၄၄၀ ဖြစ်ကြောင်း၊ အမက(ညောင်ပင်ဆိပ်)ကျောင်းမှာ အလျားပေ ၁၂၀ × အနံ ပေ ၃၀ မုခ်နှစ်ဖက်ပါ နှစ်ထပ်အုတ်ညှပ်သွပ်မိုးဖြစ်ပြီး နိုင်ငံတော်မှ ငွေကျပ် ၃၂၄ သိန်းချပေးပြီး ခန့်မှန်းကုန်ကျငွေမှာ ငွေကျပ် သိန်း ၆၈၀ ဖြစ်သည်။ လိုအပ်ငွေများကို ကျောင်းအကျိုးတော်ဆောင်ကော်မတီများနှင့် အလှူရှင်များက စိုက်ထုတ်အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်လွင်က ပြောကြားသည်။

အဆိုပါ ကျောင်းလေးကျောင်းမှာ ၂၀၁၄ ဘဏ္ဍာရေးနှစ်မကုန်မီ အပြီးတည်ဆောက်ရမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရန် ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီများကလည်း ကြိုးစားဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**(မောင်ချစ်လင်း)**

# မြတ်စေတနာမြွေဆိပ်ဖြေဆေး ထောက်ပံ့ရေးအဖွဲ့ မြွေဆိပ်ဖြေဆေးများ အခမဲ့လှူဒါန်း

**သာစည် အောက်တိုဘာ ၂၆**

မြွေကိုက်၍ အသက်ဆုံးရှုံးမှုမရှိစေရ ဟူသောရည်ရွယ်ချက်ဖြင့် သာစည်မြို့နယ်မှ စေတနာရှင်များနှင့် တာဝန်ရှိသူများပူးပေါင်း၍ မြတ်စေတနာ မြွေဆိပ်ဖြေဆေး ထောက်ပံ့မှုနှင့် လူမှုကူညီရေးအသင်းကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

စတင်ဖွဲ့စည်းခဲ့သည့်နှစ်မှ ယခုနှစ် အောက်တိုဘာ ၁၅ ရက်အထိ မြတ်စေတနာမြွေဆိပ်ဖြေဆေးထောက်ပံ့မှုနှင့် လူမှုကူညီရေးအသင်းက မြွေကိုက်ခံရသောလူနာပေါင်း ၁၆၈ ဦး၊ ခိုင်းနွားလေးကောင်နှင့် အိမ်မွေးခွေးတစ်ကောင်တို့၏အသက်ကို မြွေဆိပ်ဖြေဆေးအလုံးပေါင်း ၉၂၀ အခမဲ့လှူဒါန်းပေးနိုင်ခြင်းဖြင့် အသက်ကယ်နိုင်ခဲ့သည်။

မြတ်စေတနာ မြွေဆိပ်ဖြေဆေး ထောက်ပံ့မှုအဖွဲ့အနေဖြင့် မြွေကိုက်ခံရသောလူနာမှန်သမျှ လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီး၏ ထောက်ခံချက်ဖြင့် ငွေကြေးလုံးဝမယူဘဲ အခမဲ့ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ သာစည်မြို့နယ်တွင် မြွေကိုက်ခံရသူအများစုမှာ ကျေးလက်နေတောင်သူများဖြစ်ပြီး စပါးရိတ်သိမ်းချိန်တွင် အများဆုံးအကိုက်ခံကြရသည်ဟု သိရပြီး အကိုက်များသော မြွေမှာ မြွေပွေးနှင့် မြွေဟောက်များဖြစ်ကြောင်း သိရသည်။

သာစည်မြို့နယ်ရှိ မြတ်စေတနာ မြွေဆိပ်ဖြေဆေးထောက်ပံ့ရေးအဖွဲ့သို့ ရပ်ဝေးရပ်နီးမှ ကုသိုလ်ရှင်များအနေဖြင့် မြွေဆိပ်ဖြေဆေးလှူဒါန်းလိုပါက ဖုန်း ၀၉-၂၂၂၅၇၇၇၊ ၀၉-၄၀၁၆၀၄၅၀၄၊ ၀၉-၂၀၁၇၇၂၀ သို့ ဆက်သွယ်၍ M.P.F မြွေဆိပ်ဖြေဆေး တစ်လုံးလျှင် ငွေကျပ် ၄၀၀၀၀ ဖြင့်လည်းကောင်း၊ အိန္ဒိယမြွေဆိပ်ဖြေဆေးတစ်လုံးလျှင် ငွေကျပ် ၁၆၀၀၀ ဖြင့်လည်းကောင်းဝယ်ယူ၍ ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၇-၁၀-၂၀၁၄ (တနင်္လာနေ့)**

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ ရတနသုတ် |
| ၅း၄၀ | "စိတ်၏ ကိုယ်ရံတော်" တရားတော် (အရှင်ပညာဒီပ ဟသ်ာတဆရာတော်) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ ဒဏ္ဍာရီ" (အပိုင်း-၃၃) |
| ၈း၄၀ | ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၀း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၁း၀၅ | သွားမယ်စားမယ်(The Prome) |
| ၂း၀၀ | MRTV-4သတင်း |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love(Book-2) "အချစ်သင်္ကေတ" (အပိုင်း-၃၁) |
| ၂း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့ နှလုံးသား" (အပိုင်း-၂) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာနန်းတော်" (ဇာတ်သိမ်းပိုင်း) |

# လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး အကာအကွယ်ပစ္စည်းများတပ်ဆင်

**ထန်းတပင် အောက်တိုဘာ ၂၆**

ထန်းတပင်မြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် လူစည်ကားရာနေရာများဖြစ်သော ကံ့ကော်လမ်း၊ ဦးစံအေးလမ်းနှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက် ၄၀၀ ဗို့လိုင်းများတွင် လျှပ်စစ်ဓာတ်အားလိုင်းကြိုးပြတ်တောက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် အကာအကွယ်ပစ္စည်း (Likin Rope) များတပ်ဆင်ခြင်းကို အောက်တိုဘာ ၁၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ထူးနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ Likin Rope များသည် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ်(ဓာတ်/ဖြန့်)မှ စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါပစ္စည်းများတပ်ဆင်ခြင်းအတွက် ဓာတ်ကြိုးများအကြောင်းအမျိုးမျိုးကြောင့် ပြတ်ကျပါက လူ၊ တိရစ္ဆာန်များပေါ်သို့ ကျရောက်ခြင်းမရှိနိုင်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ရှင်းလင်းပြောကြားခဲ့သည်။

**(အိသင်းထိုက်-iprd)**

**လျှပ်စစ်သုံးလျှင်**
**သတိယှဉ်**
**ဝန်အားမများ**
**မသုံးရ**



## ပြည်တွင်းရေးရာ

# ဂျော်ဒန်နိုင်ငံသို့ မြန်မာအလုပ်သမားများ စေလွှတ်ခွင့်မပြု၊ စေလွှတ်သူများကို အရေးယူထား

**ရန်ကုန် အောက်တိုဘာ ၂၆**

ပြည်ပအလုပ်အကိုင်ရှာဖွေရေးလိုင်စင်မရှိဘဲ ဂျော်ဒန်နိုင်ငံသို့ အလုပ်သမားစေလွှတ်ရန်စီစဉ်ဆောင်ရွက်သူ ဒေါ်သင်းသင်းမိုးပါ သုံးဦးတို့အား အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က မင်္ဂလာဒုံမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၅ ရက်တွင် ဂျော်ဒန်နိုင်ငံသို့ တရားမဝင်စေလွှတ်မည့် မြန်မာအလုပ်သမားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရောက်ရှိနေကြောင်းသတင်းအရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်း ရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)တို့ ပူးပေါင်းအဖွဲ့မှ စိစစ်ဆောင်ရွက်ခဲ့သည်။

စိစစ်ချက်များအရ ထိုနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာမည့် ကာတာလေကြောင်းခရီးစဉ်အမှတ် QR-919 ဖြင့်လိုက်ပါမည့် မြန်မာအလုပ်သမား ကျားတစ်ဦး၊ မ ၁၇ ဦးတို့အား နဒီရှင်းလဲ့ဝန်ဆောင်မှု အေဂျင်စီမှ ဒေါ်သင်းသင်းမိုး(၄၈)နှစ် ရွှေပြည်သာမြို့နယ်၊ ပွဲစားများဖြစ်သည့် ဒေါ်စန္ဒာခိုင်(၂၇)နှစ် အမရပူရမြို့နယ်နှင့် ကိုအေးထွန်း(၄၅)နှစ် အင်းစိန်မြို့နယ်တို့ သုံးဦးက ဂျော်ဒန်နိုင်ငံရှိ Vega Textile အထည်ချုပ် စက်ရုံတွင် တစ်လလုပ်ခ စရိတ်ငြိမ်း အမေရိကန်ဒေါ်လာ ၁၅၅ ဒေါ်လာဖြင့် အလုပ်လုပ်ကိုင်ရန် ပို့ဆောင်မည်ဖြစ်ကြောင်း၊ ပို့ဆောင်ပေးမည့်နဒီရှင်းလဲ့ ဝန်ဆောင်မှုအေဂျင်စီမှ ဒေါ်သင်းသင်းမိုးနှင့် ဂျော်ဒန်နိုင်ငံရှိ Vega Textile အထည်ချုပ်စက်ရုံတို့သည် Online ဖြင့် ဆက်သွယ်ခဲ့ပြီး ဂျော်ဒန်နိုင်ငံဘက်မှ လေယာဉ်လက်မှတ်နှင့် Work Permit တို့ ပို့ဆောင်ပေးပြီး လေယာဉ်လက်မှတ်ဖိုးဒေါ်လာ ၈၀၀ နှင့်ဗီဇာအတွက် ဒေါ်လာ ၅၅၀ အကုန်အကျခံပေးခြင်းဖြစ်ကြောင်း၊ ပွဲစားဒေါ်စန္ဒာခိုင်နှင့် ကိုအေးထွန်းတို့မှာ သွားရောက်လုပ်ကိုင်မည့်သူများကို ဝန်ဆောင်ခ အသီးသီးရယူ၍ စုဆောင်းပြီး ဒေါ်သင်းသင်းမိုးထံ ပို့ပေးခြင်းဖြစ်ကြောင်း၊ ဒေါ်သင်းသင်းမိုး၏ နဒီရှင်းလဲ့ဝန်ဆောင်မှုအေဂျင်စီမှာ ဝန်ဆောင်မှုအေဂျင်စီသာဖြစ်ပြီး ပြည်ပအလုပ်အကိုင်ရှာဖွေရေးလိုင်စင်မရှိဘဲ အလုပ်သမားများပို့ဆောင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့မှ စိစစ်ဆောင်ရွက်နေစဉ် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးထင်အောင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်တို့ ရောက်ရှိလာပြီး မြန်မာအလုပ်သမား ၁၈ ဦးအား တွေ့ဆုံ၍ ဂျော်ဒန်နိုင်ငံသို့ မြန်မာအလုပ်သမားများစေလွှတ်ရန် ခွင့်ပြုထားခြင်းမရှိကြောင်း၊ ဂျော်ဒန်နိုင်ငံတွင် မြန်မာသံရုံးနှင့် အလုပ်သမားသံအရာရှိမရှိသဖြင့် Work Permit အရ အလုပ်သမားများသည် သုံးနှစ်ပြည့်မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ရာ ယခုကဲ့သို့ သွားရောက်ပါက ကာလရှည်အတွင်း ဂျော်ဒန်နိုင်ငံ၌ အလုပ်ရှင်အလုပ်သမားပြဿနာများ၊ နေထိုင်မှုအခက်အခဲများ၊ လုပ်ခလစာပြဿနာများ ကြုံတွေ့နိုင်ပြီး အလုပ်သမားများ၏ ဘဝလုံခြုံစိတ်ချရမှုမရှိခြင်းတို့ကြောင့် မြန်မာအလုပ်သမားများကို သွားရောက်ရန် ခွင့်မပြုရခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသို့ တရားဝင်အလုပ်သမားအဖြစ် သွားရောက်ခွင့်ရှိ၍ မိဘ/အုပ်ထိန်းသူများ၏ သဘောဆန္ဒအလျောက် အလုပ်အကိုင်ရရှိရန် ဝန်ဆောင်ခပေးရန် မလိုဘဲ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လတ်တလော မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များ ရုံး၌ ထိုင်းနိုင်ငံသို့ interview လုပ်ကိုင်နိုင်ရေး ခေတ္တတည်းခိုနေထိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံကူးလက်မှတ်များကိုလည်း ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ပေးမည်ဟု ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



ဂျော်ဒန်နိုင်ငံသို့ သွားရောက်မည့် မြန်မာအလုပ်သမား ၁၈ ဦးအား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင် တွေ့ဆုံရှင်းလင်းပြောကြားစဉ်။

**မင်းနိုင်(လူကုန်တား)**

# သာကေတ ရှုခင်းသာ၌ ကြယ်သုံးပွင့်အဆင့်ရှိ ဟိုတယ်ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၂၆**

မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော စီးပွားရေးမူဝါဒများကြောင့် နိုင်ငံတကာမှ လုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလာကြသည်။ နိုင်ငံအတွင်းသို့ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာသည့်အတွက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပြီး ဟိုတယ်လုပ်ငန်းသည်လည်း အဓိက အခန်းကဏ္ဍမှ ပါဝင်လာသည်။

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရှုခင်းသာရပ်ကွက်၌ ယနေ့ အသစ်ဖွင့်လှစ်လိုက်သည့် UPTOWN Hotel သည် မလေးရှားနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များမှ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သော ဟိုတယ်ဖြစ်ကြောင်း သိရသည်။

UPTOWN Hotel မှ မန်နေဂျင်းဒါရိုက်တာ Mr. Jaffery Lee Ban Seng က“ မလေးရှားနိုင်ငံမှာလည်း UPTOWN Hotel ရှိတယ် ဒါ့ကြောင့် UPTOWN Hotel လို့ နာမည်ပေးတာပါ။ မြန်မာနိုင်ငံမှာ ပထမဆုံး ဟိုတယ်လုပ်ငန်း စလုပ်ဖြစ်တာပါ။ ဒီနေရာလေးကိုလည်း သဘောတွေ့ကြတယ်။ အရှေ့မှာRiverView ရှိတဲ့အတွက် နိုင်ငံခြားခရီးသွား ဧည့်သည်တွေကြိုက်မယ်ထင်ပါတယ်။ တခြားနေရာတွေမှာလည်း ဟိုတယ်လုပ်ငန်းတိုးချဲ့လုပ်ကိုင်ဖို့ အစီအစဉ်ရှိပါတယ်” ဟုပြောသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မြန်မာနိုင်ငံ သို့ဝင်ရောက်လာသည့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ၏ လုံခြုံရေးကိုလည်း အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်းက“ နိုင်ငံက အခုမှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာတာ၊ ဟိုတယ်တွေမှာ လုံခြုံရေးကို ချမှတ်ထားတဲ့ စည်းကမ်းအတိုင်းဆောင်ရွက်စေချင်တယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှလည်း Tourism Police ဆိုပြီး ဖွဲ့ထားပြီးဖြစ်ပါတယ်။ နိုင်ငံခြားသားခရီးသည်တွေ စိတ်ချလက်ချ သွားလာနိုင်အောင် ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဟိုတယ်တွေအနေနဲ့လည်း လူလုံခြုံရေး၊ ပစ္စည်းလုံခြုံရေး ဒါကိုတော့ ဂရုတစိုက် ဆောင်ရွက်စေချင်တယ်။ လုံခြုံရေးအထောက်အကူပြုပစ္စည်းတွေကိုလည်း တပ်ဆင်ပြီး အသုံးပြုစေချင်တယ်”ဟု ပြောသည်။

၂၀၁၂-၂၀၁၃ ခုနှစ်များတွင် မြန်မာနိုင်ငံ၌ ဟိုတယ်အလုံးရေနှင့် အခန်းအရေအတွက် နည်းပါးသည့်အတွက်ခရီးသွားလုပ်ငန်းတွင်ဂယက်ရိုက်ခဲ့သည့်အတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအနေဖြင့် ဟိုတယ်များ တည်ဆောက်ရေးကို တွန်းအားပေးဆောင်ရွက်နေပြီး သတ်မှတ်ထားသည့်နေရာများတွင် တည်ဆောက်ရန်လမ်းညွှန်ထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ရွှေက ပြောသည်။

နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံ ဖွင့်လှစ်ခြင်းဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုများ ရရှိလာမည်ဖြစ်သည်။

ယခု အသစ်ဖွင့်လှစ်လိုက်သည့် UPTOWN Hotel သည် မလေးရှားကုမ္ပဏီမှ အနှစ် ၂၀ ငှားရမ်းလုပ်ဆောင်ခြင်းဖြစ်ပြီး အခန်းပေါင်း ၉၀ ခန်းရှိကာ ကြယ်သုံးပွင့် (3 Star) အဆင့်ရှိ ဟိုတယ်ဖြစ်ပြီး သာကေတမြို့နယ်တွင် အကြီးဆုံး ဟိုတယ်ကြီးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဟိုတယ်ပေါင်း ၁၀၇၃ ရှိပြီး ဟိုတယ်အခန်းပေါင်း ၄၁၈၆၈ရှိကာ ရန်ကုန်တိုင်းဒေသကြီးတွင် ဟိုတယ် ၂၇၈ လုံးနှင့် အခန်းပေါင်း ၁၂၇၆၇ ခန်းရှိကြောင်း သိရသည်။




သတင်း -သီသီမင်း
ဓာတ်ပုံ -ခင်မောင်ဝင်း

## တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၆

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

## ဥတုရာသီ တောကိုမိုရှ်

❁ **ရွှေဖုံးမှ**

Tigerair လေကြောင်းလိုင်းမှ Com-mericial Director Mr.Robert Yang က ပြောသည်။

ရွှေမြန်မာလေကြောင်းလိုင်းသည် ၂၀၁၃ ခုနှစ် ဧပြီလဆန်းမှ စတင်ကာ ပြည်တွင်းပြည်ပ လေကြောင်းလိုင်းကို ခေတ်နှင့်အညီ ပြေးဆွဲပျံသန်းပေးလျက်ရှိကြောင်း၊ မကြာမီကာလအတွင်းတွင်လည်း ရွှေမြန်မာလေကြောင်းလိုင်းအနေဖြင့် လေကြောင်းလိုင်းသစ်များ ထပ်မံတိုးချဲ့ပျံသန်းသွားမည်ဖြစ်ကြောင်း၊ ရွှေမြန်မာလေကြောင်းလိုင်းအနေဖြင့် Tigerair လေကြောင်းလိုင်းနှင့် Codeshare သဘောမျိုး ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည့် ရန်ကုန်-စင်ကာပူလေကြောင်းလိုင်းသစ် မိတ်ဆက်ပွဲအခမ်းအနားတွင် ရွှေမြန်မာလေကြောင်းလိုင်းမှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ကြီးက ပြောသည်။

အဆိုပါ စင်ကာပူ-ရန်ကုန်-စင်ကာပူ လေကြောင်းလိုင်းခရီးစဉ်ကို စင်ကာပူမှ ရန်ကုန်သို့လည်းကောင်း၊ ရန်ကုန်မှစင်ကာပူသို့လည်းကောင်း တစ်ရက်လျှင် တစ်ကြိမ်ဖြင့် နေ့စဉ်တိုက်ရိုက်ပြေးဆွဲပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

**ဌေးအောင်(ကြေးမုံ)**

## ပြည်တွင်းရေးရာ

# မမြတ်လေးပညာရေးငွေပဒေသာပင် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

**မမြတ်လေးပညာရေးငွေပဒေသာပင် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် အလှူရှင်မိသားစုဝင်များ တက်ရောက် ကြသည်။**

အစီအစဉ်အရ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် စာရေးဆရာမကြီး မမြတ်လေး၏မြေး ဦးကျော်ဒေဝက မမြတ်လေးပညာရည်ချွန်ဆု၊ မမြတ်လေးအခြေခံအုတ်မြစ်ဆုနှင့် မမြတ်လေးအခြေခံအုတ်မြစ်(အားကစား)ဆုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနသို့ လွှတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)နှင့် ဇနီး ဒေါ်သိန်းဆိုင်(စာရေးဆရာမကြီး မမြတ်လေး)၏ မိသားစုဝင်များက ငွေကျပ်သိန်း ၃၀၊ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဦးထွန်းထွန်းဦးမိသားစုက ငွေကျပ်သိန်း ၅၀၊ Net & Rays Co.,Ltd. မှ ဒေါ်ခင်မာလာ မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဒေါ်ခင်ခင်လေး(MRTV-4) မိသားစုက ငွေကျပ် ၁၀ သိန်း အပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က လက်ခံပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၏ ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့် (ခင်ဆွေမြင့်-မြန်မာစာ)က ဂုဏ်ပြုစကားပြောကြားသည်။

**(ခင်ချိုဝင်း )**




ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) ဗိုလ်မှူးချုပ် စည်သူတင်ဖေ(ငြိမ်း)နှင့်ဇနီး ဒေါ်သိန်းဆိုင်(စာရေးဆရာမကြီး မမြတ်လေး)၏ မိသားစုဝင်များ မမြတ်လေးပညာရေး ငွေပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(ဇော်မင်းလတ်)

### ❖ ရွှေတိဂုံစေတီတော်မှ

အကူနှစ်ယောက်လိုအပ်ပါသည်။ အစ်မတို့ အစမ်းရက်လုပ်နေတဲ့အချိန်မှာ စက်မှု(၁) မှ တာဝန်ရှိသူတွေက ရက်ထည်တွေကို အနာအဆာရှိ၊ မရှိ လာရောက်စစ်ဆေးပေးတယ်။ ပြိုင်ပွဲနေ့မှာ အရေးကြီးဆုံးက ပေးထားတဲ့အချိန်မှာ ကိုက်အရှည်ဆုံးနဲ့ အနာအဆာအကင်းဆုံးအဖွဲ့က ဆုရရှိမှာပါ။ အစ်မတို့ ဆုထပ်မံရရှိခဲ့မယ်ဆိုရင်တော့ ပျော်တာပေါ့ကွယ်၊ အစ်မတို့ ရက်လုပ်လိုက်တဲ့သင်္ကန်းကြီးကို မြတ်စွာဘုရားထံမှာ ကပ်လှူခွင့်ရတဲ့အတွက် အတိုင်းမသိ ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်ရပါတယ်” ဟု ပြောကြားခဲ့သည်။

မိရိုးဖလာ ရက်ကန်းလုပ်ငန်းများမှာ ကျေးရွာများတွင် ပျောက်ကွယ်လုဆဲဆဲဖြစ်ခဲ့ပြီး ယခုတစ်ဖန် ဆန်းသစ်ကာ ပြန်လည်ခေါင်းမော့လာနိုင်ခဲ့ပါပြီ။ မြန်မာ့ယဉ်ကျေးမှု ရိုးရာဓလေ့ကို တန်ဖိုးထားနိုင်ပြီး လူငယ်တွေအနေဖြင့် မြန်မာ့ရိုးရာ ရက်ကန်းပညာအမွေအနှစ်ကို အစဉ်အလာမပျက် တန်ဖိုးထား ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပကြောင်း သိရသည်။

မသိုးသင်္ကန်းရက်လုပ် ကပ်လှူပူဇော်ပွဲကို ညအိပ်စောင့်သည့် ဘုရားဖူးများ များပြားစွာလာရောက်ခဲ့ပြီး ဗုဒ္ဓရုပ်ပွားတော်များကို လှည့်လည်ပြီးစီးသည်အထိ စောင့်ဆိုင်းဖူးမြော်ခဲ့သည်မှာ နှစ် ၃၀ တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ခင်ဇာလီ**

### ❐ ကျောဖုံးမှ

ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆီမီးပွဲစဉ်များကို အောက်တိုဘာ ၃၁ ရက်နှင့် ဗိုလ်လုပွဲကို နိုဝင်ဘာ ၂ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

BTV Cup ဘောလုံးပြိုင်ပွဲကို အသင်း ရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ဗိုလ်လိဂ်ပြိုင်ပွဲမှ အဆင့်တစ်မှ လေးအထိ လေးသင်း၊ ရှောဝတီအသင်း၊ ကိုရီးယားတက္ကသိုလ်လက်ရွေးစင်အသင်း၊ ဘရာဇီးပထမတန်းအသင်း တစ်သင်းနှင့် အာဆီယံဒေသတွင်းမှ ကလပ်အသင်း တစ်သင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ရှောဝတီအသင်းမှာ ၂၀၁၅ AFC Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အသင်းလည်းဖြစ်သည်။

**အမြန်လမ်းမကြီးအဆင့်မီအောင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြိုးပမ်းနေသလို ခရီးသွားများ၏ လုံခြုံရေး၊ ယာဉ်မတော်တဆမှု လျော့နည်းပပျောက်အောင်လည်း အမြန်လမ်းရဲတပ်ဖွဲ့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အမြန်လမ်းရဲတပ်ဖွဲ့မှူးနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**

# ဘယ်သူမပြု မိမိမှု၊ မောင်းနှင်နေစဉ် သတိပြု

**သတင်း - ကိုကိုနေ၊ နိုင်လင်းကြည်**
**ဓာတ်ပုံ - ရာမည**

“အမြန်လမ်းဆိုပေမယ့် အမြန်လမ်းတစ်ခုရဲ့ စံချိန်စံညွှန်းတွေ မမီသေးဘူး။ အဝေးပြေးလမ်းမကြီးအဆင့်ပဲ ရှိသေးတယ်။ သို့သော်ငြားလည်း ရန်ကုန်နဲ့မန္တလေးသွားဖို့ အမြန်ဆုံးနဲ့ အတိုဆုံးလမ်းဆိုတာတော့ ဖြတ်သန်းသွားတဲ့ယာဉ်တွေ တစ်နေ့တခြားပိုမိုများပြားလာတာကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့အနေနဲ့လည်း တပ်ဖွဲ့ဝင်တွေကို ယမန်နှစ်က နှစ်မိုင်ကို တစ်ယောက်နှုန်းကနေ ယခုအခါ တစ်မိုင်ကို နှစ်ယောက်နှုန်း၊ ယာဉ်တွေဆိုရင်လည်း အရင်က ၁၂ မိုင်ကို တစ်စီးနှုန်းကနေ ယခု ရှစ်မိုင်ကို တစ်စီးနှုန်း၊ ငါးမိုင်မှာ ကင်းစခန်းငယ်လေး တစ်ခုစီချထားပြီး မတော်တဆမှုတွေဖြစ်လာတဲ့အခါ တစ်နာရီမိုင် ၆၀ နှုန်းနဲ့ အခင်းဖြစ်တဲ့နေရာကို ငါးမိနစ်အတွင်း သွားနိုင်အောင် စီစဉ်ထားပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းအတွက် ရဲတပ်ဖွဲ့ဝင်တွေကို လူနာသယ်ဆောင်နည်း၊ ရှေးဦးသူနာပြုစုနည်းသင်တန်းတွေ ပို့လွှတ်သင်ကြားပေးပြီး လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ ဝန်ထမ်းများနဲ့ အမြန်လမ်းမကြီး လုံခြုံချောမွေ့စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းလျော့နည်းစေရေးဆောင်ရွက်လျက်ရှိပါတယ်” ဟု အမြန်လမ်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်းက ပြောကြားခဲ့သည်။

“လမ်းမကြီးနှင့် ယာဉ်များလုံခြုံရေးအတွက် ဆောင်ရွက်ရာမှာ ယာဉ်များ ခဲပေါက်ခံရခြင်း၊ တိရစ္ဆာန်များ၊ ဆိုင်ကယ်များနဲ့ ပတ်သက်ပြီး အရေးပေါ်ဖုန်းနံပါတ်(၁၈၈၀)ကို ချက်ချင်းဆက်သွယ်သတင်းပေးပို့ပါ။ ဒ့ါအပြင် ဖုန်းနံပါတ်-၀၉-၄၂၀၈၈၈၈၀၁ ကနေ ၀၉-၄၂၀၈၈၈၈၇၀ အထိ ဖုန်းအလုံး ၇၀ ဖွင့်ထားပါတယ်။ အဲဒီဖုန်းနံပါတ်တွေကို ချက်ချင်းဆက်သွယ်တိုင်ကြားပါ။ အဲဒါဆိုရင် ကျွန်တော်တို့ကလည်း ချက်ချင်းတုံ့ပြန်မှုတွေလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ အဲလိုမျိုး သတင်းပေးပို့တာကို ကြိုဆိုတယ်။ အမှုမှန်ပေါ်ပေါက်ဖို့ အာမခံတယ်။ ဖြစ်ခဲ့ပြီးတဲ့အမှုတွေလည်း မလွတ်ဘူး။ အားလုံးမိတယ်။ တစ်ခုတော့ရှိတယ်၊ ယာဉ်တစ်စီးက ခဲပေါက်ခံရတယ်ဆိုပြီး ၁၇ ရက်လောက်ကြာမှ လာတိုင်တယ်။ ဒီလိုမျိုး ဖြစ်စဉ်ကိုတော့ ကျွန်တော်တို့အနေနဲ့ ဘာမှလုပ်ပေးနိုင်မှာမဟုတ်ပါဘူး။ နောက်ပြီး လမ်းမကြီးပေါ် တက်ခွင့်မရှိတဲ့ ဆိုင်ကယ်၊ ထော်လာဂျီ၊ အနှေးယာဉ်တွေကို စည်းကမ်းဖောက်ဖျက်မှုနဲ့ အရေးယူထားတာ အမှုပေါင်း ၅၄၄၂ မှု ရှိပါတယ်” ဟု ရဲမှူးကြီးက ဆက်လက်ပြောကြားသည်။

အမြန်လမ်းမကြီးတစ်လျှောက် ၂၀၁၂ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၁၀၃ မှု ဖြစ်ပွားခဲ့ကာ ၅၇ ဦး သေဆုံး၍ ၁၆၈ ဦး ဒဏ်ရာရရှိခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်း ၂၅၉ မှု ဖြစ်ပွားခဲ့ကာ ၁၁၃ ဦးသေဆုံးပြီး ၆၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ယခု ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၅ ရက်အထိ ယာဉ်မတော်တဆမှုပေါင်း ၃၃၈ မှု ဖြစ်ပွားခဲ့ပြီး ၁၂၀ သေဆုံးခဲ့ကာ ၆၃၄ ဦး ဒဏ်ရာရရှိခဲ့သည်။ ကာလတူနှိုင်းယှဉ်ကြည့်မည်ဆိုပါက ၂၀၁၃ ခုနှစ်ကာလထက် ယာဉ်မတော်တဆမှု နှစ်ဆနီးပါး ပိုမိုဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။ သို့သော် ၂၀၁၂ ခုနှစ်ကာလများအတွင်းက အမြန်လမ်းအသုံးပြုသည့် ယာဉ်အစီးရေမှာ တစ်ရက်လျှင် ၅၀၀၀ ခန့်သာရှိပြီး လက်ရှိ ၂၀၁၄ ခုနှစ်အတွင်း တစ်ရက်လျှင် ယာဉ်စီးရေ ၁၂၀၀၀ ကျော် ဖြတ်သန်းလျက်ရှိသည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ ယင်းကို တွက်ဆကြည့်ခြင်းအားဖြင့် ယာဉ်မတော်တဆမှုဖြစ်စဉ်ပိုများသည်ဟု အမှတ်တမဲ့ထင်မြင်ရသော်လည်း တိုးတက်လာသည့် ယာဉ်စီးရေနှင့် နှိုင်းစာကြည့်မည်ဆိုပါက ယာဉ်မတော်တဆမှုဖြစ်စဉ်များ လျော့ကျလာသည်ကို တွေ့ရှိရသည်။



ရဲမှူးကြီးနေဝင်း
(အမြန်လမ်းရဲတပ်ဖွဲ့မှူး)

မတော်တဆမှုများ လျော့နည်းစေရန်မှာ လူ၊ ယာဉ်၊ လမ်း၊ ရာသီဥတု ဟူသော အကြောင်းလေးချက်တွင် လူကြောင့်ဖြစ်ပွားမှုဖြစ်သော (အရှိန်လွန်/အရှိန်ပြင်း) မောင်းနှင်မှုကြောင့် မတော်တဆမှုဖြစ်ပွားနှုန်းသည် အများဆုံးဖြစ်နေရာ (အရှိန်ထိန်းစနစ်) ရန်ကုန်-မန္တလေး ခရီးသွား Express ယာဉ်ကြီးများ ရပ်နားချိန်နှစ်ခါနှင့် မောင်းချိန် ၈ နာရီ ၄၅ မိနစ်သတ်မှတ်ထား၍ ၈ နာရီ ၁၅ မိနစ်ထက်စောရောက်လျှင် အရေးယူခြင်း(အရှိန်ထိန်းစနစ်-မြန်)တွင် ခရီးသည်တင်ယာဉ်များ တစ်နာရီ ၈၀ ကီလိုမီတာနှုန်းထက်ကျော်လွန်မမောင်းရန်၊ ကိုယ်ပိုင်ယာဉ်ငယ်များ ၁၀၀ ကီလိုမီတာနှုန်းထက် ပိုမမောင်းရန်နှင့် သတ်မှတ်နှုန်းထက်ပိုမောင်းလျှင် လျှို့ဝှက်နေရာအမျိုးမျိုးမှ အရှိန်တိုင်းကိရိယာဖြင့် ဖမ်းဆီးအရေးယူခြင်း၊ (အရှိန်ထိန်းစနစ်-နှေး)တွင် လမ်းမကြီးပေါ်တက်ခွင့်မရှိသည့် အရှိန်နှေးယာဉ်များဖြစ်သည့် ထော်လာဂျီ၊ ဆိုင်ကယ်၊ စက်ဘီးများကို အရေးယူခြင်းများ ပြုလုပ်လျက်ရှိသကဲ့သို့ ယာဉ်များ၏ ဥပဓိ၊ တာယာ၊ အောက်ပိုင်း၊ ယာဉ်မောင်းအခြေအနေ၊ လိုင်စင်သက်တမ်းစသည်ဖြင့် စစ်ဆေးကြပ်မတ်လျက်ရှိသည်။

“ယာဉ်မောင်းသူများဟာ လမ်းမကြီးတစ်လျှောက် ကျေးရွာတွေရှိနေတယ်။ အချိန်မရွေးဖြတ်သွားတဲ့ လူ၊ ယာဉ်၊ တိရစ္ဆာန်တွေနဲ့ တွေ့နိုင်တယ်။ ယာဉ်ကို အရှိန်လွန်မောင်းနှင်ခြင်းမပြုဘဲ သတိနဲ့ ယာဉ်ကို ကိုယ့်လက်တွင်းမှာ ထိန်းချုပ်နိုင်တဲ့အနေအထားနဲ့ မောင်းနှင်ကြ၊ စည်းကမ်းလိုက်နာကြရင် မတော်တဆမှုတွေ တစ်စတစ်စ လျော့ပါးလာပါမယ်”ဟု ရဲမှူးကြီးက မှာကြားခဲ့သည်။

အလားတူပင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်း လမ်းမကြီးကို အဆင့်မီလမ်းမကြီးအဖြစ် ဖြစ်ပေါ်လာစေရေးအတွက် တံတားများ တိုးချဲ့ခြင်း၊ ခရီးသွားလာမှု ညင်သာငြိမ့်ညောင်းစေရန်အတွက် ကတ္တရာခင်းခြင်း၊ အချိုးအကွေ့များတွင် ညအချိန် ယာဉ်မောင်းများကို အထောက်အပံ့ပြုနိုင်သော ရောင်ပြန်မီးများ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိနေသော်လည်း လိုအပ်ချက်များက ရှိနေသေးသည်။ သို့သော် မည်သည့် အခြေအနေတွင်မဆို ခရီးစဉ်တစ်ခုတွင် ယာဉ်မောင်းသည်သာ အခရာဖြစ်သည်။

“လမ်းအနေနဲ့ပြောရရင် အချိုးအကွေ့တွေမှာ ယာဉ်ကို ဟန်ချက်ညီအောင် လမ်းက ပံ့ပိုးမပေးနိုင်ဘူး။ ညအချိန်မှာ လမ်းနဲ့အချိုးအကွေ့တွေ ပြတ်ပြတ်သားသားမြင်ရမယ့် ရောင်ပြန်မီးတွေလိုနေသေးတယ်။ ရာသီဥတုအခြေအနေအရဆိုရင်လည်း မိုးရာသီမှာ ရေတင်တတ်တယ်။ အရှိန်နဲ့မောင်းနှင်နေရာက ရေထုထဲ တိုးဝင်တဲ့အခါ ယာဉ်ဟာ တစ်ဖက်ကို ဆွဲသွားတတ်တယ်။ ဆောင်းဝင်လာပြီး တောင်ကြောတစ်လျှောက် ညနေပိုင်း၊ မနက်လင်းခါနီးကနေ ရုံးတက်ချိန်အထိ မြူတွေထူထပ်စွာ ကျတတ်တယ်။ ဒါတွေကို ကျော်လွှားနိုင်ဖို့က လွယ်ပါတယ်။ 100 km မောင်းခွင့်ပြုတဲ့နေရာတွေမှာ 80 km ပဲ မောင်းမယ်။ 80 km ပေးထားတဲ့နေရာတွေမှာ 70 km နဲ့ မောင်းမယ်။ လုံးဝမြင်ကွင်းမကောင်းတော့ရင် ကားကို လမ်းဘေးလွတ်ရာချထားပြီး အခြေအနေကောင်းလာတဲ့အထိ စောင့်ရမယ်။ ကိုယ့်ကို ကျော်တက်တဲ့ယာဉ်ရှိရင်လည်း သူကျော်တက်ချိန် နည်းနည်းအရှိန်လျှော့ပေးလိုက်မယ်။ တင်းခံနေတာ၊ ယှဉ်မောင်းနေတာမျိုး မလုပ်ဘူး။ ဒီလိုလုပ်ပေးနေလျက်နဲ့ ကပ်ဆွဲတာမျိုး ကပ်ဝင်တာမျိုးလုပ်လာရင်လည်း သူ့ရဲ့ မယဉ်ကျေးမှုကို နားလည်ခွင့်လွှတ်ပေးလိုက်ရမယ်။ တစ်လကို နှစ်ကြိမ်ကနေ ငါးကြိမ်ထိ ယာဉ်အမျိုးအစားပေါင်းစုံ (အင်ဂျင်ပါဝါအမျိုးမျိုးနဲ့) မောင်းပြီး ဒီလမ်းကသွားနေရတော့ ဘယ်သူမဆင်ခြင်ခြင် ကိုယ်ကိုယ်တိုင်ဆင်ခြင်တုံတရားရှိမှသာ ဘေးအန္တရာယ်ကင်းမှာပါ” ဟု သက်လတ်အရွယ် ယာဉ်မောင်း ဦးကိုလင်းက သူ့အတွေ့အကြုံကို မျှဝေသည်။

သို့ဖြစ်ခြင်းကြောင့် ယာဉ်မောင်းများအနေဖြင့်လည်း အသိရှိရှိ၊ သတိရှိရှိမောင်းနှင်သွားလာကာ လမ်းမကြီး၏ ဂုဏ်သိက္ခာ မြင့်တက်လာအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုပါသည်။ သို့ဖြစ်သည်နှင့်အညီ မော်တော်ယာဉ်၏ ကြံ့ခိုင်မှု၊ လမ်း၏ ပကတိအခြေအနေ၊ လမ်းတစ်လျှောက်ဖြစ်ပေါ်နေသည့် ရာသီဥတုအခြေအနေ၊ အလင်းရောင်ကောင်းစွာ ရှိမှု/မရှိမှု အခြေအနေ၊ ငိုက်မျဉ်းတတ်မှု ရှိ/မရှိ အခြေအနေ၊ သတ်မှတ်လမ်းညွှန်ဆိုင်းဘုတ်များကို လိုက်နာမှု ရှိ/မရှိ အခြေအနေ၊ သတ်မှတ်မိုင်နှုန်းအပေါ် လိုက်နာမှု ရှိ/ မရှိ အခြေအနေ အစရှိသည်တို့ကို ချိန်ထိုးသုံးသပ် ဆုံးဖြတ်၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ ယာဉ်မောင်းကျင့်ဝတ်တို့နှင့်အညီ လိုက်လျောညီထွေ မောင်းနှင်မည်ဆိုပါက ယာဉ်မတော်တဆမှုဖြစ်စဉ်များမှ ရှောင်လွှဲနိုင်လိမ့်မည်ဟု ယူဆပါကြောင်း. . . . ။ ။

# ပြည်သူ့အသံ ပြည်သူ့အကြံ

**ခင်မောင်ထွေး**

ပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အကျိုးပြုနိုင်သည်။ ပန်းဆိုးတန်း-ဒလ ကူးတို့ခရီးစဉ်သည် နေ့စဉ် ခရီးသွားပြည်သူ သုံးသောင်းခန့်သွားလာလျက်ရှိသော ရန်ကုန်မြို့၏ တံခါးပေါက်တစ်ချပ်လည်းဖြစ်သည်။

သို့မို့ကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဂျပန်နိုင်ငံ **JICA** ၏အကူအညီဖြင့် ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ နာကာတာနီသင်္ဘောကျင်း၌ ချယ်ရီ-၁၊ ချယ်ရီ-၂၊ ချယ်ရီ-၃ အမည်ရှိ ကူးတို့သင်္ဘောအသစ် သုံးစင်းကို တည်ဆောက်ခဲ့ပြီး ဒလ-ပန်းဆိုးတန်းခရီးစဉ်တွင် အစားထိုးပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူးတို့သင်္ဘောအသစ်သုံးစင်းမှာ ယခု တည်ဆောက်ပြီးစီးပြီဖြစ်၍ ရေယာဉ်တင် **MV Paula** သင်္ဘောဖြင့် ဂျပန်နိုင်ငံမှ အောက်တိုဘာ ၁၉ ရက်တွင် ထွက်ခွာလာပြီဖြစ်ရာ အောက်တိုဘာ ၂၉ ရက် ဝန်းကျင်ခန့်တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သို့ဖြင့် ယခုအပတ် ပြည်သူ့အသံ ပြည်သူ့အကြံကဏ္ဍတွင် ပန်းဆိုးတန်း-ဒလကူးတို့ ရေယာဉ်ကိုအသုံးပြုပြီး နိစ္စဓူဝ ခရီးသွားလာနေကြရသည့် ပြည်သူအချို့၏ ပြည်သူ့အသံ ပြည်သူ့အကြံပြုချက်များကို ရွေးချယ်တင်ပြလိုက်ရပါသည်။

အရင်ထက်စာရင် အများကြီးတိုးတက်လာတယ်လို့ ယူဆရမှာပေါ့။ အရင်နှစ်ပေါင်း သုံး၊ လေးဆယ်တုန်းကဆိုရင် တိုးအေးသင်္ဘောလို သင်္ဘောလေးတွေနဲ့ ကျွန်တော်တို့ သွားခဲ့ဖူးတယ်။ ဒါပေမယ့် လက်ရှိကူးတို့သင်္ဘောတွေက နိုင်ငံတကာနဲ့ယှဉ်ရင်တော့ အများကြီးနိမ့်သေးတာပေါ့။ အခု သင်္ဘောအသစ်သုံးစင်းရောက်လာမယ်ဆိုတော့ ပြည်သူတွေအတွက် အများကြီး အထောက်အပံ့ဖြစ်တာပေါ့။ အခုလက်ရှိထိုင်နေရတဲ့ သစ်သားခုံတွေထက်တော့ အများကြီးသာသွားမှာပေါ့။ အဓိကကတော့ ခရီးသည်တွေအတွက် လုံခြုံရေးပါပဲ။ ခရီးသည်တင်သင်္ဘောဖြစ်တဲ့အတွက် Life boat တို့ Life Jacket တို့ရှိဖို့ အရေးကြီးတယ်။ ဒါ အဓိကပါပဲ။

**ဦးထွန်းသိန်း**
**လမ်း(၅၀)၊**
**ပုဇွန်တောင်မြို့နယ်။**

---

အခုအသစ်ရောက်မယ့် ကူးတို့သင်္ဘောတွေက အရင်ထက်အစစအရာရာသာမှာပေါ့။ ပြည်သူတွေအနေနဲ့ ဝမ်းသာစရာပါ။ ခရီးသည်တွေအနေနဲ့ စည်းကမ်းရှိဖို့တော့လိုတယ်။ အရင်လို ကွမ်းတံတွေးထွေးတာမျိုး မလုပ်ဖို့လိုတယ်။ ဈေးသည်တွေကိုလည်း ခရီးသည်တွေ အနှောင့်အယှက်မဖြစ်အောင် ကြပ်မတ်ဖို့လိုမယ်။ ပစ္စည်းကောင်းကောင်းသုံးချင်ရင် ကိုယ်ကလည်း စည်းကမ်းရှိဖို့လုပ်ရမယ်။ သွားရေးလာရေးသာမက အဆင့်အတန်းရှိရှိစီးရတော့ အရင်ထက် ပိုကောင်းတာပေါ့။

**ကိုမြင့်ဦး**
**အိုးဘိုရပ်ကွက်၊**
**တွံတေးမြို့နယ်။**

---

အရင် သင်္ဘောခ ငွေကျပ်တစ်ရာနှုန်းအတိုင်း အခုသင်္ဘောအသစ်ကိုလည်း ပြေးဆွဲပေးမယ်ဆိုတာတော့ သဘောတူတယ်ဗျာ။ ကျွန်တော်တို့က ဒလကနေ ရန်ကုန်ကို နေ့တိုင်းအသွားအပြန်သွားနေရတာလေ။ ဒီလို ကူးတို့သင်္ဘောအသစ်ကြီးကို ပြေးဆွဲပေးမယ်ဆိုတော့ ပြည်သူတွေအနေနဲ့ ဝမ်းသာတာပေါ့ဗျာ။ ပြေးဆွဲချိန်ကိုလည်း မူလအချိန်အတိုင်းပြေးဆွဲစေချင်ပါတယ်။

**ဦးတင်ထွန်း**
**တပင်ရွှေထီးရပ်ကွက်၊**
**ဒလမြို့နယ်။**

---

ကျွန်မက အစိုးရဝန်ထမ်းတစ်ဦးပါ။ တွံတေးမြို့မှာနေတော့ ရန်ကုန်ကို ဒလ-ပန်းဆိုးတန်း ကူးတို့သင်္ဘောစီးပြီး ရုံးဖွင့်ရက်တိုင်း သွားရပါတယ်။ အခုလက်ရှိ JICA က လှူဒါန်းတဲ့ ချယ်ရီအမည်ရှိ ကူးတို့သင်္ဘောအသစ်သုံးစင်း ဒီရက်ပိုင်းအတွင်းရောက်ရှိပြေးဆွဲပေးမယ်ဆိုတဲ့သတင်းကို ကြားရတော့ အလွန်ဝမ်းသာပါတယ်။

တာဝန်ရှိသူတွေက ခရီးသွားပြည်သူတွေ အဆင့်အတန်းမြင့်မြင့်နဲ့ အချိန်သက်သာအောင် စီစဉ်ပေးထားတဲ့အတွက် ခရီးသွားပြည်သူတွေအပိုင်းကလည်း အမှိုက်ပစ်တာတို့၊ ကွမ်းတံတွေးထွေးတာမျိုး၊ စည်းကမ်းမဲ့အပြုအမူမျိုးကို ရှောင်ကြဉ်ကြဖို့လိုပါတယ်။

ဈေးသည်တွေကိုလည်း သတ်မှတ်နေရာမှာပဲ ဈေးရောင်းစေချင်တယ်။ ခရီးသည်တွေ စိတ်အနှောင့်အယှက်ဖြစ်တာမျိုးကိုတော့ ကြပ်မတ်သင့်ပါတယ်။

**မသဲသဲ**
**နိုင်ငံ့ဝန်ထမ်း၊**
**တွံတေးမြို့နယ်။**

---

တစ်ယောက်တည်းစည်းကမ်းရှိလို့တော့ မရဘူး။ ကူးတို့သင်္ဘောဝန်ထမ်းက အစ ခရီးသည်အဆုံး အားလုံးစည်းကမ်းရှိဖို့လိုပါတယ်။ အသစ်ဆိုပြီး လက်တည့်မစမ်းဖို့လိုတယ်။ အခု လက်မှတ်ရုံအသစ်၊ ဆိပ်ခံဇောတံတားအသစ်တွေ မဖွင့်ရသေးတော့ သန့်ပြန့်နေတာပဲ။ ကွမ်းတံတွေး ထွေးရင် ဘယ်လိုလုပ်မလဲဆိုပြီး လူတွေပြောနေကြသေးတယ်။ ဒါကြောင့် ကွမ်းစားတဲ့လူတွေအတွက် ပုံးလေးတွေထားပေးသင့်တာပေါ့။ သင်္ဘောပေါ်မှာရော၊ စင်္ကြံလမ်းနဲ့ ဇောတံတားမှာရော ထားပေးမှဖြစ်မယ်။ နောက်ပြီး မြစ်ထဲကို အမှိုက်မပစ်ရလို့ ရေးထားပေမယ့် ပစ်တဲ့သူက ပစ်တာပဲ၊ ဒါကြောင့် အမှိုက်ပုံးပါ ထားပေးမှဖြစ်မယ်။ နောက်ပြီးပြောမကောင်းလို့၊ ခရီးသည်မှအပ သင်္ဘောပေါ် ဈေးသည်မလိုက်ရလို့ပြောပေမယ့်လည်း ဈေးသည်တွေချည်းပဲ။

**ကိုကျော်နိုင်ဦး**
**ညောင်ဝိုင်းကျေးရွာ၊**
**တွံတေးမြို့နယ်။**

---

ကျွန်မတို့က ရန်ကုန်နဲ့ ဒေးဒရဲကို မကြာမကြာသွားဖြစ်ပါတယ်။ ကျွန်မတို့က သန့်ရှင်းမှုကိုကြိုက်တော့ အခုကူးတို့သင်္ဘောအသစ်တွေလာမယ်ဆိုတော့ ပိုကြိုက်တာပေါ့၊ အဓိကကတော့ သန့်ရှင်းမှုပဲ။ အခု လက်ရှိပြေးဆွဲနေတဲ့ ဒီကူးတို့သင်္ဘောက အနံ့ဆိုးတွေ နည်းနည်းနံတယ်။ အခု စီးလာတာတောင် ကျွန်မနှာခေါင်းပိတ်ထားရတယ်။ နံလို့ပေါ့နော်။ နောက်ပြီး ရန်ကုန် ပန်းဆိုးတန်းဆိပ်ကမ်းက ခရီးသည်နားနေဆောင်မှာလည်း ထိုင်ပြီး သင်္ဘောကိုစောင့်နေရတာ တအားအနံ့နံတယ်။ တတ်နိုင်ရင် ခရီးသည်နားနေဆောင်ကိုပါပြင်ပြီး သပ်သပ်ရပ်ရပ်ဖြစ်စေချင်တယ်။ သန့်ရှင်းရေး အမြဲကောင်းနေဖို့ လိုပါတယ်။ ပြည်သူတွေအပိုင်းကလည်း စည်းကမ်းရှိဖို့ လိုတယ်ပေါ့နော်။ ဆိပ်ကမ်းအသစ်တွေ၊ သင်္ဘောအသစ်တွေကို လုပ်ပေးတဲ့သူတွေက လုပ်ပေးထားတော့ ကိုယ့်ဘက်ကလည်း ပြန်တုံ့ပြန်ဖို့လိုတယ်။ စည်းကမ်းရှိဖို့လိုတာပေါ့။

**ဒေါ်စိုးစိုးဝေ**
**(၄၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

---

ဒလ-ပန်းဆိုးတန်းကူးတို့ခရီးစဉ်ကို ကျွန်မတို့ရန်ကုန်တောင်ပိုင်းခရိုင်သာမက ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး စတဲ့ ဧရာဝတီတိုင်းက ခရီးသွားပြည်သူတွေလည်း အားပြုသွားလာနေတာဖြစ်လို့ ကူးတို့သင်္ဘောသစ် သုံးစင်းအစားထိုးပြေးဆွဲပေးမယ်ဆိုတော့ လမ်းပန်းဆက်သွယ်ရေးပိုပြီး အဆင်ပြေချောမွေ့သွားတာပေါ့။ ဒါပေမယ့် ရန်ကုန်တောင်ပိုင်းခရိုင်နဲ့ ဆက်စပ်ဒေသကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင်တော့ ရန်ကုန်-ဒလ မြစ်ကူးတံတားကြီးတစ်စင်း မဖြစ်ဖြစ်အောင်ထိုးဖို့တော့ လိုတယ်။

**မဇင်မာထက်**
**နိုင်ငံ့ဝန်ထမ်း၊**
**ကော့မှူးမြို့နယ်။**

myKyat Mobile Money " မိုဘိုင်းဖုန်းဖြင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း " အတွက်
ကိုယ်စားလှယ်အဖြစ်ပူးပေါင်းဆောင်ရွက်ရန် စီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

myKyat
your mobile money

" လုံခြုံ မြန်ဆန် ဒို့ပိုက်ဆံ "

၁။ မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် myKyat (your mobile money) မိုဘိုင်း ဖုန်းဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ စတင်တော့မည်ဖြစ်ပါသည်။

၂။ စီးပွားရေးလုပ်ငန်း ချဲ့ထွင်လိုသော လက်လီလက်ကားအရောင်းဆိုင်ရှင်များ၊ အခြား လုပ်ငန်းရှင်များ အတွက် ဆိုင်တစ်ဆိုင်ရှိရုံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်လမ်းကောင်းတစ်ခုဖြစ်ပါသည်။

၃။ စိတ်ပါဝင်စားသော လုပ်ငန်းရှင်တိုင်း ကိုယ်စားလှယ်အဖြစ်လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာရှင်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများ နှင့် အညီ စီစစ်ရွေးချယ်၍ တရားဝင် အသိအမှတ်ပြု ကိုယ်စားလှယ်အဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန် ( ရုံးချိန်အတွင်း )
တိုက်(၁၇)၊ မြေညီထပ်၊ MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၃၀၅၂၄၇၊ ၀၁ ၂၃၀၅၂၄၈၊ ၀၁ ၂၃၀၅၂၄၉။
sales@frontiertechnologypartners.com www.facebook.com/mykyat.myanmar

**ပြည်တွင်းရေးရာ**

# အင်းလေးကန်မှကြာချည်လိုအပ်ချက် မိုးယွန်းကြီးမှဖြည့်ဆည်း

**ဝေါ အောက်တိုဘာ ၂၆**

ဘုရားရှင်နှင့် ထေရ်ကြီးဝါကြီး သံဃာတော်အရှင်သူမြတ်များအား ဗုဒ္ဓဘာသာဝင်များက တန်ဖိုးထား၍ အမြတ်တနိုး လှူဒါန်းကြသော ကြာသင်္ကန်းများ ရက်လုပ်ရန်အတွက် လိုအပ်သော ကြာချည်များကို မိုးယွန်းကြီးအင်းမှထွက်ရှိသော ပဒုမ္မာကြာပင်များမှ ထုတ်လုပ်ပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အကြားရှိ မိုးယွန်းကြီးတိရစ္ဆာန်ဘေးမဲ့တောတွင် ထူးခြားသောလက္ခဏာတစ်ရပ်အဖြစ် ကြာမျိုးစုံပေါက်ရောက်ခြင်းမရှိဘဲ ပဒုမ္မာကြာတစ်မျိုးသာ ပေါက်ရောက်သည်။ လွန်ခဲ့သော ငါးနှစ်ခန့်မှစ၍ သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ရယူပြီး ကြာရိုးများ ခူးယူ၍ ကြာချည်မျှင်များထုတ်လုပ်ရာတွင် ကြာပန်းပွင့်ချိန်တွင် ကြာရိုးများကို ခူးယူခွင့်မရှိဘဲ ခရီးသွားဧည့်သည်များ သွားလာခြင်းမရှိသည့်နေရာများတွင်သာ ခူးခွင့်ပြုထားကြောင်း သိရသည်။

ကြာချည်ထုတ်လုပ်ရန်အတွက် ခူးယူစုဆောင်းထားသော ကြာရိုးများကို နှစ်ချောင်း၊ သုံးချောင်းပူး၍ လေးလက်မအရွယ် အပိုင်းလေးများအဖြစ် ဓားဖြင့်ရစ်လှီး၍ ဆန့်ထုတ်ခြင်းဖြင့် ထွက်ပေါ်လာသော ကြာမျှင်များကို လက်ဖြင့် အဆက်မပြတ်အောင် ပွတ်ကျစ်ခြင်းဖြင့် ရှည်လျားသော ကြာချည်မျှင်တစ်ချောင်း ရလာစေသည်။ ရရှိသော ကြာချည်မျှင်ကုန်ကြမ်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးကန်ဒေသမှ ကြာသင်္ကန်းရက်လုပ်သူ တိုင်းရင်းသားလုပ်ငန်းရှင်များထံသို့ တင်ပို့ရောင်းချခြင်းဖြစ်ပြီး ကြာချည်မျှင်တစ်ကျပ်သားလျှင် သုံးထောင်ကျပ်ဈေးနှုန်းဖြစ်၍ ကြာသင်္ကန်းတစ်စုံအတွက် ကြာချည်မျှင် နှစ်ပိဿာ အသုံးပြုရသည်။

ပဒုမ္မာကြာပင်များမှာ မိုးယွန်းကြီးအင်းအတွင်း ပေါများလှသော်လည်း မိုးများချိန်တွင် ခူးမရသောကြောင့် တစ်နှစ်လျှင် နှစ်လခန့် ရပ်နားထားရကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။



အင်းလေးဒေသမှထွက်ရှိသော ကြာသင်္ကန်းများကို အင်းလေးဖောင်တော်ဦးဘုရားပွဲနှင့် အခါကြီးရက်ကြီးများတွင် စေတနာရှင် အလှူရှင်များလှူဒါန်းနိုင်ရန် ထုတ်လုပ်ရောင်းချခဲ့ရာတွင် အင်းလေးကန်အတွင်း ကြာပင်များပေါက်ရောက်မှုနည်းပါးလာခြင်းကြောင့် မိုးယွန်းကြီးဘေးမဲ့တောအတွင်း ပေါက်ရောက်လျက်ရှိသည့် ပဒုမ္မာကြာမှ ထုတ်လုပ်သော ကြာချည်များကို ဝယ်ယူ၍ ကြာသင်္ကန်းရက်လုပ်နေရခြင်းဖြစ်ကြောင်း သိရသည်။

သတင်း – ကိုကိုနေ၊ ဓာတ်ပုံ – နိုင်လင်းကြည်

## လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေး သစ်ပင်သစ်ကိုင်းများ ရှင်းလင်း

**ဖြူး အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦး၏ ကြီးကြပ်စီစဉ်မှုဖြင့် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရန်ကုန်-မန္တလေးပုံမှန်ကားလမ်း ဖြူးမြို့တွင်းရှိ လျှပ်စစ်ဓာတ်အားလိုင်းများတွင် ဓာတ်အားလိုင်းကြိုးနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများကို မြို့နယ်လျှပ်စစ်ရုံးဝန်ထမ်းများက အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လျှပ်စစ်ဓာတ်အား ခေတ္တပိတ်၍ ခုတ်ထွင်ရှင်းလင်းကြကြောင်း သိရပြီး ဆက်လက်၍ မြို့ပေါ်ရပ်ကွက်များရှိ လျှပ်စစ်ဓာတ်တိုင်များမှ လိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ပင် သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

(ဖြူးမြင့်ဦး)



# မြောက်ဥက္ကလာပ၌ ယာဉ်သုံးစီးဆင့်တိုက်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဘုမ္မာလမ်းနှင့် ဧရာလမ်းကြား သုဓမ္မာလမ်းမကြီးပေါ်၌ အောက်တိုဘာ ၂၅ ရက် ညနေ ၃နာရီခန့်တွင် ယာဉ်သုံးစီးဆင့်တိုက်မိရာ နာရေးပို့ဆောင်ပြီး ပြန်လာသည့်ယာဉ်ပေါ်မှ လိုက်ပါပို့ဆောင်သော အမျိုးသားတစ်ဦး၏ဦးခေါင်းတွင် ဒဏ်ရာရရှိသဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ တင်ပို့ခဲ့ရသည်။

ဖြစ်စဉ်မှာ ရေဝေးသုသာန်မှ အသုဘပို့ပြီးပြန်လာသော ဟီးနိုးယာဉ်အမှတ် ဆ/--- သည် ခြောက်ကွေ့မှ ကန်သာယာဘက်သို့မောင်းနှင်လာစဉ် ကန်သာယာမီးပွိုင့်ဘက်မှ ခြောက်ကွေ့ဘက်သို့ မောင်းနှင်လာသော လော်လီယာဉ်အမှတ် 2C/--- နှင့် တိုက်မိပြီး လော်လီယာဉ်နောက်မှ မောင်းနှင်လာသည့် ယာဉ်ငယ်တစ်စီးပါ ဆင့်တိုက်မိခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် လော်လီကုန်တင်ယာဉ်နှင့် ဟီးနိုးယာဉ်နှစ်စီးလုံး လေကာမှန်များကွဲပြီး ဝဲဘက်ခြမ်း ဦးခေါင်းပိုင်း ကြေမွပျက်စီးသွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရန် မြောက်ဥက္ကလာပ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၄၂) ခြောက်ကွေ့မီးပွိုင့်တာဝန်ကျအဖွဲ့၊ ကန်သာယာလမ်းဆုံ မီးပွိုင့်တာဝန်ကျ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် (ည)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးဆွေနှင့်အဖွဲ့ဝင်များက ဝိုင်းဝန်းရှင်းလင်းပေးကြသည်။ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ဝေဘာဂီရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၃၅)




NOKIA 108
PREMIUM KEYPAD PHONE
FOR MYANMAR

- Myanmar font တပါတည်းပါရှိခြင်း
- MP3 player ပါရှိခြင်း
- ကင်မရာပါရှိခြင်း
- ဘက်ထရီသက်တမ်းကြာရှည်ခြင်း
- လိုင်းဆွဲအားကောင်းခြင်း
- Dual Sim (GSM)
- Bluetooth အသုံးပြုနိုင်ခြင်း
- 1 Year Official Warranty
- Free 4GB Micro SD Card!

https://www.facebook.com/nokiamyanmar

**Nokia Showroom & Service Center**: 152A, Shwe Gone Taing Road, Bahan Township, Yangon; Ph Nos: 09 31873054 (Retail), 09 421143000 (Wholesales)
**Official Nokia Phones available at the following major shops in Myanmar: Yangon:** Jaymart, KMD, Orbit, e-city, Lugyimin, Mr Fone, Elite, Mobile mother **Pathein:** Sun Mobile, Mobile Zone **Pyay:** Wise Power, NSM, Zaw **Bago:** 342 Mobile, Junction Mobile **Myeik:** Elite **Dawei:** DCom **Pha An:** Treasure Net, Zenith, **Mawlamyine:** Mobile Zone, KMD, UOK, Shwe Phone Mon **Taungoo:** Tae Kabar, Hello, Dr G, Mobile house **Nay Pyi Daw:** 3D, KMD, e-city **Meiktila:** KMD **Mandalay:** KMD, e-city, YK, Pink **Loikaw:** Orbit **Magway:** Orbit, KMD **Lasho:** KMD **Myitkyina:** Elite **Taunggyi:** i-Angel



## ပအိုဝ်းတိုင်းရင်းသားကျေးရွာများသို့ မြတ်ဗုဒ္ဓ၏စွယ်တော်၊ဓာတ်တော်များ ပင့်ဆောင်ပူဇော်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၆**

တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့နယ်ခွဲမွေတော်ကက္ကူဆုတောင်းပြည့်ဘုရားတွင် ပူဇော်ထားရှိသော သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်ထားသည့် မြတ်ဗုဒ္ဓ၏စွယ်တော်ပွားနှင့် သရီရဓာတ်တော်များကို ဒေသခံ သံဃာတော်များ၏ ကြီးကြပ်ဩဝါဒခံယူကာ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်နာယကကြီး အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဦးအောင်ခမ်းထီ၏ ဦးဆောင်မှုဖြင့် ပအိုဝ်းတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများဖြစ်သော ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ မဲနယ်တောင်တန်း၊ လွယ်မောတောင်တန်းကြီးများပေါ်ရှိကျေးရွာများနှင့်ဟိုပုံး၊ နမ်းခုတ်၊ နောင်မွန်၊ ဘန်းယဉ်မြို့များမှ တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များ ဖူးမြော်လှူဒါန်းပူဇော်ခွင့်ရစေရန် တန်ဆောင်မုန်းလဆန်း ၁ ရက်(အောက်တိုဘာ ၂၃)ရက်မှစ၍ တန်ဆောင်မုန်းလပြည့်(နိုဝင်ဘာ ၆)ရက်ထိ ၁၅ ရက်တိုင်တိုင် ဒေသစာရီကြွချီပူဇော်ပွဲများခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိသည်။

မြတ်ဗုဒ္ဓ၏စွယ်တော်၊ ဓာတ်တော်များ ကရဝိက်ယာဉ်ရောက်ရှိရာ ကျေးရွာအသီးသီး၊ မြို့အသီးသီးတွင် ဒေသခံ တိုင်းရင်းသားပေါင်းစုံက အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ နံ့သာတိုင်များဖြင့် ပူဇော်ကြပြီး သက်ကြီးရွယ်အိုများမှာ မိမိတို့ရွာသို့ရောက်ရှိသော ဗုဒ္ဓစွယ်တော်နှင့်ဓာတ်တော်များအား အနီးကပ် ဖူးမြော်ကုသိုလ်ပွားများနိုင်၍ ဝမ်းမြောက်စွာ သာဓုခေါ် ဆိုနိုင်ကြကြောင်း သိရသည်။

**(ဝဲပုံ)**

**(သန်းဝေ-တောင်ကြီး)**

## ပုဂ္ဂလိကဆန်စက်မှ လျှပ်စစ်မီးကြိုးကြောင့် လူလေးဦး ဓာတ်လိုက်သေဆုံး

**မော်ကျွန်း အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကွဲခြံကျုံလမုကျေးရွာအုပ်စု ကွဲခြံကျုံလမုကျေးရွာတွင် အောက်တိုဘာ ၂၅ ရက် ညနေ ၆ နာရီခန့်က ကျေးရွာအတွင်း မီးပေးထားသောမီးကြိုးမှ လူလေးဦးဓာတ်လိုက်သေဆုံးကြောင်း သိရသည်။ ဖြစ်ပွားပုံမှာ ကွဲခြံကျုံလမုကျေးရွာနေ ဒေါ်အေးမူ၏နေအိမ်ရှေ့၌ မောင်မင်းထက်ကျော် (၁၁)နှစ်သည် မပန်းအိဖြိုး သုံးနှစ်အားချီ၍ နေအိမ်မှအထွက်တွင် ကျေးရွာအတွင်း ဦးဝင်းကြည်၏ သီရိရွှေစင်ဆန်စက်မှ အခကြေးငွေဖြင့် မီးပေးထားသော ဓာတ်ကြိုးအောက်အရောက်တွင် အဆိုပါ ကလေးငယ်နှစ်ဦးလဲကျသွားသည်ကို မလှသူဇာက မြင်တွေ့၍ အော်သဖြင့် မပန်းအိဖြိုး၏မိခင်ဖြစ်သူ မဝင်းသူဇာက လဲကျနေသူများအား သွားရောက်ဆွဲခဲ့ကြောင်း၊ ဆက်လက်ပြီး ဒေါ်လှမြင့်၊ ဒေါ်အေးမူနှင့် မောင်မျိုးသူရအောင်တို့ပါ ဝင်ဆွဲရာမှ အဆိုပါခြောက်ဦးစလုံး ဓာတ်လိုက်ခဲ့ကြောင်း သိရသည်။

ဓာတ်လိုက်မှုကြောင့် ဒေါ်လှမြင့်(၆၀)နှစ်၊ ဒေါ်အေးမူ (၅၀)နှစ်၊ မျိုးသူရအောင် (၂၅)နှစ်၊ မဝင်းသူဇာ (၂၈)နှစ် တို့လေးဦးသေဆုံး၍ မင်းထက်ကျော် (ယာလက် စုတ်ပြဲဒဏ်ရာ)၊ မပန်းအိဖြိုး(ဝဲဘက်လောင်ကျွမ်းဒဏ်ရာ)၊ ဖြိုးမင်း (ဝဲဘက် စုတ်ပြဲဒဏ်ရာနှင့် ယာခြေထုံကျဉ်ဒဏ်ရာ)များရရှိကာ မော်ကျွန်းခုတင် (၁၀၀)ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မြတ်သာနယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၆/၂၀၁၄ ဖြင့် အမှုဖွင့်ထားသည်။

**ဇော်လင်းဖြိုး(မော်ကျွန်း)**

## မြန်မာယူ-၁၉အသင်းမှ ကျောနံပါတ် ၁၁ အား သီပေါပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု

**သီပေါ အောက်တိုဘာ ၂၆**

ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရရန် အနိုင်ဂိုးသွင်းခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့၌ နေထိုင်သော မြန်မာ့ဂုဏ်ဆောင်ဘောလုံးအားကစားသမား မြန်မာယူ-၁၉ အသင်းမှ ကျောနံပါတ် ၁၁ သန်းပိုင်အား ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီက သီပေါမြို့အဝင်မုခ်ဦး၌ ပန်းစည်းများကမ်းလှမ်း၍ သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ကြိုဆိုဂုဏ်ပြုပွဲတွင် သီပေါမြို့နယ်အားကစားနှင့်ကာယပညာ ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးတင့်ဇော်၊ မြို့နယ်အား/ကာဦးစီးအရာရှိဒေါ်သန်းရွှေမာနှင့်အားကစားဝါသနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အမျိုးသားရေးစိတ်ဓာတ်ဖြင့် မြန်မာ့ဂုဏ်ဆောင်ဘောလုံးသမားသန်းပိုင်အား နွေးထွေးစွာ ဂုဏ်ပြုကြိုဆိုကြသည်။




"ကျွန်တော်တို့က အခုလိုဂုဏ်ပြုပြီး ဝမ်းပန်းတသာကြိုဆိုခြင်းဟာ သီပေါမြို့သားတစ်ယောက်အနေနဲ့ ကြိုဆိုခြင်း မဟုတ်ပါဘူး။ မြန်မာနိုင်ငံရဲ့ မြန်မာ့ဂုဏ်ဆောင် ဘောလုံးအားကစားသမားတစ်ယောက်အနေနဲ့ ရင်ထဲနှလုံးသားထဲကပါ လှိုက်လှိုက်လှဲလှဲကြိုဆိုခြင်းဖြစ်ပါတယ်"ဟု မြို့လယ်ရပ်မှ ဘောလုံးသမားကြီးမြို့မိမြို့ဖ ဦးဘိုနီက ပြောသည်။

နိုင်ငံကိုယ်စားပြုဘောလုံးသမား သန်းပိုင်အား ဒေသခံများကလှိုက်လှိုက်လှဲလှဲကြိုဆိုကြပြီး မြို့ပေါ်မှ ၁၁ ရပ်ကွက် ပြည်သူများကလည်း ဂုဏ်ပြုပွဲများ ဆက်လက်ကျင်းပကြမည်ဖြစ်ကြောင်းသိရသည်။

**(စိုင်း-သီပေါ)**

အာဝေဇ အမှတ်တံဆိပ်
ဟေ...ဟေလွန်းရင် အာဝေဇ
အမောလို့ နှလုံးအားတိုးဆေး
ကိုသုံးပါကွယ်...
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-000930 (1016)
ပင်ရင်း - အာဝေဇတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့။ ဖုန်း ၀၄၂-၂၄၄၃၂

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

ရွှေပြည့် တားမျိုးစုံစီးလုံးငှားသည်
ကျိုက်ထီးရိုး(ဦးစီး)- ၃၅၀၀၀
ချောင်းသာ(ဦးစီး)- ၄၀၀၀၀
ငွေဆောင်(ဦးစီး)- ၅၀၀၀၀
6+1 FREE
0931815390,0931815395

HIGHWAY STAR Travels & Tours Co.Ltd
Scania, Yutong, Kinglong, Man
facebook https//www.facebook.com/highwaystar
09-253235411, 09-253235422, 09-253241300, 09-250277537

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

မျိုး 380164
09 5017088
09250640699

ပန်းဧကရီ
09-73098523,09-49327409,09-254268089
(Group Package များကို အထူးစီစဉ်ပေးသည်။)

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျှတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Galaxy Software Services Co., Ltd
Contact Us ...
YGN 09-73138079, 09-254151516
09-43064181
MDY 09-31406813, 09-91050973
Website : www.galaxy.com.mm



## ပြည်တွင်းရေးရာ

# စုလျားရစ်ပတ်မော်ကွန်းတင်မင်္ဂလာကျေးဇူးတင်လွှာ

၂၅-၁၀-၂၀၁၄ ရက် Sule Shangri-La Hotel ၌ ကျင်းပပြုလုပ်ခဲ့သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းအားလည်းကောင်း၊ အထူးဖိတ်ကြားထားသော စစ်ဘက်၊ နယ်ဘက်မှ မိသားစုများ၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးရာတွင် မင်္ဂလာနာယကကြီးအဖြစ် ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် ဇနီး ဒေါ်နန်းနွင်းဆီ၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒေါက်တာဖေသက်ဇော်နှင့် မအေးသန္တာဝင်း၊ ကိုအောင်ပြည့်စုံနှင့် မမျိုးရတနာထိုက်၊ အခမ်းအနားသို့ မအားလပ်သည့်ကြားမှ တက်ရောက်ပေးပါသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဇနီးများ၊ ဧည့်သည်တော်များ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၅)မှ ကျောင်းဆင်းသူငယ်ချင်းများနှင့် ၎င်းတို့၏ ဇနီးများ၊ အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မင်္ဂလာအခမ်းအနားမှူး ဦးသင်မြင့်သန်း၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့် မြန်မာမှုတေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာတေးများဖြင့် ဖျော်ဖြေပေးကြပါသော နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော အိမ့်မှူးဇော်၊ သိမ့်ဝင်းထက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော ကြည်လဲ့ရွှန်းကျော်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မေသိမ့်နွယ်၊ သတို့သားအရံများအဖြစ် ကူညီပေးပါသော ဗိုလ်ကြီးကိုကိုနိုင်နှင့် ဗိုလ်ကြီးညီညီနိုင်၊ သတို့သမီးအရံများအဖြစ် ကူညီပေးပါသော ထက်မြတ်ဟန်၊ ဒေါက်တာဇင်ငယ်ငယ်စိန်တို့အားလည်းကောင်း၊ သတို့သမီးမိတ်ကပ်နှင့် ဆံပင်ပြင်ဆင်ပေးပါသော မေဦး၊ မင်္ဂလာ ဝတ်စုံအား ဖန်တီးပေးပါသော ပြည်စိုးအောင်၊ ဘိသိက်အခမ်းအနားပစ္စည်းများ စီစဉ်ပေးပါသော မြမာလာဟန်(Fortune)၊ စေတနာမေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဒေါ်စံပယ်ထွန်း(Best Jewellery)၊ ဓာတ်ပုံနှင့် မှတ်တမ်းဗီဒီယိုများအား မေတ္တာဖြင့်ရိုက်ကူးပေးပါသော ကိုအောင်ပြည့်စုံ(Black & White အဖွဲ့သားများ)နှင့် ကိုအေးဇော်မိုး(စက်မှု)၊ ပန်းအလှ ပြင်ဆင်ပေးပါသော အန်တီနီလာ(Eternal)၊ Sule Shangri-La Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ဝန်ထမ်းများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ ကိုသူရိန်(ရွှေနဂါးမင်း)နှင့် အောင်မြင်သူအဖွဲ့သားများ၊ အထူးသဖြင့် စုလျားရစ်ပတ် မော်ကွန်းတင်မင်္ဂလာပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ဆောင်ရွက်ပေးပါသော အန်တီဒေါ်မြတ်မြတ်ဦး (Royal Stars Event Planner)၊ မင်္ဂလာပွဲသို့ မအားလပ်သည့်ကြားမှ တက်ရောက်ချီးမြှင့်ပေးခဲ့ပါသော စစ်ဘက်၊ နယ်ဘက်မှ အငြိမ်းစားအရာရှိကြီးများနှင့်ဇနီးများ၊ မိတ်ဆွေသူငယ်ချင်းများ၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ လိုအပ်သည်များအား ဝိုင်းဝန်းကူညီပေးကြပါသော ရပ်ဝေးရပ်နီးမှ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ဘုန်းမြင့်-မဖူးဖူးဖေ**

# မိတ္ထီလာအကျဉ်းထောင်၌ ထောင်ဝင်စာလာတွေ့သူထံမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မိတ္ထီလာ အောက်တိုဘာ ၂၇**

မိတ္ထီလာအကျဉ်းထောင်ထဲတွင် သာစည်မြို့မှ မူးယစ်ဆေးဝါးမှုဖြင့် မိတ္ထီလာခရိုင်တရားရုံးတွင် အမှုရင်ဆိုင်နေရသော ခင်ပွန်းဖြစ်သူထံဇနီးက မူးယစ်ဆေးဝါးများ ယူဆောင်၍ ထောင်ဝင်စာ လာတွေ့စဉ် ရဲတပ်ဖွဲ့ဝင်များက သတင်းအရ ဝင်ရောက်ဖမ်းဆီးရာ ထောင်ဝင်စာ လာတွေ့သူဇနီးနှင့်အတူ မူးယစ်ဆေးဝါးရောင်းသူကိုပါ ဆက်လက်ဖမ်းဆီးရ မိခဲ့သည်။

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၂၃ ရက်က မိတ္ထီလာအကျဉ်းထောင်တွင် မူးယစ်ဆေးဝါးမှုဖြင့် မိတ္ထီလာခရိုင်တရားရုံး၌ အမှုရင်ဆိုင်နေရသူ သာစည်မြို့ အမှတ်(၅)ရပ်ကွက်နေ ဇော်ထက်(၃၇)နှစ်အား ဇနီးဖြစ်သူ မဖြိုးသူဇာစိုး(၃၄)နှစ်က ထောင်ဝင်စာ လာတွေ့သည်ဆို၏။ ထိုသို့ ထောင်ဝင်စာ လာတွေ့သူ မဖြိုးသူဇာစိုးထံတွင် မူးယစ်ဆေးပြားများပါလာကြောင်း သတင်းအရ မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်ရွှေဦးဆောင်၍ မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဟန်၊ တာဝန်မှူး ဒုရဲအုပ် အောင်သူဟိန်းနှင့် အသိသက်သေများက မဖြိုးသူဇာစိုး ဝတ်ဆင်ထားသော နံ့သာရောင် အတွင်းခံအင်္ကျီ ခါးရှည်အိတ်ကပ်အတွင်းမှ ၈၈ ပန်းရောင်စိတ်ကြွဆေးပြား ၁၉၄၃ ပြား၊ ၎င်းသယ်ဆောင်လာသော ယမ်ယမ်ချဉ်စပ် ၂၉ ထုပ် ဂျပ်ဖာအတွင်းမှ ၈၈ စာတန်းပါ ပန်းရောင် စိတ်ကြွဆေးပြား ၁၁၉၄ ပြား စုစု ပေါင်း ၅၁၃၇ ပြား ဖမ်းဆီးရမိခဲ့သည်။

၎င်း၏ ဝန်ခံချက်အရ ယင်းမူးယစ်ဆေးဝါးများကို အောက်တိုဘာ ၂၃ ရက် ညနေက မူဆယ်မြို့နယ် ဒေါ်ထန်ရာ (၃၈)နှစ်ထံမှ တောမကျေးရွာအနီးတွင် လက်ခံရယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်များက ဒေါ်ထန်ရာအား ရှာဖွေရာ မြို့မလေးရပ်ကွက် ကားဂိတ်အနီးမှ ဖမ်းဆီးရမိခဲ့သည်။

**တင်လှိုင်(မိတ္ထီလာ)**

# ကွတ်ခိုင်မြို့နယ်၌ ဘိန်းဖြူ ၆၅ ဂရမ် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက်က ကွတ်ခိုင်မြို့နယ် လုံကျိန်ကျေးရွာသွားလမ်းခွဲထိပ် မန်ပြိန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးအနီးတွင် လုံကျိန်ကျေးရွာဘက်မှ လမ်းလျှောက်လာသူ ဝင်းထွဋ်မိုးအားရှာဖွေရာ ၎င်းဝတ်ထားသည့် ပုဆိုးနှင့် ခါးကြားတွင် သိုဝှက်သယ်ဆောင်လာသည့် ဘိန်းဖြူဆပ်ပြာခွက် ငါးခွက် (အလေးချိန် ၆၅ ဂရမ်) သိမ်းဆည်းရမိသဖြင့် ဝင်းထွဋ်မိုး(၃၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**(ကြေးမုံ)**

**မူးယစ်ကင်းစင် အောင်ပွဲဆင်**

**သွေးသည်အသက်**


ခေတ်သစ်မြန်မာ 09-5029456,09-450023156
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်း 65000
ပုဂံ (ခွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ 60000
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(လယ်ဘုရားစုံ) 65000
တောင်ကြီး မီးပုံးပျံပွဲ November 4
မဲလ်ဆံတော်ရှင်ဘုရားဖူးခရီးစဉ် ပြည်ဘုရားစုံနှင့် ထုံးဘိုအကောက်တောင် ဂလွန်(ရေချင်းပြန်)
ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ (နေ့စဉ်) Guest Package စီစဉ်ပေးသည် ကားစီးလုံးငှားစီစဉ်ပေးသည်

နန်းဦးလှိုင် (တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ)
• တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ နှင့် အင်းလေးဖောင်တော်ဦး၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ၊ ပင်းတယ၊ ကလော၊ အောင်ပန်း (၅)ရက်– ဆက်၍ လွိုင်ကော်၊ တောင်ကွဲစေတီ၊ ထီးပွင့်ကန်ပါ (၆)ရက်။ (၄–၁၁–၂၀၁၄) ထွက်မည်။ • ထားဝယ်နှစ်ကျိပ်ရှစ်ဆူပွဲ၊ ရှင်ကိုးရှင်၊ မျှော်ရစ်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်ဆဲ(၆)ရက် ဆက်၍–မြိတ်(ဘိတ်) ဘုရားစုံဖူး (၈)ရက် (၃–၁၁–၂၀၁၄)ထွက်မည်။ • ကျိုက်ထီးရိုး၊ ကျိုက်ပေါလောမုဲ့ရှင်၊ ပဲခူးရွှေမော်ဓော(နေ့စဉ်) • မဲလ်ဆံတော်ရှင်၊ ကျောက်ပိရဟန္တာ၊ ကုသိန္နာရုံ၊ ကေလာသ၊ ကျိုက်ထီးဆောင်း(သောကြာ/စနေ) အမှတ်(၁၇)၊ ကျိုက္ကာစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ • ချောင်းသာ(နေ့စဉ်)
☎01-391577, 09-5122961, 09-254821597, 056-21671



ဦးအောင်ဟိန်းကျော်
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း (အခြေခံ/အဆင့်မြင့်)
အင်္ဂလိပ်စကားပြော သင်တန်း
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
• အင်္ဂလိပ်စကားပြော(Vol:1,2,3,4) • ရေးနည်း(Pre., Vol:1,2,3)
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
■ 392468 ■ 095171841



FIRST CHOICE Travel & Tour
ဖူးခက် (၄ ည ၅ ရက်) Nov 23 ; Dec 21, 31
စင်ကာပူ (၃ ည ၄ ရက်) Nov 22 ; Dec 25 ; Jan 1
မန်ကောက်ပတ္တရား (၄ ည ၅ ရက်) Nov 6, 23 ; Dec 25
ကမ္ဘောဒီးယား (၄ ည ၅ ရက်) Nov 6, 22 ; Dec 21, 31
လာအို (၅ ည ၆ ရက်) Nov 22 ; Dec 21, 31
ဗီယက်နမ် (၅ ည ၆ ရက်) Nov 6, 23 ; Dec 20, 31
စင်ကာပူ၊ မလေးရှား (၇ ည ၈ ရက်) Nov 22 ; Dec 24
ဘာလီကျွန်း (၃ ည ၄ ရက်) Nov 22 ; Dec 25
Nov 5, 23 ; Dec 21, 30 ကမ္ဘောဒီးယား၊ ဗီယက်နမ် (၅ ည ၆ ရက်)
ANA Dec 20 ဂျပန် (တိုကျို၊ အားဆာကာ၊ ကျိုတို) (၈ ည ၉ ရက်)
Early Bird Discount များ ရရှိခံစားနိုင်ပါပြီ။
09 421069966 • 09 73059081



ဂုဏ်ရည်ဆေးတိုက်
ဂုဏ်ရည် ® အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်- တဆဖက (စနယ်ဖင်း) ၀၅၄/၀၇၁၃
ရ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်မှ အောက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများ ရရှိနိုင်ပါသည်။
ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
အချိန် - နံနက် (၁၀း၀၀)နာရီမှ ညနေ (၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၃၅၀၁၊ ၀၉ ၄၃၁၈၈၈၁၃




ပြည်တွင်းရေးရာ

# AIG ကုမ္ပဏီနှင့် ကြံစိုက်တောင်သူများ စိုက်ပျိုးရေးညှိနှိုင်း

**ဘီးလင်း၊ အောက်တိုဘာ ၂၆**

အမှတ်(၁၄) ဘီးလင်းသကြားစက်အား ငှားရမ်းလုပ်ကိုင်ခွင့် ရရှိသော AIG ကုမ္ပဏီနှင့် ဘီးလင်းမြို့နယ်ရှိ ကြံစိုက်တောင်သူများ ကြံစိုက်ပျိုးရေးညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက်စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဆွေ ဘီးလင်းသကြားစက် စက်ရုံမှူး ဦးမြင့်မောင်မောင် AIG ကုမ္ပဏီမှ တာဝန်ခံ ဦးနိုင်လင်းထွန်းတို့က မျိုးကြံဝယ်ယူဖြန့်ဖြူးပေးမှုနှင့် ကုမ္ပဏီမှ ကူညီပံ့ပိုးပေးမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြသည်။

အခမ်းအနားတွင် ကြံစိုက်တောင်သူများက ၎င်းတို့၏ ဆန္ဒနှင့် အခက်အခဲများကို တင်ပြကြရာ သက်ဆိုင် ရာတာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ကြသည်။

ဘီးလင်းသကြားစက်အား လုပ်ပိုင်ခွင့်ရရှိသော AIG ကုမ္ပဏီသည် ယခုနှစ်တွင် ဘီးလင်းမြို့နယ်၌ မျိုးကြံစိုက်ဧက ၂၀၀၀ စိုက်ပျိုးရန် မျှော်မှန်းထားပြီး ၂၀၁၆ ခုနှစ်တွင် စက်စမ်းသပ်လည်ပတ်သွားမည်ဖြစ်သည်။

**မြို့နယ် ပြန်/ဆက်**

# မန်းလေဆိပ်နှင့်ဆိပ်ကမ်းတို့တွင် Mobile Team ဆောင်ရွက်မည်

**မန္တလေး၊ အောက်တိုဘာ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ဧရာဝတီမြစ်ကြောင်း မန္တလေး ဂေါဝိန်ဆိပ်ကမ်းတို့တွင် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ Mobile Team များဖြင့် လုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းပွဲကို အောက်တိုဘာ ၂၄ ရက် နံနက်၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ညီနောင်အသင်းများမှ အသင်းဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းဝင်းက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ပြည်ပခရီးသွားများမှ တရားမဝင်ကုန်ပစ္စည်းများ တင်သွင်းမှု၊ တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းများ ရေလမ်းကြောင်းမှတစ်ဆင့် သယ်ဆောင်ပြီး ဂေါဝိန်ဆိပ်ကမ်းမှတစ်ဆင့်မန္တလေးမြို့သို့ ဝင်ရောက်မှုများအား ကာကွယ်တားဆီးရေး Mobile Team အဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။



တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ၏သိလိုသည်များကို မန္တလေးတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးဆွေတင့်ကြူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

မန္တလေးဈေးကွက်တွင် တစ်ဖက်နိုင်ငံမှ ကျန်းမာရေးနှင့် မညီညွတ်သောစားသောက်ကုန်များ၊ စံမမီဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများ ဝင်ရောက်နေကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မန္တလေးအဝေးသင်တက္ကသိုလ် မိတ္ထီလာဌာနခွဲတွင် စာတွေ့၊ လက်တွေ့ပေါင်းစပ်သင်ကြားရန် လက်တွေ့သရုပ်ပြ တရားရုံးပြုလုပ်

**မိတ္ထီလာ၊ အောက်တိုဘာ ၂၆**

မန္တလေးအဝေးသင်တက္ကသိုလ် မိတ္ထီလာဌာနခွဲတွင် ပညာသင်ယူနေသည့် အဝေးသင်ဥပဒေကျောင်းသား၊ ကျောင်းသူများအား စာတွေ့လက်တွေ့ပေါင်းစပ်သင်ကြားနိုင်ရေး ရည်ရွယ်ချက်ဖြင့် လက်တွေ့သရုပ်ပြ တရားရုံးကို အောက်တိုဘာ ၂၂ ရက်နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

သရုပ်ပြတရားရုံး မပြုလုပ်မီ တက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာကိုကိုကျော်စိုးက ကျောင်းသားများ အသိပညာဗဟုသုတ ပိုမိုရရှိပြီး ပညာသင်ကြားရေးအပိုင်းတွင် စာတွေ့လက်တွေ့ ပေါင်းစပ်သင်ကြားနိုင်ရေးအတွက် လက်တွေ့သရုပ်ပြတရားရုံးကို ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တရားရုံးတစ်ရုံးတွင် အမှုတစ်ခုအား တရားသူကြီးမှ စီရင်ဆောင်ရွက်ပုံ၊ ရှေ့နေများက လျှောက်လဲပုံ၊ တရားလိုများနှင့် တရားလိုပြ သက်သေများမှ ထွက်ဆိုပုံ၊ တရားစွဲခံရသူနှင့် တရားစွဲဆိုခံရသူဖက်မှ အသိသက်သေများက ထွက်ဆိုပုံ စသည်တို့ကို အဆင့်ဆင့်သရုပ်ပြ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သရုပ်ပြ တရားရုံးတွင် ပြင်ပ လက်တွေ့တရားရုံးတစ်ရုံး၏ တရားစီရင်မှုများနှင့် အသွင်တူအောင် သရုပ်ဖော်ပြသနိုင်ရန် မိတ္ထီလာခရိုင်တရားရုံးနှင့် ခရိုင်ဥပဒေရုံးတို့မှ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းလက်တွေ့သရုပ်ပြ တရားရုံးသို့ ဒေါ်အေးအေးသိန်း ကထိက (ဌာနမှူး) ဥပဒေပညာဌာနနှင့် အဝေးသင် ဥပဒေကျောင်းသားကျောင်းသူ ၅၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ပန်းဘဲတန်းမြို့နယ် ပြည်သူများအား အမှုအခင်းဆိုင်ရာ သိသင့်သည်များ ရှင်းလင်း

**ရန်ကုန်၊ အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ပန်းဘဲတန်းမြို့နယ်၊ ရဲတပ်ဖွဲ့မှူးက မြို့နယ်၊ ရပ်ကွက်အတွင်းရှိ ပြည်သူများအား အမှုအခင်းဆိုင်ရာ သိသင့်သည်များရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက် ညနေ ၆ နာရီက ပန်းဘဲတန်းမြို့နယ်(၂၈)လမ်း (အပေါ်လမ်း)ရှိ အမှတ်(၅) ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြည်တွင်းသတင်းဂျာနယ်များမှ သတင်းထောက်များ၊ မြို့နယ်အတွင်းရှိ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်အထောက်အကူပြုအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၅ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ထွေးနှင့် မြို့နယ်ရဲစခန်းမှူး ဒုရဲမှူး သန်းနိုင်တို့က ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တို့မှ ချမှတ်ပေးသည့် တရားခံပြေးများဖမ်းဆီးရမိရေး ညွှန်ကြားချက်များအပေါ် ဆောင်ရွက်နေမှု အခြေအနေ၊ ပြည်သူများဘက်မှလည်း သတင်းပေးရန်တာဝန်ရှိပြီး တရားခံပြေး၊ စစ်ပြေး၊ ရဲဘက်ပြေးများကို လက်သင့်ခံမိပါက အရေးယူသည့်ပြစ်မှုများနှင့် ကျသင့်နိုင်သည့်ပြစ်ဒဏ်များ၊ နိုင်ငံတော်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လစဉ်နှစ်စဉ်ထောက်ပံ့ပေးမှု အခြေအနေနှင့် တပ်ဖွဲ့ဝင်များ လာဘ်ပေးလာဘ်ယူ ကင်းရှင်းစေရေးအတွက် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများ၊ စည်းကမ်းဖောက်ဖျက်သည့် တပ်ဖွဲ့ဝင်အား အရေးယူအပြစ်ပေးသည့် ပြစ်ဒဏ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးအတွက် EU အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဉ် ဆောင်ရွက်နေမှုများ၊ မြို့နယ်ရဲတပ်ဖွဲ့များမှ ဆောင်ရွက်နေသောလုပ်ငန်းစဉ်များနှင့် ရဲတပ်ဖွဲ့ ဆင့်ပွားသင်တန်းများအကြောင်း၊ နယ်မြေအတွင်း ယခုနှင့် ယခင်က ဖြစ်ပွားခဲ့သော ဗဟုသုတရဖွယ်ရာ မှုခင်းဖြစ်ရပ်များအကြောင်း၊ အမှုကြီး၊ အခြားမှုနှင့် ကြိုတင်ကာကွယ်မှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများက သိလိုသည်များမေးမြန်းရာ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးကတို့က ဖြေကြားခဲ့သည်။

**ရွှေတိုင်လွင်**

(မွေးတောင်ကြီး ခရီးသွားလုပ်ငန်းမှ စီစဉ်သည့်)

သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

ယခင် ~~(8) သိန်း~~ ယခု (7) သိန်း (၁၂) ရက်စရိတ်ငြိမ်း ၊ ယခင် ~~(9) သိန်း~~ ယခု (8) သိန်း (၁၅)ရက်စရိတ်ငြိမ်း

ဈေးနှုန်းလျှော့ချထားခြင်းသည် ခရီးသွားများသက်သာစေရန်နှင့်လှူဒါန်းရန်အတွက် ကုသိုလ်ယူပြီး စရိတ်ငြိမ်းပို့ ဆောင်ပေးခြင်းဖြစ်သည်။

အများနည်းတူ စားသောက်တည်းခိုမှု၊ ရန်ကုန်မှထွက်ခွာ ပြန်ရောက်သည့်အထိ မည်သည့်အပိုကြေးမှထပ်မံပေးသွင်းရန်မလို။

အထူးခရီး– ၃.၁၂.၂၀၁၄ (ပဌာန်းပွဲ) Oct / Nov ပြည့်ပြီး ခရီးစဉ်ရက်များ - Dec - 17,24 Jan - 7,14,21,28 Feb - 4,11,18,25

အပတ်စဉ် အောက်တိုဘာလမှ ဧပြီလကုန်အထိ ဗုဒ္ဓဟူးနေ့တိုင်းထွက်ရှိပါမည်။

- အသွား၊ အပြန်လေယာဉ်လက်မှတ်
- အိန္ဒိယ၊ နီပေါ ဗီဇာကြေးအပါအဝင်
- ဂယာနှင့် နယူးဒေလီ (ဟိုတယ်တည်း)
- ဘုရားစုံ၊ နေရာစုံ၊ ဒေသစုံ
- (၁၆)ဦး (၁)ဦးအခမဲ့
- ခရီးစဉ်တိုင်းမည်သည့်အပိုကြေးမှထပ်မံပေးသွင်းရန်မလို

ရန်ကုန်(ရုံးချုပ်) – အမှတ်(၁၀၅)၊ ၁၂၃ လမ်း (အပေါ်)၊ သိမ်ဖြူကားမောင်းကွင်းရှေ့ ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁–၂၀၀၉၅၂၊၀၉–၅၂၁၁၄၀၂
မန္တလေးရုံးဖုန်း – ၀၂–၂၄၅၆၀ ၊ ၀၉– ၃၀၂၀၉၄၀၈ တောင်ကြီးရုံးဖုန်း – ၀၈၁–၂၀၀၁၇၃ ၊ ၀၈၁– ၂၁၂၂၄၀၂

Hot Line - 01-200952

GS ဂယာရွှေတိုး အိန္ဒိယ-နီပေါ-သီရိလင်္ကာ-ထိုင်းပြည်ပသာသနာပြုအဖွဲ့

ဒေါ်ဝင်းဝင်း ကိုယ်တိုင်ဦးဆောင်သော ဂယာရွှေတိုးဘုရားဖူးအဖွဲ့ဖြင့် လိုက်ပါကုသိုလ်ယူကြမည်
ဝပ္ပမိတ်သစ်/ဟောင်းအပေါင်း တို့၏ဘုရားဖူးလိုက်ပါမှုကိုလည်း နွေးထွေးလှိုက်လှဲစွာဖြင့် ကြိုဆိုလိုက်ပါသည်။

ခရီးစဉ်များ Nov 16,30, Dec 14, 28 2015 - Jan 11,25
Feb 08, 22, Mar 08, 22 , Apr 11

သီရိလင်္ကာ-ကန္ဒီ-ဗုဒ္ဓမြတ်စွယ်တော်နှင့် မူလတောဗိပင်-ညောင်ရေသွန်းပွဲတော် နှင့် ထိုင်း-ကမ္ဘောဒီးယား 2015 Apr30

လိုက်ပါလိုသော ခရီးစဉ်များအား ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

အမှတ် (၇၆)၊ ၁၁–လမ်း(လယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁၂၂၁၅၈၆၊ ၂၂၉၈၀၀၊ ၀၉၇၃၁၉၆၄၃၆
အမှတ်(၆၁၀) ၈၂လမ်း (၄၄ × ၄၅)လမ်းကြား၊ ရှမ်းပွဲရပ်၊ မန္တလေးမြို့၊ ဖုန်း၀၉၄၀၂၅၈၂၀၄၈၊ ၀၉ ၃၃၂၇၄၇၄၇

O.B.F Language School

Since 1989

SAYA-TONY

အင်္ဂလိပ်စကားပြန်ဟောင်း၊ ဘာသာပြန်ဆရာ (SHELL)ဦးစီးသော

*IELTS/TOEFL

*GMAT, BBA, MBA, EMBA

ဝင်ခွင့်သင်တန်းများ (ပြည်တွင်း / ပြည်ပ)

- Elementary Spoken English (ESE) → အခြေခံစကားပြော
- Intermediate General English (IGE) → အလယ်အလတ်စကားပြော
- Advanced General English (AGE) → အဆင့်မြင့်စကားပြော
- Basic Grammar & Essay (BGE) → အခြေခံသဒ္ဒါနှင့်အရေး
- Basic Translation Course (BTC) → ရေး၊ ဖတ်၊ သတင်းဘာသာပြန်

အမှတ်(၂၀၀ / ၂၀၀)၊ အခန်း(၅၀၂)၊ ၅လွှာ၊ ၃၅လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။
☎ 249178, 09-5061343, 09-5138867, 09-448000410

ကျောင်းသားသစ်များ စာရင်းလက်ခံနေပါပြီ

# လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ်ရွေးချယ်ခြင်းဆိုင်ရာ အစည်းအဝေးကျင်းပ

**မန္တလေး၊ အောက်တိုဘာ ၂၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ရွေးချယ်ခြင်းဆိုင်ရာ အကြံဉာဏ်ရယူခြင်း အစည်းအဝေးကို အောက်တိုဘာ ၂၄ ရက်နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားကဇာတ်ရုံတွင်ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ စီမံခန့်ခွဲရေးကော်မတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ လူထုအခြေပြုအဖွဲ့စည်းများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက လူထုအခြေပြုဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်းအကြောင်းနှင့် မြို့နယ်ရွေးချယ်ခြင်းအတွက် သတ်မှတ်ချက်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူတစ်ဦးက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှခိုင်က ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြု စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။




မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ကမ္ဘာ့ဘဏ်က ပူးပေါင်းပါဝင်သည့်အနေဖြင့် အမေရိကန်ဒေါ်လာသန်း ၈၀ ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက်ထောက်ပံ့ ရန်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်မြို့နယ်ကို ရွေးချယ်အကောင်အထည်ဖော်မည်ဖြစ်သည်။ ကျေးလက်နှင့် မြို့ပြကွာဟမှု လျှော့ချရေးအတွက် ရွေးချယ်ထားသည့်မြို့နယ်တွင် လမ်း၊ တံတား၊ ရေ၊ မီးရရှိရေး၊ စာသင်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနများအား သုံးနှစ် အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းနေ့က ကျင်းပသည့် အစည်းအဝေးတွင် အုပ်စုငယ်များခွဲ၍ သတ်မှတ်ချက်များအတိုင်း မြို့နယ်ရွေးချယ်ခဲ့ကြသည်။

**သီဟကိုကို(မန္တလေး)**

# မိုးဟုတ်ဘုရားကြီး လမ်းတစ်ဖက်လျှင် နှစ်ပေစီ ချဲ့ထွင် ကွန်ကရစ်လမ်းခင်းမည်

**ညောင်တုန်း၊ အောက်တိုဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးကော်မတီရန်ပုံငွေများဖြင့် ညောင်တုန်း-ရန်ကုန် မြို့အဝင်အထွက်လမ်းမကြီးဖြစ်သည့် ညောင်တုန်း-ရန်ကုန်လမ်း၊ မိုးဟုတ်ဘုရားကြီးလမ်းအား လမ်းဘေး ဝဲ၊ ယာ တစ်ဖက်လျှင် နှစ်ပေစီချဲ့ထွင်ပြီး အဝေးပြေးကားဂိတ်အထိ ကွန်ကရစ်လမ်းခင်းမည်ဖြစ်ကြောင်း သိရသည်။

“ဒီလမ်းကယာဉ်ကြောကျပ်ပြီး မြို့အဝင်ဂိတ်အဝေးပြေးလမ်းဖြစ်တာနဲ့အညီ အများပြည်သူက နေ့စဉ် ဒီလမ်းကို အားထားပြီး သွားလာနေရတယ်။ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီနဲ့ မော်တော်ယာဉ်တွေ ယာဉ်သွား၊ ယာဉ်လာလွယ်ကူပြီး ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက်ခင်းကျင်းပေးရတာဖြစ်တယ်” ဟု လက်ထောက်အင်ဂျင်နီယာ ဦးမျိုးချစ်ဦးက ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ မိုးဟုတ်ဘုရားကြီးလမ်းသည် အဝေးပြေးဂိတ်အထိ အရှည်ပေ ၂၀၀၀ ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် တစ်ပိုင်တစ်နိုင် လက်ရက်ကန်းရက်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေတိုး

**ကနီ၊ အောက်တိုဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ် လယ်ရှည်ရွာမကျေးရွာတွင် မြန်မာ ရိုးရာလက်ရက်ကန်းစင်နှင့် တစ်ပိုင်တစ်နိုင် ရက်လုပ်ခြင်းဖြင့် အရင်းအနှီးနည်းပြီး မိသားစု အပိုဝင်ငွေရရှိလျက်ရှိသည်။

အဆိုပါ ရက်ကန်းစင်လုပ်ငန်းတွင် “ကျွန်မတို့ ရက်ကန်းစင်တစ်စင်ကို သုံးသိန်းကျော်ခန့် ပေးဝယ်ရပါတယ်။ ရက်ကန်းတွင် ရက်လုပ်ရမည့် ကွင်း ၅၀ ထွက် ချည်တစ်ထုံးကို မုံရွာမြို့မှ ငွေကျပ်ရှစ်သောင်းနဲ့ ပေးဝယ်ရပြီး ရောင်စုံချိပ်ဖော်ရန် ချည်မျှင်တစ်ပိဿာ တစ်သောင်းကျပ်ပေးပြီး ဝယ်ယူရပါတယ်။ ကျွန်မတို့ ရက်လုပ်ရတဲ့ တစ်ကွင်း ကုန်ကျစရိတ် နှစ်ထောင့်ခြောက်ရာကျော် ခုနစ်ရာခန့်ရှိပြီး တစ်ရက်ကို ရိုးရိုးဆိုရင်သုံးကွင်းနှင့် ချိပ်အဆင်နဲ့ဆိုရင် တစ်ကွင်းခွဲ နှစ်ကွင်းနီးပါး ပြီးပါတယ်။ ကျွန်မတို့ ရက်လုပ်ပြီးလုံချည်များကို ရိုးရိုးတစ်ကွင်း ၆၅၀၀ ကျပ်နှင့် ချိပ်အဆင်နဲ့ လုံချည်တစ်ကွင်းကို ၇၅၀၀ ကျပ် ဖောက်သည်သွင်းရပါတယ်။ ဒါကြောင့် ကျွန်မတို့ တစ်ရက်ဝင်ငွေဟာ ၅၀၀၀ ကျပ်မှ ၉၀၀၀ ကျပ်အထိ ရရှိနိုင်လို့မိသားစုအတွက် တစ်ဖက်တစ်လမ်းကနေ တစ်ပိုင်တစ်နိုင် လက်ရက်ကန်းလုပ်ငန်းက ဝင်ငွေရရှိပါတယ်” ဟု လယ်ရှည်ရွာမကျေးရွာမှ ကိုယ်ပိုင်လက်ရက်ကန်းစင်ဖြင့် လုပ်ကိုင်သူ မနှင်းနွယ်စိုးက ပြောသည်။

ယင်းကျေးရွာတွင် တစ်ပိုင်တစ်နိုင် လက်ရက်ကန်း သုံးစင်ရှိပြီး စင်မဝယ်ယူနိုင်သူများကလည်း မုံရွာမြို့နယ် ကျောက်ဆစ်ပုံကျေးရွာမှ ရက်ကန်းစင်များတွင် တစ်ကွင်း ၂၅၀၀ ကျပ်ဖြင့် အငှားသွားရောက်လုပ်ကိုင်နေကြကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# မြင်းခြံမြို့နယ် ကျားတိုင်းကျေးရွာတွင် ကလေးဗဟိုပြု ချဉ်းကပ်သင်ကြားနည်းစနစ် (CCA) ဆွေးနွေးသရုပ်ပြ

**မြင်းခြံ၊ အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကျားတိုင်းကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း၌ ကလေးဗဟိုပြု ချဉ်းကပ်သင်ကြားနည်းစနစ် ဆွေးနွေး သရုပ်ပြပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည် ။

အခမ်းအနားတွင် ကျောင်းအုပ်စုခေါင်းဆောင်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကတော၊ ကျောင်းအုပ်ဆရာကြီးဦးငြိမ်းမှ အမှာစကားပြောကြားရာတွင် ကလေးဗဟိုပြု သင်ကြားနည်းစနစ်သည် ကလေးများအတွက် ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုသော သင်ကြားနည်းစနစ် တစ်ခုဖြစ်ကြောင်း၊ သင်ကြားမှုအထောက်အကူပြု ပစ္စည်းများကိုအသုံးပြုသင်ကြားရခြင်း၊ လက်တွေ့လုပ်ငန်းများကို ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် စိတ်ပါဝင်စားစွာ လုပ်ဆောင်ရသောကြောင့် မှတ်မိလွယ်ကူစေခြင်း အကျိုးကျေးဇူးရရှိကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများက ကလေးဗဟိုပြု သင်ကြားနည်းစနစ်ကို လက်တွေ့သရုပ်ပြ သင်ကြားခဲ့ကြရာ တက်ရောက်လာခဲ့သော ဆရာ၊ ဆရာမများက သင်ကြားနည်းစနစ်ကို ဝေဖန်အကြံပြုခဲ့ကြသည်။

အခမ်းအနားသို့ ကျောင်းအုပ်စုခေါင်းဆောင်ဆရာကြီး၊ ကျောင်းအုပ်စုအတွင်းရှိ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဦးဇော်မင်းနိုင်(မြင်းခြံ)**

ASK

ASK SKILLS & KNOWLEDGE

အလုပ်အကိုင် တကယ်လိုချင်ရင် အလုပ်ရမယ့် သင်တန်းကို တက်ပါ။

Office Staff, Office Secretary, Admin Assistant များအဖြစ် လုပ်ကိုင်လိုသူများအတွက် **Practitioner Certificate in Office Operations**

Frontline Staff, Receptionist, Customer Service Asst. များအဖြစ် လုပ်ကိုင်လိုသူများအတွက် **Practitioner Certificate in Customer Service**

ASK တွင် (၃) လ သင်တန်းတက်ခြင်းဖြင့် -

:: Competency စနစ်ဖြင့် သင်ကြားသော လုပ်ငန်းခွင် အသုံးချဘာသာရပ်များကို စာတွေ့၊ လက်တွေ့ ကျွမ်းကျင်တတ်မြောက်ခြင်း။

:: နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများထံမှ ပညာဆည်းပူးခွင့်ရရှိခြင်း။

:: ကုမ္ပဏီကြီးများတွင် အလုပ်သင်အတွေ့အကြုံ (၂) လ ရရှိခြင်း။

:: အလုပ်သင်ကာလအတွင်း Duty Allowance (အလုပ်သင်စံစားခွင့်) စတင်ရရှိခြင်း။

:: Study Tour များ သွားရောက်လေ့လာခြင်း၊ ပညာရှင်၊ လုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ Seminar များ ကျင်းပပေးခြင်းတို့မှ စာသင်ခန်းပြင်ပ ဗဟုသုတများ ရရှိခြင်း။

:: သင်တန်းပြီးဆုံးသည်နှင့် လစာကောင်းသော အလုပ်အကိုင်များရရှိရန် ကုမ္ပဏီကြီးများနှင့် ချိတ်ဆက်ပေးခြင်းတို့ဖြင့် အကောင်းဆုံး ပြင်ဆင်ပေးနေပါပြီ။

အောက်တိုဘာ၊ နိုဝင်ဘာ တန်းခွဲများ ဖွင့်ပါတော့မည်။

ASK တွင် စာတွေ့ ၊ လက်တွေ့ (၁) လတက်ရောက်

ASK မှ ဆက်သွယ်ပေးမည့် ကုမ္ပဏီကြီးများတွင် အလုပ်သင် (၂) လ သင်ယူ

အတွေ့အကြုံရှိ အချိန်ပြည့်ဝန်ထမ်းအဖြစ် အလုပ်ခွင်ဝင်နိုင်ပါပြီ။

အမှတ် (၈၀၈-ဘီ) ယုဇနတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၀၉ ၆၆၆၆၅ ၊ ၀၉ ၃၁၈၅ ၆၆၆၆ ၊ ၀၉ ၃၀၂၈ ၂၃၃၃။

**ပျောက်ဆုံးခြင်း**

1717 Services Co.,Ltd ၏ သွင်းကုန်ပါမစ်မှုရင်း ILV 13-14 2235 (16/12/2013) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း ၀၉ ၂၅၆၁၀၁၇၁၇

**အိမ်ခြံမြေရောင်းမည်**

ပေ(၄၀×၆၀) စော်ဘွားကြီးကုန်း လမ်းဆုံအနီး၊ ပေ(၁၀၀×၁၃၀) ထောက်ကြန့်လမ်းဆုံအနီး

Ph:09-5171093, 09-36008918

**တိုက်ခန်းရောင်းမည်**

ရွှေဘုံသာလမ်းမကြီး (အောက်ဘလောက်) တိုက်သစ် (6.A.B)၊ ခတ်လှေကားပါ (28'×60')

ရောင်းဈေး-သိန်း-၃၃၀၀

မုဒိတာ(၂)၊ အင်းစိန်၊ မြေညီထပ် မိန်းလမ်းမပေါ် (၁၅×၄၅)ပေ

ရောင်းဈေး-သိန်း-၆၃၀

ဆက်သွယ်ရန်

ဖုန်း-၀၉၇၃၀၉၀၉၇၈

သွေးတိုးရောဂါရှင်များအတွက်

**လေးပါးရာဇာ** သွေးတိုးကျဆေးပြား

တဆဝက (စာနယ်ဇင်း)/၁၁၂/၁၂၁၃

Ph : 09-731 28 281

**ရောင်းမည်**

လှိုင်သာယာမြို့နယ်၊ သောင်ကြီးလေးရပ်ကွက်၊ အောင်ချမ်းသာလမ်း။ (၂၀'x၆၀')မြေကွက်နှင့်ယင်းပေါ်ရှိ (၂) ထပ်ပျဉ်ထောင်ဘော်ဒါဆောင်။ ဖုန်း-၀၉ ၂၅၀၂၈၃၉၀၄

**မြေရောင်းမည်(ပိုင်ရှင်ကိုယ်တိုင်)**

**(အကျိုးဆောင်မလို)**

အင်းယားမြိုင်လမ်းမ၊ ရွှေတောင်ကြား (0.138)acres (6011sqft)

ဖုန်း-၀၉-၅၁၉၇၁၃၃၊ ၀၉-၅၄၂၂၂၅၄

**ဒဂုံမြို့သစ်**

**(တောင်ပိုင်း)၊(ဆိပ်ကမ်း)**

**မြေကွက်များဝယ်လိုသည်**

ဖုန်း -0943075129

# ပွင့်ဖြူမြို့နယ်အတွင်းရှိစန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်သို့ ပြည်တွင်းပြည်ပ ခရီးသည်များ လာရောက်မှုများလာ

**မကွေး၊ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းတွင် တည်ရှိသော စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက် လည်ပတ်ကြည့်ရှုမှု များလာကြောင်း သိရသည်။

စန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်အား သာသနာသက္ကရာဇ် ၁၆၄၀၊ ကောဇာသက္ကရာဇ် ၄၅၈ တွင် တည်ထားကိုးကွယ်ခဲ့ကြောင်းသိရသည်။ စတင်တည်ထားကိုးကွယ်သူမှာ မဏိစည်သူမင်းကြီးဖြစ်သည်။

စေတီတော်သို့ သွားလာနိုင်ရန်အတွက် မင်းဘူးမြို့မှ မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် သွားလာနိုင်သည်။

ခရီးအကွာအဝေးမှာ မကွေးမှ ပွင့်ဖြူသို့ ၂၆ မိုင်ခရီးဖြစ်ပြီး ၁ နာရီခွဲခန့် ကြာမြင့်နိုင်ပါသည်။ ပွင့်ဖြူမြို့သည် မြို့နယ်အဆင့် မြို့လေးသာဖြစ်၍ အဆင့်မီတည်းခိုရိပ်သာ၊ ဟိုတယ်၊ မိုတယ်များ မရှိပါ။



မကွေးမြို့နှင့် နေ့ချင်းပြန်ခရီးဖြစ်သဖြင့် ဘုရားဖူးများသည် မန်းရွှေစက်တော်ဘုရား၊ ပွင့်ဖြူစန္ဒကူးနံ့သာကျောင်းတော်ရာ စေတီတော်တို့အားဖူးမြော်ပြီး မကွေးမြို့ မြသလွန်စေတီတော်အား ဝင်ရောက်ကြည်ညိုကာမကွေးမြို့တွင် ညအိပ်ရပ်နားကြလေ့ရှိသည်။

စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်ဝင်းအတွင်းတွင် စန္ဒကူးနံ့သာပင် စိုက်ခင်းရှိပြီး ၁၉၉၁ ခုနှစ်က စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အပင်ပေါင်း ၂၅၀၀ စိုက်ပျိုးထားပြီး အပင်များ၏ အမြင့်မှာ ၁၂ တောင်ခန့် ရှိသည်။ ယင်းစန္ဒကူးနံ့သာပင်စိုက်ခင်းအား ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ခင်မာလာ(မကွေး)**

## ဆောတွင် မွေးဖွားမှု မှတ်ပုံတင်ခြင်း ရက်သတ္တပတ် လှုပ်ရှားမှု ဆောင်ရွက်

**ဆော၊ အောက်တိုဘာ ၂၆**

ဂန့်ဂေါခရိုင် ဆောမြို့ ယောမင်းကြီးဦးဘိုးလှိုင်ခန်းမတွင် အောက်တိုဘာ ၁၅ ရက်က မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှု အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမန်းလွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအံ့ထူးလှိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ရာတို့က လုပ်ငန်းကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ဆောမြို့ မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်လျက်ရှိသည့် မွေးဖွားမှု မှတ်ပုံတင်ခြင်းလုပ်ငန်းများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(၄၆၅)**

## ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်းဆင်း

**ရန်ကုန်၊ အောက်တိုဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ရဲတပ်ဖွဲ့တွင် အောက်တိုဘာ ၁၃ ရက်မှ ၂၄ ရက်ထိ ဖွင့်လှစ်ခဲ့သည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်းအမှတ်စဉ် (၆/၂၀၁၄) သင်တန်း ဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက သုံးခွမြို့နယ်ရဲစခန်း သင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ သုံးခွမြို့နယ်ရဲတပ်ဖွဲ့ ဒုမြို့မရဲတပ်ဖွဲ့မှူး ရဲအုပ်နေဝင်းဟန်၊ ကျောက်တန်းမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်စိုး၊ ညောင်တန်းကုန်းရဲကင်းစခန်းမှူး၊ ကတုံးပေါ်ရဲကင်းစခန်းမှူး၊ သုံးခွမြို့နယ်အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်တရားသူကြီး ဦးအောင်မော်၊ မြို့နယ်ဥပဒေအရာရှိ ဦးအောင်မောင်မောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ကျန်းမာရေးမှူး၊ မြို့နယ်ကြက်ခြေနီတပ်ရင်းတပ်ခွဲမှူး၊ သင်တန်းသား ၁၆ ဦးအပါအဝင် စုစုပေါင်း ၅၀ ခန့်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင်တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်က သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက သင်တန်းသားများကို ရင်ထိုးတံဆိပ်များပေးအပ်ခဲ့သည်။

**တံတားကျော်လွင်**

## တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး အတွင်းအပြင် ဆည်မြောင်းဝန်ထမ်းများ သန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်

**တောင်ငူ၊ အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူဒေသ ဆည်မြောင်းဦးစီးဌာနမှ စက်မှုတိုင်း(၂) ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးထွန်းခင်သန်း၊ ဦးသက်ဝင်းနှင့် ဦးသိန်းကျော်တို့ဦးစီးသော တည်ဆောက်ရေး(၅)၊ ထိန်းသိမ်းရေးနှင့် စက်မှုတိုင်း(၂) တို့မှ ဝန်ထမ်းအင်အား ၂၀၀ ခန့်တို့သည် အောက်တိုဘာ ၂၅ ရက်နံနက် ၇ နာရီမှ ၁၁ နာရီအထိ တောင်ငူမြို့ တိုင်းအထွေထွေရောဂါကုဆေးရုံကြီးဝင်း အတွင်းအပြင် လုပ်အားပေးသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ လုပ်အားပေးပွဲတွင် ဆည်မြောင်းဦးစီးဌာနမှ မြက်ရိတ်စက် ရှစ်လုံး၊ မြေတူးစက်အသေး (၁)စီး၊ မြေသယ်ယာဉ်(၆)စီးတို့ဖြင့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေဆိုးမြောင်းများသန့်ရှင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး အမှိုက်များအား သတ်မှတ်နေရာများတွင် စနစ်တကျ သွားရောက် စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။

ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် တောင်ငူဒေသတွင် တာဝန်ထမ်းဆောင်သည့် ကာလအတွင်း မြို့အတွက် အကျိုးဖြစ်စေမည့် ပရဟိတလုပ်ငန်းများတွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ခြင်းဖြင့် အများပြည်သူ အကျိုးကို တစ်ဖက်တစ်လမ်းမှ ကူညီရာရောက်သည့် စိတ်ဆန္ဒဖြင့် ယခုကဲ့သို့ လုပ်အားပေးဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောသည်။

လုပ်အားပေးပွဲတွင် ပါဝင်သော လုပ်သားတစ်ဦးကလည်း ရုံးလုပ်ငန်းတာဝန်များနှင့် မအားလပ်သည့်ကြားမှ နားရက်တွင် ယခုကဲ့သို့ပရဟိတ အလုပ်ကို လုပ်ဆောင်ခွင့်ရသည့်အတွက် ကျေနပ်အားရမိကြောင်းနှင့် နောက်နောင် ယခုကဲ့သို့လုပ်အားပေးပွဲမျိုး ပြုလုပ်ပါကလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောသည်။

"ရှေ့လျှောက် ဒီလိုပရဟိတ အလုပ်တွေကို တတ်နိုင်သမျှ လုပ်သွားမှာပါ၊ မြို့ခံ လူမှုရေးအသင်းအဖွဲ့တွေနဲ့လည်း ပူးပေါင်းပြီး ထောက်ပံ့ကူညီသွားမှာပါ" ဟုလက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင်သန်းက ပြောသည်။

အဆိုပါဆေးရုံဝင်း သန့်ရှင်းရေးလုပ်အားပေးပွဲသို့ ခေါင်းလောင်းသံ ၄၈ အဖွဲ့မှ ဂေါ်ပြားများနှင့်အမှိုက်ပုံးများ ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

**၁၂၉**

လိုနေသူကို ပေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
ဆရာမိုး Follow Me Ph.D (USA) IELTS အထူး လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်
ENGLISH 4 SKILLS Level (1) တစ်ပတ် (၅)ချိန်တက် (၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် Nov 1 စမည်။
4 SKILLS Level(1,2,3) တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်
Dip ESL(USA) LEVEL 1,2,3 အတွက် DISTANCE LEARNING အဝေးသင်တန်းခွဲ စတင်လက်ခံပြီ။
အလွယ်ဆုံး အမြန်ဆုံး လက်တွေ့အသုံးချ Certificate in Business English(USA) ၃၊လ အထူး လက်ခံပြီ။
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄၊လ အတတ် လက်ခံပြီ။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ တစ်ဦးချင်းကို စနစ်တကျ ပြောဆိုလေ့ကျင့်ပေး၍ အမြန်ဆုံး တက်မြောက်စေသည်။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄၊လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အင်း၀ အမှတ် ၁၈၊ ၅-လွှာ၊ စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။ 0943125393
ဝိုင်းသီးသန့် ❖ ၄၁၆ (ပ) ထပ်၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်)။ 01 398118, 295798

Royal Gandamar Travels & Tours
တန်ဆောင်မုန်း လပြည့်နေ့ ခရီးစဉ်များ
>မော်လမြိုင်-ကျိုက်ခမီ-စက်စဲကမ်းခြေ (Nov 1,5) 35000
>သထုံ-ဘီးလင်း-ဘုရင့်ညီဂူ(ရေပူစမ်း) (Nov 5,15) 35000
(ကျိုက်ပေါလောမဲ့ရှင်၊ ကျိုက်ထီးဆောင်း)
>နေပြည်တော်-ဗုဒ္ဓဂါယာ-ရေပန်းဥယျာဉ်(Nov 5,15) 40000
>ပြည်-အကောက်တောင် (Nov 1,5) 30000
>ပဲခူး-ရွှေသာလျောင်း-ရွှေပြည်Resort (Nov 5,15) 20000
*ငွေဆောင် (၂ညအိပ်၊ ၃ရက်) (Nov 21) 145,000
အမှတ် (၆၉)၊ ဒုထပ်၊ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊
Call:09 333 53275, 09 250 892626, 09 5127969

"ခင်နဒီ" ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီ
အကောင်းဆုံးဝန်ဆောင်မှုများကိုခံစားရင်း "ခင်နဒီ" နှင့်ခရီးသွားကြပါစို့
-ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်၊ ကျိုက်ပေါလောမဲ့ရှင်တော်ဘုရား။
Nov,5-6 (တန်ဆောင်မုန်း လပြည့်နေ့)(နေ့ချင်းပြန်)(စရိတ်ငြိမ်း)အရုဏ်ဆွမ်းကပ်
-မဲလံဆံတော်ရှင်၊ ကျောက်ပိရဟန္တာ၊ ဇင်းကျိုက်ရေတံခွန်၊ ကျိုက်ထီးဆောင်းဘုရားနှင့် သထုံဘုရားစုံဖူး။
Nov, 15-16(အမျိုးသားနေ့)
-ပျော်ရွှင်ကြည်နူးဖွယ်ရာချောင်းသာအပန်းဖြေခရီးစဉ်။
Nov,7-9 (ကမ်းခြေညမီးပုံပွဲ) (၂ညအိပ် ၃ရက်ခရီး)
-ပြည်ရွှေတောင်၊ သရေခေတ္တရာမြို့ဟောင်း(ရှေးပျူမြို့တော်ဟောင်း) အကောက်တောင်ဘုရား ဘုရားစုံဖူးခရီးစဉ်။
**Nov, 28-30** (၂ညအိပ် ၃ရက်ခရီး)
**Ph: 09-5147771, 09-33492209, 09-33545909.**

## မန္တလေးတက္ကသိုလ်နှင့် Oxford University တို့ ပူးပေါင်း၍ သုတေသန လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မန္တလေး၊ အောက်တိုဘာ ၂၆**

မန္တလေးတက္ကသိုလ်နှင့် MoU နားလည်မှုစာချွန်လွှာ ရေးထိုးထားသည့် အင်္ဂလန်နိုင်ငံ Oxford University၊ Deparment Of Earth Science နှင့် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနတို့ ပူးတွဲ၍သုတေသနလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

နှစ်ဦးနှစ်ဖက်တက္ကသိုလ်များမှ ဘူမိဗေဒပညာရပ်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပညာရပ်ပိုမိုအားကောင်းလာပြီး သုတေသီများအတွက် ပညာရပ်ဆိုင်ရာအကျိုးအမြတ်များရရှိစေရန်နှင့် နယ်ပယ်ကျယ် ဘူမိဗေဒပညာရပ်၊ တွင်းထွက်ပညာရပ်နှင့် ပြတ်ရွေ့ကြောများနှင့် ဆက်စပ်နေသော မြေတွင်းလှုပ်ရှားမှု ပညာရပ်နယ်ပယ်များကို လေ့လာရန်အတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးတက္ကသိုလ် ဘူမိဗေဒပါမောက္ခ (ဌာနမှူး) ဒေါက်တာသန်းသန်းနု ဦးဆောင်သည့် အဖွဲ့ဝင်များနှင့်အတူ ပူးတွဲ၍ အင်္ဂလန်နိုင်ငံ University၊ Department Of Earth Science မှ Prof. Dr.Mike Searle နှင့် Dr. Nicholas John Gardiner တို့သည် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်မှ စတင်၍ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်၊ ကသာ၊ ထီးချိုင့်မြို့နယ်များနှင့် ကချင်ပြည်နယ် မိုးညှင်း၊ ဖားကန့်၊ မိုးကောင်းမြို့နယ်များရှိ ဒေသအသီးသီးသို့သွားရောက်ခဲ့ပြီး သုတေသနလုပ်ငန်းများကိုကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဝ၂ဝ)**

## ကွမ်းလုံမြို့လယ်မြေ ၂ ဒသမ ၅ ဧကတွင် ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူး

**ကွမ်းလုံ၊ အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံမြို့တွင် အောက်တိုဘာ ၂၄ ရက် နံနက် ၁၁ နာရီ ခွဲက နမ့်ဟူးကျေးရွာ၊ ကွင်းအမှတ်(၁၂)၊ တောင်သူဦးလီဟွာချန်း၏ လယ်မြေ ၂ ဒသမ ၅ ဧကတွင် စိုက်ပျိုးထားသောပုလဲသွယ် (လုံ-၈) မျိုးစေ့ထုတ် စိုက်ခင်း၌ စပါးဝတ်မှုန်ကူးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

စပ်မျိုးစပါးကို ဒေသတွင်း၌ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန်နှင့် မျိုးစေ့ထုတ်နည်းပညာကိုတောင်သူများ သိရှိနားလည်နိုင်စေရန်၊စပ်မျိုးစပါးစိုက်ပျိုးခြင်းဖြင့် ဒေသဝမ်းစာဖူလုံပြီး ပိုလျှံသည့်စပါးများကိုရောင်းချနိုင်စေရန်ရည်ရွယ်၍မျိုးစေ့ ထုတ်လုပ်ရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးလွင်က တောင်သူများသို့ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက လက်တွေ့ဝတ်မှုံကူးခြင်းလုပ်ငန်းများကို ပြုလုပ်ပြသခဲ့ကြကြောင်းသိရသည်။

အဆိုပါ စပ်မျိုးစပါးဝတ်မှုန်ကူးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဆည်မြောင်းဝန်ထမ်းများ၊ မြေစာရင်းဦးစီးဌာနဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်ပြန်/ဆက်**

# အမှတ်(၁၂) မူလတန်းကျောင်းတွင် ကျောင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး၊ အောက်တိုဘာ ၂၆**



၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့အဖြစ် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်းတွင် အောက်တိုဘာ ၂၅ ရက် နံနက် ၇ နာရီက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများစုပေါင်းပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးက ဦးဆောင်ပြီး ကျောင်းအဆောက်အအုံများ၊ စာသင်ခန်းများ၊ ကျောင်းအိမ်သာများကို သန့်ရှင်းရေးပြုလုပ်ခဲ့သည်။ ကျောင်းအဝင်၊ အထွက်လမ်းများ ညီညာပြေပြစ်ရေး၊ သစ်ပင်ပန်းပင်၊ ပန်းခြံနှင့် ကစားကွင်းများသန့်ရှင်း သာယာလှပတင့်တယ်ရေး၊ သောက်သုံးရေများ သန့်ရှင်းစွာ သိုလှောင်သုံးစွဲရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး စသောလုပ်ငန်းစဉ် ငါးရပ်ဖြင့် လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ကြပြီး လက်ကိုစင်ကြယ်စွာ ဆေးကြောခြင်းဖြင့် ပြင်ပမှရောဂါပိုးမွှားများခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်မှု မရှိစေရန်လက်တွေ့ လက်ဆေးခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးတရားများကို ကျောင်းသား၊ ကျောင်းသူများအား ဟောပြောခဲ့သည်။

ပညာပေးပြက္ခဒိန် လုပ်ငန်းပါအစီအစဉ်အရ အောက်တိုဘာလ နောက်ဆုံးသီတင်းပတ် စနေနေ့ကို ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးနေ့အဖြစ် သတ်မှတ်ကာနိုင်ငံအဝှမ်းရှိ အခြေခံပညာကျောင်းများတွင် လုပ်ငန်းစဉ်ငါးရပ်ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လယ်ဝေးတွင် သတင်းအရ ရှာဖွေရာမှ တစ်ချိန်တည်း၌ မူးယစ်ဆေးဝါးရောင်းချသူနှစ်ဦးအား ဖမ်းဆီးရမိ

**လယ်ဝေး၊ အောက်တိုဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် မူးယစ်ဆေးဝါး ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ တစ်ချိန်တည်း၌ မူးယစ်ဆေးဝါးရောင်းချသူ နှစ်ဦးကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက လယ်ဝေးမြို့နယ် သာဝတ္ထိနယ်မြေ ရဲစခန်းမှ ရဲအုပ်ကျော်သန်းထွန်း တာဝန်မှူးဆောင်ရွက်နေစဉ် သရက်ကုန်းကျေးရွာနေ ကျော်ရွှေ(ခ)ကျော်ဆွေ(ခ) ဒူးရှည် ၄၆ နှစ်မှာ မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါး၊ ရှာဖွေဖမ်းဝရမ်းအမှတ် ၄/၂၀၁၄ ဖြင့် သက်သေများနှင့်အတူ ကျော်ရွှေ၏ သပြေပင်စိုက်ပျိုးထားသော နေအိမ်တဲအတွင်း ဝင်ရောက်ရှာဖွေရာ ကျော်ရွှေအားတွေ့ရှိပြီး နေအိမ်တဲ ခေါင်မိုးကြားမှ အနက်ရောင်ကြွပ်ကြွပ်အိတ်ဖြင့် ထုတ်လျက် WY စာတမ်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြား၊ ၉ ဒသမ ၅ ဂရမ် တန်ဘိုး ၂၈၅၀၀၀ ကျပ် နေအိမ်မီးဖိုချောင်အတွင်းရှိ အမိုးကြားမှ လိမ္မော်ရောင်ပလတ်စတစ် ပိုက်အတွင်းထည့်သည့် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အနည်းငယ်ပါ ပိုက်တစ်ချောင်းနှင့် အဖြူရောင်ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက် ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက်များပါ တစ်ထုပ်၊ အလေးချိန် ၄ ဒသမ ၄၅ ဂရမ် တန်ဘိုး (စိစစ်ဆဲ) ငွေစက္ကူရောရာ ၁၁၀၀၀၀ ကျပ်အားတွေ့ရှိရသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံရေးသွင်းသိမ်းဆည်းခဲ့ကြောင်းသိရသည်။

မူးယစ်ဆေးဝါး၊ စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူ ဆေးခြောက်တို့အား လက်ဝယ်ထားရှိသူ ကျော်ရွှေ(ခ)ကျော်ထွေ(ခ)ဒူးရှည်အား အရေးယူပေးပါရန် ရဲအုပ်ကျော်သန်းထွန်းက သာဝတ္ထိနယ်မြေရဲစခန်းသို့ တိုင်တန်းသဖြင့် ရဲစခန်းမှ (ပ)၇/၁၄၊ မူးစိတ်ပုဒ်မ ၁၅/၁၆ (က) ၂၁ အရ ရေးဖွင့်ပြီး ရဲအုပ်ကျော်မျိုးက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

တစ်ချိန်တည်းမှာပဲ လယ်ဝေးမြို့နယ် သာဝတ္ထိနယ်မြေရဲစခန်းမှ ရဲအုပ်သူရမင်းသည် အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက ရဲစခန်းတွင် တာဝန်မှူးဆောင်ရွက်နေစဉ် လယ်ဝေးမြို့ သရက်ကုန်းရွာနေ ဝင်းမောင် ၃၃ နှစ် သရက်ကုန်းရွာနေသူနှင့် မခင်အုန်းမြင့် ၃၀ နှစ် သရက်ကုန်းရွာနေသူတို့မှာ မူးယစ်ဆေးဝါး ရောင်းချနေကြောင်း သတင်းအရ လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးရှာဖွေဝရမ်းအမှတ် ၃/၂၀၁၄ ဖြင့် နယ်ထိန်း ရဲအုပ် မင်းလွင်နှင့် တပ်ဖွဲ့ဝင်များ၊ သက်သေရာအိမ်မှူး ဦးဖြူဝင်း၊ ဦးခင်ဇော်တို့နှင့်အတူ နေအိမ်အတွင်း ဝင်ရောက်ရှာဖွေရာ နေအိမ်၌ ဝင်းမောင်အား မတွေ့ရှိရဘဲ ၎င်း၏ဇနီးအားတွေ့ရှိရသဖြင့် နေအိမ်အတွင်း စစ်ဆေးရှာဖွေရာ နေအိမ်ခေါင်းရင်းတိုင်ခြေရင်း မြေကြီးထဲ၌ မြှုပ်ထားသောနံပတ် (၁၁၀၆) တံဆိပ်ပါ ကော်ဘူးဝိုင်း တစ်ဗူးအား ပလက်စတစ်အနက်ရောင်ဖြင့် ပတ်လျက် ၎င်းအတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၂၃၇၁ ပြား၊ ၂၃၇ ဒသမ ၁ ဂရမ်၊ တန်ဖိုး ၇၁၁၃၀၀၀ ကျပ် တွေ့ရှိရပြီး ငွေစက္ကူရောရာ ၆၇၄၉၅၀ ကျပ်အား နေအိမ် အိပ်ခန်းအတွင်းမှ တွေ့ရှိသဖြင့် မူးယစ်ဆေးဝါး၊ စိတ်ကြွရူးသွပ်ဆေးပြားများအား ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိသူ ဝင်းမောင်နှင့် ခင်အုန်းမြင့်တို့အား ရဲစခန်းမှ (ပ)၆/၂၀၁၄ မူးစိတ် ဥပဒေပုဒ်မ ၁၉(က)/၂၀/၂၁ အရ ရေးဖွင့်ပြီး ခင်အုန်းမြင့်အား အမှုဖြင့် ဖမ်းဆီးထားပြီး ဝင်းမောင်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထက်ထက်(နေလ)**

**GL အဆင့်မြင့်ခရီးသွားလုပ်ငန်း**
* တောင်ကြီးမီးပုံးပျံပွဲ၊အင်းလေး၊ပင်းတယ Nov 4
* ပြင်ဦးလွင်မီးပုံးပျံပွဲ၊မန္တလေး၊မိုးကုတ် Nov 5
* ပုဂံ(စွယ်တော်လေးဆူ)၊ပုပ္ပါး၊ပခုက္ကူ Nov 5
* ပြည်၊အကောက်တောင်(နေ့ချင်းပြန်) Nov 5
* မဲလမုံဆံတော်ရှင်၊ကျောက်ပိရပဟန္တာ(နေ့ချင်းပြန်) Nov 5
* ထားဝယ်ရှင်ကိုးရှင်၊မောင်းမကန်/ကန်ချနာဘူရီ Nov 6

အမှတ်(၁၀၀)၊လမ်းသစ်လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
09 73040050. 09 73040051. 09 73040052. 09 73040053

**Good Life Myanmar Travels & Tours Co.Ltd**
(ပြည်တွင်းအဆင့်မြင့်ခရီးစဉ်)
ပုဂံ - ညောင်ဦး - ပုပ္ပါး ( ၂ ညအိပ်၊ ၃ရက် ) - နိုဝင်ဘာလ ( ၂၁ ) ရက်
မန္တလေး - မုံရွာ - စစ်ကိုင်း - မင်းကွန်း - ပြင်ဦးလွင် ( ၄ ညအိပ်၊ ၅ရက် )
ရွှေစက်တော် - မုံရွာ - အလောင်းတော်ကဿပ
(၁၀) ဦးသွားလျှင် (၁)ဦးလက်ဆောင်လိုက်ပါခွင့်ရရှိပါမည်။
ကားမျိုးစုံ ငှားရမ်းခြင်း ၊ ဟိုတယ် ၊ လေယာဉ် ၊ ကားလက်မှတ် ၊ ဗီဇာ ဝန်ဆောင်မှုများကို လူကြီးမင်းတို့ စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
ဖုန်း-၀၉၇၃၁၁၄၄၁၃၊၀၉၂၅၄၀၀၆၁၉၁၊၀၉၄၃၀၈၃၂၅၅
အမှတ်(၉၃)၊ပထမထပ်၊ကျောက်မြောင်းလမ်းနှင့်မလွှကုန်းလမ်းထောင့်၊တာမွေမြို့နယ်၊ရန်ကုန်။

**မိုးကုတ်မြို့နယ်အသင်း**
**ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းတရားတော်နာဖိတ်ကြားလွှာ**
မိုးကုတ်မြို့နယ်သူ/သား၊ အသင်းသူ/သားများ၏ ပထမအကြိမ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို "မိုးထိအောင်စည်" ကျောင်းတိုက်၊ နွယ်သာကီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ ဒဂုံမြို့နယ်တွင် သီတင်းသုံးကြသော ဝါဆိုသံဃာတော်များအား ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။ ၃-၁၁-၂၀၁၄ ရက်(တနင်္လာနေ့)၊ နံနက် ၉း၀၀ နာရီတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊ အမှတ်(၈၂)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်သို့ ကထိန်တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
ဆက်သွယ်လှူဒါန်းရန်
(၁) ဦးအောင်နိုင်မြင့် (၀၁-၅၄၉၅၈၃) (၅) ဦးတင်ဦး(၀၉-၇၃၈၈၉၉၆၈)
(၂) ဦးခင်အောင်ရွှေ(၀၉-၆၅၃၈၈၇၂) (၆) ဦးမောင်အေး(၀၉-၅၁၃၅၄၃၇)
(၃) ဦးသိန်းအောင်(၀၉-၄၂၀၀၃၃၇၃၃) (၇) ဒေါ်ထားထားလွင်(၀၉-၅၀၁၈၆၅၇)
(၄) ဦးသန်းဝင်း(၀၉-၈၆၃၄၇၉၆) (၈) ဒေါ်ဝင်းသန္တာ(၀၉-၇၃၀၁၇၃၉၀)

**ပိုင်ရှင်ကိုယ်တိုင်အမြန်ငှားမည် (ပွဲစားမလို)**
သဃ်န်းကျွန်း၊ ရတနာလမ်းမပေါ် SSS Car Service Centre အနီး (50'×60')ပေါ်ရှိ တိုက်တစ်လုံးနှင့်မြေပိုပါ။ Showroom ဖွင့်ရန်ကောင်းမွန်သောနေရာအား ပိုင်ရှင်ကိုယ်တိုင်အမြန်ငှားမည်။
Ph:09-250514752, 09-259264374

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၄၁၁၊ မြေကွက်တည်နေရာ-၃၄/၄၁၁၊ သရဖီလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း (ဦးလှိုင်မြင့် HZA-၁၈၈၂၆၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှိုင်မြင့်(တရားရှုံး)(ကိုယ်စား)ဘီလစ်ဒေါ်လှဲ့လှဲ့ခိုင်[၁၃/တကန(နိုင်)၀၀၃၄၁၉]က တရားမကြီးမှုအမှတ်-၁၁၀(၂၇-၈-၁၄)၊ ဇာရီမှုအမှတ်-၉၉(၂-၁၀-၁၄)တို့ကိုတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်ပေါက်တောတိုးချဲ့၊ မြေကွက်အမှတ် ၁၂၆၊ မြေကွက်တည်နေရာအမှတ် ၁၂၆၊ ဘုရင့်နောင်လမ်းသွယ်(၄)၊ ပေါက်တောတိုးချဲ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးမှတ် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား၊ အမည်ပေါက် ဦးမှတ် ကွယ်လွန်သဖြင့် ဒေါ်တင်တင်နိုင်(၉/မတန(နိုင်)၀ရ၈၃၆၂)မှ ဓမ္မ တော်စပ်ကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ သေတမ်းစာ၊ ထောက်ခံကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေငြာအပ်ပါသည်။
ဌာ န မှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကျေးဇူးဆပ်ပါမည်**
ဦးညီညီလွင်[၇/ညလပ(နိုင်)၀၆၅၉၅၀]၏ NYKသင်္ဘောလိုင်း၏(B/L) နံပါတ် NYKS-181247999 မူရင်းစာရွက် ၃ စောင်နှင့် အိပ်စ်ပို့ စာတီဖိကိတ်စာရွက်(၁)ရွက်တို့မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၅၉၉၇၈၆၊ ၀၉-၂၅၀၂၂၂၂၈၆

# ရှောက်ကုန်းရွာမှ ရန်ကုန်–မန္တလေးကားလမ်းဟောင်းထိ ကတ္တရာလမ်းသစ် ဖွင့်

**တပ်ကုန်း၊ အောက်တိုဘာ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာမှ ရန်ကုန်-မန္တလေးကား လမ်းဟောင်းထိ ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက်နံနက် ၇ နာရီ ၂၀ မိနစ်က အဆိုပါ ကတ္တရာခင်းလမ်းသစ်၌ ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ် တာဝန်ခံ ဦးမြင့်ရွှေက လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုကောင်းမွန်လာစေရန် ကျေးရွာလမ်း အဆင့်မြှင့်တင်ပေးခြင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း အမှာစကားတွင်ထည့်သွင်းပြောကြားခဲ့သည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဟန်ဝင်းက လမ်းဖွင့်လှစ်ပေးခြင်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်း၊ ရှောက်ကုန်းကျေးရွာ ကတ္တရာခင်းလမ်းတွင် ဖြတ်သန်းသွားလာသော ပြည်သူများ၏ကိုယ်စား ဦးကြည်ခင်မှ ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီအင်ဂျင်နီယာဌာန(လမ်း/တံတား) မှ ညွှန်ကြားရေးမှူးဦးအောင်မိုး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်တို့က ကတ္တရာခင်းလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား) မှ ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြတ်ဟန်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှောက်ကုန်းကျေးရွာမှ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းထိ အရှည် ၆၆၀၀ ပေ၊ အကျယ် ၁၀ ပေရှိ ကတ္တရာလမ်းသစ်အဖြစ် အဆင့်မြှင့်တင် ဆောက်လုပ်ရာတွင် ကုန်ကျငွေကျပ် ၉၄ ဒသမ ၆၃ သန်းကုန်ကျပြီး၊ နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ယင်းနေ့က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်၊ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေတို့သည် ရှောက်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း အောင်မြေ ရန်ကင်းမဏ္ဍပ်ရုံသို့ရောက်ရှိကာ ရှောက်ကုန်း၊ မကျီးကုန်း၊ ကျားသေအိုင်၊ နွယ်



ရစ်အုပ်စုများ၏ ပြည်သူများနှင့်တွေ့ဆုံပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချစေရေး ရည်ရွယ်၍ မျိုးကောင်းမျိုးသန့် နွား၊ ဆိတ်၊ ဝက်၊ ဘဲ စသည့် တိရစ္ဆာန်များ၊ မြက်မွေးမြူခြင်းများ ရှင်းလင်းဆွေးနွေးခဲ့ပြီး ကျေးရွာအုပ်စုလေးအုပ်စုရှိ ကျေးရွာပြည်သူများသို့ လိုအပ်သည့် လုပ်ငန်းများကို စီမံဆောင်ရွက်ပေးသွားရန် အစီအစဉ်ရှိကြောင်း ပြောကြားခဲ့သည်။

**တင်စိုးလွင်**

# မကွေးတက္ကသိုလ်များ၌ PDLS စက်များ တပ်ဆင်

**မကွေး၊ အောက်တိုဘာ ၂၆**

စာအုပ်များအား ဖတ်ရှုနိုင်ရန် Wifi စနစ်ဖြင့် ဖတ်ရှုနိုင်သကဲ့သို့ Download လုပ်ပြီးလည်း ယူဆောင်သွားနိုင်ရန် စီစဉ်ထားသည့် Public Digital Library Sevice(PDLS) စက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက တပ်ဆင်ရန် ကျန်ရှိနေသေးသည့် မကွေးတက္ကသိုလ်၊ ပညာရေးကောလိပ်၊ သူနာပြုတက္ကသိုလ်နှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးများတွင်လည်း ဆက်လက် တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

မကွေးမြို့သည် တက္ကသိုလ်ပေါင်းစုံရှိသည့် နေရာဖြစ်သည်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများ စာပေဗဟုသုတများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဝန်ထမ်းများသည် အခြေခံ ကျန်းမာရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များတွင် PDLS စက်များလိုက်လံတပ်ဆင်ပေးပြီးဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုလျက်ရှိကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တက္ကသိုလ်များနှင့် လူစည်ကားရာနေရာများတွင် တပ်ဆင်ထားသည့် PDLS စက်များမှ စာအုပ်များ အလွယ်တကူဖတ်ရှုနိုင်ရန်အတွက် အသုံးပြုနည်းလမ်းညွှန် ဗီနိုင်းများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မကွေးမြို့နယ်ဦးစီးမှူးက "ဒီလို PDLS စက်တွေ တပ်ပေးတော့ စာကြည့်တိုက်ကိုလာဖို့ အချိန်မပေးနိုင်တဲ့သူတွေ ပိုပြီးအဆင်ပြေသွားတာပေါ့။ လမ်းညွှန်စာရွက်တွေပါ ပေးပါတယ်။ နောက်လူတွေမသိရင်လည်း လက်ဆင့်ကမ်းပေးနိုင်အောင်လို့ပါ" ဟုပြောကြားခဲ့သည်။

**ခင်မာလာ(မကွေး)**

# မြေပဲအထွက်နည်းခဲ့သော်လည်း ဝယ်ဈေးအနည်းငယ်မြင့်တက်၍ သင့်တင့်သော အကျိုးအမြတ်များ တောင်သူတို့ရရှိ

**စစ်ကိုင်း၊ အောက်တိုဘာ ၂၆**

ယခုနှစ်မြေပဲဈေးမှာ မြေပဲပေါ်ချိန်တွင် ကနဦးဈေး တစ်ပိဿာလျှင် တစ်ထောင့်ရှစ်ရာကျပ်မှ ပဲသန့်ပြီးခြောက်လျှင် နှစ်ထောင်ကျပ်အထိရရှိသဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဩဂုတ်မြေပဲစိုက်တောင်သူများ အနေဖြင့် ရာသီဥတုကြောင့် အထွက်နှုန်းနည်းခဲ့သော်လည်း ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့သောကြောင့် သင့်တင့်သောအကျိုးအမြတ်များ ရရှိခဲ့ကြောင်း သိရသည်။

"ဩဂုတ်မြေပဲပေါ်ချိန်ဆိုတော့ ကားအဝင်အထွက်ကောင်းတဲ့မြို့ပေါ်ကုန်အဝယ်ဒိုင်တွေ အရောင်းအဝယ်ဖြစ်ပြီး တစ်နေ့ မြေပဲအိတ်ပိုင်း ၇၀ လောက် ဝယ်ယူရရှိပါတယ်။

'ကျွန်တော်တို့ကလည်း မန္တလေးလက်ကားဒိုင်ကြီးများကို ပြန်လည်ရောင်းချရပါတယ်။ လက်ကားဒိုင်ကြီးတွေရဲ့ အခြေအနေပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်" ဟု ကုန်အဝယ်ဒိုင်မှ ပိုင်ရှင်တစ်ဦးက ပြောသည်။

ယခင်နှစ်မြေပဲပေါ်ချိန်တွင် ကာလတူ ကနဦးဈေးမှာ မြေပဲသန့်ပြီးခြောက်ပါမှ တစ်ပိဿာလျှင်တစ်ထောင့်လေးရာကျပ်ရရှိပြီး အမြင့်ဆုံးဈေးမှာ တစ်ထောင့်ခြောက်ရာကျပ်သာရရှိခဲ့ကြသည်။

စစ်ကိုင်းမြို့နယ်အတွင်း ရှိ ကျေးရွာများတွင် ကုန်းမြေနှင့် ယာမြေများ၌ ရာသီဥတုကို မှီတည်ပြီး သဘာဝ မိုးကိုသာ မျှော်ကာ ဩဂုတ်လတွင် စိုက်ပျိုးရသောကြောင့် ယင်းမြေပဲကို ဒေသအခေါ် ဩဂုတ်မြေပဲဟု ခေါ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊မြေကွက်အမှတ်(၄၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၈/ခ)၊အနော်မာအနောက်(၁)လမ်း၊၁-ရပ်ကွက်၊သာကေတမြို့နယ် ၁။ဒေါ်အေးမြင့် ၂။ ဦးခင်အောင်မျိုး ၃။ ဒေါ်နီလာအောင် ၄။ ဦးသူရအောင်မျိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဧရိယာ (၂၀'×၆၀') ရှိသည့်အနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးမြင့်ပိုင်သည့် ဧရိယာ(၁၀'×၆၀') အား သာကေတမြို့နယ်တရားရုံး၌ ဒေါ်ညွန့်ညွန့်ဝေ(တရားနိုင်) ၂၀၁၄-ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် တရားစွဲခဲ့ပြီး ရရှိသည့်အနိုင်ဒီကရီနှင့် ၂၀၁၄ခုနှစ်၊ဇာရီမှုအမှတ်-၅၁၏အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်တင်မေလွင် [၁၂/ ဗဟန(နိုင်)၀၂၀၈၆၇]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆အေ၊ မြေကွက်အမှတ်- ၁၉၉၊ မြေကွက်တည်နေရာအမှတ်(၃၁)၊ လှည်းတန်းလမ်း၊ မကျီးမြောက်၊ ကြည့်မြင်တိုင်မြို့နယ်၊ နှစ်(၆၀)ဂရန် အမည်ပေါက် ဒေါ်အုန်းခင်၊ ဒေါ်ဖွားတို့သည်(အပိုကြီး)ဘဝဖြင့် ကွယ်လွန်ပြီး အမည်ပေါက် မွေးချင်းတစ်ဦး ဖြစ်သူ ဒေါ်ညွန့်ညွန့်နှင့်ခင်ပွန်း ဦးကျော်ထင်၊ သား ဦးအောင်ချိန် အသီးသီးကွယ်လွန်သဖြင့် ဦးခင်ဇော် [၁၂/ကမတ(နိုင်)၀၃၆၆၈၉]ဦးမောင်မောင်သိန်း[၂/လကန(နိုင်)၀၉၇၉၄၆]ဒေါ်ခင်မာချို[၁၂/ကမတ (နိုင်)၀၃၆၆၇၈]တို့က သားသမီး ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပိုင်ဆိုင် ကြောင်း စာချုပ်ချုပ်ရန်နှင့် စွန့်လွှတ်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လာခြင်းမရှိပါက မြေပုံကူး လျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Better Life
ECSC Education & Career Supporting Centre
- Native Speaker ကိုယ်တိုင်သင်ကြားမည့် Japanese Conversation တန်းခွဲသစ်24.10.2014 တွင်ဖွင့်လှစ်မည်၊ကြော်ငြာဖြတ်ပိုင်းဖြင့် လာရောက်သူများကို 20% Discount လျှော့ပေးမည်၊ ကြော်ငြာ ဖြတ်ပိုင်း မပါရှိသူများအတွက်လည်း Discount ရှိသည်၊
- JLPT အတွက်N5 Practice ပညာဒါန(ရှုံးရှိန်ပြင်ပ)တန်းခွဲသစ်စတင်တော့မည်၊
- ဂျပန်နိုင်ငံရှိ University နှင့် Language School သို့ ပညာသင်ကြားလိုသူများ 2015 April Intake အတွက် ကျောင်းဝင်ခွင့် Form များ လက်ခံနေပါပြီ၊
ဆက်သွယ်ရန်။ Better Life Education & Career Supporting Centre
No.410~411 4th Fl, La Pyayt Wun Plaza, Dagon Tsp, Yangon. Tel:01-382529



# ရွှေတိဂုံစေတီတော် ကြာသက်န်းရက်လုပ်ပြိုင်ပွဲ နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် အကြိမ်(၃၀)မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၆ ရက် အရုဏ်တက်ချိန်တွင် အာရုံခံတန်ဆောင်းများအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် လေးဆူနှင့် တကွ အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ရုပ်ပွားတော် ရင်ပြင်တော်ပေါ်ရှိ ရုပ်ပွားတော်များကို မသိုးသင်္ကန်း ကပ်လှူပူဇော်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ရက်ကန်းစင် ကိုးစင် ဝင်ရောက်ယှဉ်ပြိုင်ပြီး ပထမဆု ကျပ် သုံးသိန်း၊ ဒုတိယဆု ကျပ် နှစ်သိန်းခွဲ၊ တတိယဆု ကျပ် နှစ်သိန်း၊ နှစ်သိမ့်ဆု တစ်သင်းလျှင် ကျပ်တစ်သိန်းခွဲစီ ချီးမြှင့်သွားမည်ဟု သိရသည်။ မသိုးသင်္ကန်းရက် ပြိုင်ပွဲကို အောက်တိုဘာ ၂၄ ရက်တွင် မဲစနစ်ဖြင့် ဆုံးဖြတ်ပြီး အောက်တိုဘာ ၂၅ ရက်မှစတင်၍ နံနက် ၈ နာရီမှ ညနေ ၃ နာရီအတွင်း သင်္ကန်းများကို အစမ်းလေ့ကျင့်ရက်လုပ်သွားမည်ဖြစ်သည်။

၂၀၁၃ ခုနှစ် မသိုးသင်္ကန်း ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ဗုဒ္ဓဟူးညနေအသင်းမှ တာဝန်ရှိသူ မနေခြည်ဝင်းအားမေးမြန်းခဲ့ရာ "အစ်မတို့ ဒီနှစ် သရဖီပန်းစင်တော်အမည်နဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာပါ၊ ပြိုင်ပွဲဝင်ချင်တဲ့အဖွဲ့တွေများပြားလို့ မဲစနစ်ကျင့်သုံးပြီး ပြိုင်ပွဲဝင်တွေကို သတ်မှတ်ပေးပါတယ်။ ကြာချည်မျှင်နဲ့ ရက်ကန်းစင်အတွက် လိုအပ်သမျှအားလုံးကို ဂေါပကအဖွဲ့က စီစဉ်ပေးပါတယ်။ အစ်မတို့က အဖိတ်နေ့ကို ပြိုင်ပွဲဝင်ဖို့တင်မဟုတ်ဘဲနဲ့ အစမ်းလေ့ကျင့်နေတဲ့အချိန်မှာ ကော်ကပ်ထားတဲ့ ချည်မျှင်တွေကို ဖြေပြီး ပွတ်လုံးတွေမှာ ပြန်ရစ်ရတယ်။ ရက်ဖို့အတွက် လုံးဆန်တွေကို ထိုးထိုးပြီးရစ်ထားရပါတယ်။ ရက်ကန်းစင်တစ်ခုမှာ ကြီးကြပ်သူ၊ ရက်လုပ်သူနှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖


**မာတိကာ**

သန့်ရှင်းသော လူ့ဘောင်သစ် — စာမျက်နှာ - ၂

အာရှရာစုခေတ် တိုးတက်ရစ်ဖို့ ဘဏ်သစ်ဖွင့်လှစ်ပြီ — စာမျက်နှာ - ၅

သတင်းထောက်နှင့် ဥပဒေ — စာမျက်နှာ - ၆

ဂျော်ဒန်သို့ မြန်မာအလုပ်သမားများ စေလွှတ်ခွင့်မပြု — စာမျက်နှာ - ၈

မြန်မာ ယူ-၁၉ အသင်းမှ ကျောနံပါတ် ၁၁ အား သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု — စာမျက်နှာ - ၁၂


# ယခုနှစ် ရာသီကုန်အထိ ပါဝင်ကစားတော့မည် မဟုတ်ကြောင်း ရာဖေးလ်နာဒယ်ပြောကြား

စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်သည် လာမည့်လတွင် ခွဲစိတ်ကုသမှုခံယူရန်ရှိသောကြောင့် ယခုနှစ်ရာသီတွင် ပါဝင်ကစားတော့မည်မဟုတ်ကြောင်း လူသိရှင်ကြား ထုတ်ဖော်ပြောကြားလိုက်ကြောင်း သိရသည်။

ဂရင်းဆလင်းချန်ပီယံ(၁၄)ကြိမ်အထိ ဆွတ်ခူးရရှိထားသည့် ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် လန်ဒန်မြို့တွင် ကျင်းပမည့် အေတီပီတိုးနောက်ဆုံးဗိုလ်လုပွဲယှဉ်ပြိုင်မည့် နိုဝင်ဘာလအထိ ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်တဲ့ စွမ်းရည်ပြည့်ဝမှုမျိုးမရှိသေးဘူး။ အဲဒါကြောင့် ပါရီမြို့မှာကျင်းပမယ့် ပဲရစ်မာစတာတင်းနစ်ပြိုင်ပွဲရော လန်ဒန်မြို့မှာ ကျင်းပမယ့် အေတီပီတိုးပြိုင်ပွဲကိုပါ သွားရောက်ယှဉ်ပြိုင်မှာမဟုတ်ပါဘူး။ ကျွန်တော် နိုဝင်ဘာ ၃ ရက်မှာ ခွဲစိတ်ကုသမှုလုပ်ရမှာပါ"ဟု ပြင်သစ်အိုးပင်းတင်းနစ်ဖလား ကိုးကြိမ်မြောက် ဆွတ်ခူးထားနိုင်ခဲ့သည့် ရာဖေးလ်နာဒယ်က ပြောကြားခဲ့သည်။

**(ငွေကြယ်)**




စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်အား တွေ့ရစဉ်။

# နိုင်ငံတကာပြိုင်ပွဲများအတွက် ရောဝတီအသင်း အပြီးသတ်လူရွေးချယ်

**နေပြည်တော် အောက်တိုဘာ ၂၆**

သတင်း-ချစ်ကိုကို
ဓာတ်ပုံ-ရှိုင်းထက်ဇော်

နိုင်ငံတကာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရောဝတီအသင်းသည် အပြီးသတ်ကစားသမား ၁၈ ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။ အပြီးသတ်ရွေးချယ်ရာတွင် နိုင်ငံခြားသားကစားသမားသုံးဦး အပါအဝင် အမာခံကစားသမား အစုံအလင် ပါဝင်လာသော်လည်း လက်ရွေးစင်နှင့် ယူ-၁၉ကစားသမားများကို ရွေးချယ်နိုင်ခြင်းမရှိခဲ့ပေ။

ပြိုင်ပွဲဝင်မည့် ရောဝတီအသင်းတွင် အုပ်ချုပ်သူ ဦးလင်းရောင်၊ နည်းပြချုပ် ဦးဆန်းဝင်း၊ လက်ထောက် နည်းပြများအဖြစ် ဦးအောင်ခိုင်၊ ဦးမိုးဟိန်းမြင့်၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုး-ချမ်းငြိမ်းကျော်၊ နေလှိုင်၊ နောက်တန်း-စံမျိုးဦး၊ မိုးဝင်း၊ ကလစ်ဖို့ဒ်၊ ဟိန်းသီဟဇော်၊ ရွှေလှိုင်ဝင်း၊ နေလင်းအောင်၊ အလယ်တန်း နိုင်လင်းဦး၊ ဖြိုးကိုကိုသိန်း၊ အေးကိုကိုမောင်၊ အောင်ကျော်မျိုး၊ နေလင်းထွန်း၊ သီဟဇော်၊ ကင်မ်ဆောင်မင်၊ ရှေ့တန်း-ကိုနေး၊ စိုးကျော်ကျော်နှင့်ရန်ပိုင်စိုးတို့ ပါဝင်ကြသည်။

၂၀၁၄ရာသီ MFF Cup ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိခဲ့သည့် ရောဝတီအသင်းသည် နိုင်ငံတကာကလပ်အသင်းပြိုင်ပွဲနှစ်ခုကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည့် မဲခေါင်တိုယိုတာကလပ်အသင်းပြိုင်ပွဲနှင့် နိုဝင်ဘာ ၇ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် BTV Cup ပြိုင်ပွဲတို့ဖြစ်ပြီး ပြိုင်ပွဲနှစ်ခုစလုံးကို ဗီယက်နမ်နိုင်ငံတွင် ကျင်းပသွားမည်ဖြစ်သည်။

မဲခေါင်တိုယိုတာ ဖလားပြိုင်ပွဲကို အသင်းလေးသင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပုံစံဖြင့် ကစားကာ အနိုင်ရရှိသောနှစ်သင်းမှာ ဗိုလ်လုပွဲတက်ရမည်ဖြစ်သည်။ ဆီမီးပွဲစဉ်အဖြစ် မြန်မာကိုယ်စားပြု ရောဝတီအသင်းမှာ လာအိုကလပ် Hoang Atin Attapeu အသင်းနှင့် တွေ့ဆုံနေပြီး အခြားပွဲစဉ်အဖြစ် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်စရောင်းအသင်းနှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐



ရောဝတီဘောလုံးအသင်းမှ အားကစားသမားများကို တွေ့ရစဉ်။




Ph:662107, 9669012, 0973028674, 02-77838,053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905.


R/184 themirror.npt@gmail.com www.facebook.com/themirrordaily

## မြစိမ်းမြန်မာ ဗုဒ္ဓဂယာ

အဆင့်မြင့်ဘုရားဖူးလုပ်ငန်း

21.Jan.15
21.Feb.15
27.Mar.15

သံဝေဇနိယ လေးဌာန + အဝိဇဟိတ သုံးဌာန ( အိန္ဒိယ ၊ နီပေါ )

**မြစိမ်းမြန်မာ မှတစ်မူထူးခြားသောဝန်ဆောင်မှုများ**

- Ph.D ဆရာတော် နှင့် အတူဘုရားသမိုင်းလေ့လာခြင်း၊ တရားထိုင်ခြင်း၊
- နောက်ဆုံးပေါ် Model မြင့်ကားများကို လူဦးရေအပြည့်မတင်ပဲသွားခြင်း၊
- တစ်နေ့ထမင်း (၃) ကြိမ် အပြင် အဆာပြေမုန့်၊ ကော်ဖီ၊ သစ်သီးများ ကျွေးမွေးခြင်း၊
- အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှုနှင့် Mobile Toilet ပါရှိခြင်း၊
- ခရီးသည်ဦးရေကန့်သတ်သွားလာခြင်းကြောင့် တစ်ဦးချင်းစီကို VIP ကဲ့သို့ စောင့်ရှောက် ပို့ဆောင်ပေးနိုင်ခြင်း၊

Royal Package - US$ 1300 ၇ည/၈ရက်(5/4 Star Hotel)
သီးသန့်သွားလိုသူ (၆) ဦးပြည့်လျှင် ဈေးနှုန်း ပြောင်းလဲခြင်းမရှိပဲ ဆောင်ရွက်ပေးပါသည်။
VIP Package - ၈သိန်း၅သောင်း ၁၀ည/၁၁ရက်

YGN ✆ 09-421013999
09-421014999
MDY ✆ 09-975679511
09-975679522

## EMERALD MYANMAR Travels & Tours

VIP

Holiday Packages

| | | |
|---|---|---|
| Bangkok + Pattaya | ( 5D - 4N ) | 07.Nov / 28.Dec |
| Singapore | ( 5D - 4N ) | 06.Nov / 28.Dec |
| Hong Kong + China | ( 8D - 7N ) | 04.Nov / 25.Dec |
| Korea | ( 8D - 7N ) | 08.Nov / 25.Dec |
| Bangkok + Phuket | ( 4D - 3N ) | 29.Dec |
| Singapore + Bali | ( 5D - 4N ) | 28.Dec |
| Japan | ( 8D - 7N ) | 24.Dec |

YGN ✆ 09-421013999
09-421014999
MDY ✆ 09-975679511
09-975679522

## ပြည်ထဲရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည့် တပ်ဖွဲ့ဝင်များ အသုံးပြုရန် တူညီဝတ်စုံပိတ်စ(ခဲ/ဖြူ/နက်ပြာ)များ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် | - | ၂၈-၁၀-၂၀၁၄ရက် |
| ၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် | - | ၃-၁၁-၂၀၁၄ ရက် |
| ၄။ ကုမ္ပဏီ၏အချက်အလက်တင်ပြရန်နောက်ဆုံးရက် | - | ၅-၁၁-၂၀၁၄ ရက် |
| ၅။ တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၇-၁၁-၂၀၁၄ရက် နံနက် ၁၀ နာရီ |

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်(၁၀၀၀၀ိ/-)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းနံပါတ်-၀၆၇-၄၁၁၃၁၄၊ ၀၉-၄၉၂၄၁၄၆၈ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ပြည်ထဲရေးဝန်ကြီးဌာန**

## HOWအဆင့်မြင့် ခရီးသွားလုပ်ငန်း(အထူးခရီးစဉ်)

**- တောင်ကြီး၊ အင်းလေးဖောင်တော်ဦး၊ ပင်းတယ၊ ကလော၊ အောင်ပန်း ဟိုတယ်အိပ်၊ ဟိုတယ်/စားသောက်ဆိုင်စား၊ Scania Bus, အဆင့်မြင့်ကား တို့ဖြင့် အဆင့်မြင့်မြင့် သွားမယ်။ ၄ညအိပ်-၅ရက်ခရီး၊ စရိတ်ငြိမ်း-၁၂၅၀၀၀ိ/- (Oct-28,31 Nov-3,5,11,14,18,21,25,28) နေ့ရက်များတွင်ထွက်မည်။**

**Ph:09-73027303 , 09-5114301, 09-5180337**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့ မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

| | | |
|---|---|---|
| ၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၂၇-၁၀-၂၀၁၄ရက် |
| ၃။ တင်ဒါပိတ်မည့်ရက် | - | ၃၀-၁၀-၂၀၁၄ရက် |
| ၄။ တင်ဒါပိတ်မည့်အချိန် | - | ၁၂နာရီ |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Toyota Mark X
(ခ) Toyota IPSUM
(ဂ) Toyota Caldina Van

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၃-၁၁-၂၀၁၄ရက် (တနင်္လာနေ့) |
| နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၁၇-၁၁-၂၀၁၄ရက်၊ ညနေ ၄း၃၀နာရီ(တနင်္လာနေ့) |
| တင်ဒါဖွင့်မည့်ရက် | - | ၂၄-၁၁-၂၀၁၄(တနင်္လာနေ့) |
| နေရာ | - | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (နေပြည်တော်) |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဇေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၄၀၃၁၇၀၊ ၄၀၃၄၉၀**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V TRANS FUTURE-1.V.221 သင်္ဘောသည် ၂၉-၁၀-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များ အနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADINGများ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊**
**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အသိပေးကြေညာချက်

စင်ကာပူနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V CSC TAI HAI V.7သင်္ဘောသည် ၂၈-၁၀-၂၀၁၄ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊**
**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**အမည်ပြောင်း**

ပန်းတနော်မြို့နယ်၊ အင်းမ အထက တက္ကသိုလ်ဝင်တန်း(C)မှ အဖ ဦးမြသာရွှေ၏သား အောင်ကျော်ကျော်အား အောင်ချမ်းမိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**အောင်ချမ်းမိုး**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးရှောင်လတ်[၁/မကန(နိုင်)၀၉၇၅၄၀]၏ ပတ်စပို့(စ်) (No.မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၄၀၁၅၉၇၂၉**

## ဝန်ထမ်းအလိုရှိသည်

HH.Mobile

| | |
|---|---|
| မန်နေဂျာချုပ် | (၁)ဦး |
| လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။ | |
| ပြည်ပလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ | |
| လစာကို ဒေါ်လာနှင့်ရှင်းပေးမည်။ | |
| အရောင်းမန်နေဂျာ | (၂)ဦး |
| လုပ်ငန်းအတွေ့အကြုံ ၅ နှစ်ရှိရမည်။ | |
| အရောင်းစာရေး | (30) ဦး |
| လစာပေးပြီး per% 20% မှ 50% ထိရမည်။ | |

**Ph 09-259782825, 09-259782826**

**No.193၊ မင်းရဲကျော်စွာလမ်း/မ. ဒဂုံကျောင်းလမ်း၊ ၃၆-ရပ်ကွက်၊ မ/ဒဂုံ**

## ဝန်ထမ်းအမြန်အလိုရှိသည်

**လစာကောင်း+ရာခိုင်နှုန်း+ရက်မှန်ကြေး**

| | |
|---|---|
| လက်သည်းပုံဖော် (ကျွမ်းကျင်) | မ (၂) ဦး |
| ခေါင်းလျှော် (ကျွမ်းကျင်) | မ (၃) ဦး |
| အလုပ်သင် | မ (၁) ဦး |

**Ph:09-425026380, 09-30695284**

## ဝန်ထမ်းအမြန်အလိုရှိသည်

| | |
|---|---|
| Air-con (ကျွမ်းကျင်) | ကျား (၅) ဦး |
| လစာ (၂)သိန်းဝန်းကျင် | |
| Air-con အကူပညာသင် | ကျား (၁၀) ဦး |
| လစာ (၇)သောင်းဝန်းကျင် | |

**Ph:09-425026380, 09-30695284**

## ဝန်ထမ်းအလိုရှိသည်။(ပြည်တွင်း၌သာခန့်ထားရန်)

**MK Fashion Shop** တွင်တာဝန်ထမ်းဆောင်ရန် ကျန်းမာရေးကောင်းမွန်၍ အကျင့်စာရိတ္တကောင်းမွန်ဖော်ရွေသော အောက်ပါဝန်ထမ်းများအားအလိုရှိပါသည်။

| | | |
|---|---|---|
| (၁) Storekeeper | အမျိုးသမီး | (၅) ဦး |
| (၂) Salesperson | အမျိုးသမီး | (၃၅) ဦး |
| (၃) Cashier | အမျိုးသမီး | (၁၅) ဦး |
| (၄) Security | အမျိုးသား | (၅) ဦး |

အမှတ်စဉ်(၁) အသက်(၂၀)နှစ်မှ(၃၀)နှစ်အတွင်းဖြစ်ရမည်။ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

အမှတ်စဉ်(၂) အသက်(၁၈)နှစ်မှ(၂၅)နှစ်အတွင်းဖြစ်ရမည်။ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။

အမှတ်စဉ်(၃) အသက်(၁၈)နှစ်မှ(၂၅)နှစ်အတွင်းဖြစ်ရမည်။ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။

အမှတ်စဉ်(၄) အသက်(၂၅)နှစ်မှ(၅၀)နှစ်အတွင်းဖြစ်ရမည်။ အခြေခံပညာအထက်တန်းအဆင့်ရှိသူဖြစ်ရမည်။

အထက်ပါအရည်အချင်းများနှင့်ပြည့်စုံသောလျှောက်ထားလိုသူများသည်လျှောက်ထားလိုသောရာထူး၊(၆)လအတွင်းရိုက်ထားသောလိုင်စင်ဓါတ်ပုံ(၁)ပုံ၊အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ပညာရေးအထောက်အထားမိတ္တူ၊အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံစာ၊ရပ်ကွက်ထောက်ခံစာ၊သန်းခေါင်စာရင်းမိတ္တူတို့နှင့် အတူ(၁၈. ၁၁. ၂၀၁၄)နေ့နောက်ဆုံးထား၍လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူများသည် လူတွေ့စစ်ဆေးမည့်နေ့ရက်နှင့်အချိန်ကို(၁၉. ၁၁. ၂၀၁၄)နေ့တွင် **MK Company Limited** ပထမထပ်၊သီရိမင်္ဂလာဈေးဟောင်း၊ကမ်းနားလမ်း၊ကြည့်မြင်တိုင်သို့လာရောက်စုံစမ်းနိုင်ပါသည်။

## ယာဉ်မောင်းအမြန်အလိုရှိသည်

| | |
|---|---|
| ၁။ Excavator Backhoe မောင်းရန်။ | (၅-ဦး) |
| အခြေခံလစာကျပ်(၂၅၀၀၀၀/-)(စာဖြင့်-နှစ်သိန်းငါးသောင်းကျပ်)မှ စတင်ရရှိမည်။ | |
| ၂။ Bulldozer မောင်းရန်။ | (၃-ဦး) |
| အခြေခံလစာကျပ်(၂၅၀၀၀၀/-)(စာဖြင့်-နှစ်သိန်းငါးသောင်းကျပ်)မှ စတင်ရရှိမည်။ | |
| ၃။ ကားကြီး(၁၀-ဘီးကား)မောင်းရန်။ | (၁၀-ဦး) |
| အခြေခံလစာကျပ်(၂၂၀၀၀၀/-)(စာဖြင့်-နှစ်သိန်းနှစ်သောင်းကျပ်)မှ စတင်ရရှိမည်။ | |

၄။ ယာဉ်မောင်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။
၅။ မော်တော်ယာဉ်မောင်းလိုင်စင် (အနီ)(င-အဆင့်)ရှိရမည်။
၆။ ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
၇။ မှတ်ပုံတင်(မူရင်း)၊ သန်းခေါင်စာရင်း(မူရင်း)၊ ရပ်ကွက်/ကျေးရွာထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်ရေးရာဇဝင်ပုံစံ(CV Form)နှင့် လိုင်စင်ဓာတ်ပုံ(၂)ပုံ ပူးတွဲ၍လျှောက်လွှာတင်ရန်။

**Delco Limited**
**[ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှု ဖော်ဆောင်ရေး(ဒယ်လ်ကို)လီမိတက်]**
**ဆက်သွယ်ရန်-အမှတ်-၁၅၀(ဘီ)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကုက္ကိုင်းမီးပွိုင့်(အရှေ့ဘက်)၊**
**Diamond Auto Showroom (၂)ထပ်၊ ဗဟန်းမြို့နယ်။**
**ဖုန်း ၀၁-၄၀၀၅၃၄၊ ၀၁-၅၄၀၄၃၂**

## ဝန်ထမ်းအလိုရှိသည်

MD

အရောင်းမန်နေဂျာ(၃)ဦး အလိုရှိသည်။

လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။

လစာပေး+Per%

3 သိန်းမှ 10 သိန်းထိ ပေးမည်။

**HP:09-425012666**

## စီးတီးဘတ်စ်ရောင်းမည်

လက်ရှိပြေးဆွဲနေသော (၃၉) ကားကြီးဂိတ်လိုင်း (၂)စီးလုံး လိုင်စင်ဝင်ပြီး၊ ဟွန်ဒိုင်းဖူဆို 6D. 22အင်ဂျင်

၄ခ/-----CNG 50အိုး ၁၂လုံး
၇ခ/-----CNG 50အိုး ၁၀လုံး

**Ph:09-73082896**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)

### ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲ

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်အာစရိယပူဇော်ပွဲ အခမ်းအနားကို အပတ်စဉ်(၂၃၊၂၄၊ ၂၅၊ ၂၆၊၂၇၊၂၈) စာသင်နှစ်(၆)တန်းမှ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။ ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုကန်တော့ကြရန်နှင့် အာစရိယပူဇော်ပွဲ ရန်ပုံငွေအတွက် အလှူငွေများကို ထည့်ဝင်လှူဒါန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**

| | |
|---|---|
| **အပတ်စဉ်(၂၃)ဒေါက်တာနိုင်ဝင်းထွန်း** | ၀၉-၂၀၂၄၂၆၄ |
| **အပတ်စဉ်(၂၄)ဒေါက်တာမြတ်ညဏ်** | ၀၉-၅၁၇၂၁၅၄ |
| **အပတ်စဉ်(၂၅)ဒေါက်တာမိုးထွန်း** | ၀၉-၅၀၀၁၃၇၉ |
| **အပတ်စဉ်(၂၆)ဒေါက်တာကျော်နိုင်** | ၀၉-၇၃၉၀၃၂၆၂ |
| **အပတ်စဉ်(၂၇)ဒေါက်တာအောင်ကျော်စိန်** | ၀၉-၅၁၀၁၄၈၃ |
| **အပတ်စဉ်(၂၈)ဒေါက်တာသန့်စင်** | ၀၉-၅၁၈၃၇၉၀ |

**ကျင်းပမည့်နေရာ - သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

**ကျင်းပမည့်နေ့ရက် - ၂၇-၁၂-၂၀၁၄ ရက်**

## ပုပ္ပါးကျောင်းမဟာဘုံကထိန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ပုပ္ပါးကျောင်းတိုက်တွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်များနှင့် ပင့်သံဃာတော်တို့အား စုပေါင်း မဟာဘုံကထိန်သင်္ကန်းနှင့်တကွ လှူဖွယ်ဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၁၀ရက်)၁-၁၁-၂၀၁၄ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကထိန်သင်္ကန်း တစ်စုံလျှင် ၅၀၀၀ကျပ်၊ ပင့်သံဃာတစ်ပါးလျှင် ၅၀၀၀ ကျပ်ဖြင့် ဖုန်း-၆၀၀၀၂၈၊ ၀၉-၄၂၁၀၇၄၂၄၄၊ ၀၉-၄၂၅၀၂၅၈၆၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## မြန်န္ဒာကမ္ဘောဇကျောင်းတိုက် စုပေါင်းကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ မြန်န္ဒာကမ္ဘောဇကျောင်းတိုက်အတွင်း၌ ပုရိမဝါမှ ထတော်မူကြကုန်သော ဘဒ္ဒန္တတိက္ခဉာဏ (ရှမ်းဘုန်းဘုန်း) အမှူးရှိသောသံဃာတော်များနှင့် ပင့်သံဃာတော်များအား ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများက (၂၁)ကြိမ်မြောက် စုပေါင်း ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလဆန်း၁၀ရက်) ၁-၁၁-၂၀၁၄ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်နိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ပါဝင်လှူဒါန်းလိုသော ဒါယကာ၊ ဒါယိကာမ မေ့မိတ်ဆွေအလှူရှင်များ ဖုန်း-၀၉-၅၅၀၄၉၇၈၊ ၀၉-၄၃၁၃၆၆၅၂၊ ၀၉-၄၃၁၃၆၆၀၂၊ ၀၉-၄၃၁၃၇၄၃၅သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ကထိန်ဝေယျာဝစ္စအဖွဲ့**

## ဖေဖေ ဦးချို+မေမေ ဒေါ်နီလာမြင့် တို့၏

## ချစ်သက်တမ်းနှစ်(၃၀)ပြည့် ပုလဲရတုအတွက်ဂုဏ်ပြုဆုမွန်လွှာ

### ၂၇-၁၀-၁၉၈၄ ↔ ၂၇-၁၀-၂၀၁၄

နှစ်(၃၀)တိုင်လောကဓံ၏ အဆိုးအကောင်းအားလုံးကိုကြံ့ကြံ့ခံရင်း တစ်ဦးနှင့်တစ်ဦး ချစ်ခင်ဖေးမ အေးအတူ ပူအမျှဖြင့် သာယာပြည့်စုံသော မိသားစု ဘဝလေးကို အကောင်းဆုံး ဖန်တီးပေးခဲ့သည့်ကျေးဇူးရှင်ချစ်ဖေဖေနှင့်ချစ်မေမေ၏ယခုကျရောက်သောပုလဲရတုမင်္ဂလာမှသည်နောင် ရတုအဆက်ဆက် ကျန်းမာပျော်ရွှင် ချစ်ခင် ကြင်နာစွာဖြင့် နှစ်ကိုယ်တူ လျှောက်လှမ်းနိုင်ပါစေကြောင်း သား နှင့် သမီး တို့မှ ဂုဏ်ပြုဆုမွန် ပို့သလိုက်ပါသည် ။ ပုလဲရတု အလှူအဖြစ် ရန်ကုန်၊ မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ သီပေါ၊ သာယာဝတီ၊ ပြည်၊ သရက်မြို့တို့မှ ဆရာတော်၊ သံဃာတော်များ၊ သာမဏေများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများစွာတို့အားငွေကျပ်သိန်း(၉၀)ခန့်ငွေဆွမ်းများကပ်လှူ၍ပြုလုပ်ခဲ့ပါသောဖေဖေမေမေတို့၏မွန်မြတ်လှစွာသော ကုသိုလ်ကောင်းမှုအစုစုတို့အတွက်လည်း သာဓု သာဓု သာဓု ခေါ်ဆိုအပ်ပါသည် ။

ထာဝရကျေးဇူးတင် ချစ်ခင်လေးစားလျက်
သားတင်ကိုအောင် + သမီးကြီး ချိုကြည်သာ
သမီးလတ် ချိုအေးချမ်း၊ သမီးငယ် ချိုစိမ့်စမ်း
မြေးမလေး ခင်တင့်တယ်




**မီးသတိပြု**

## WISE College ရှိ နိုင်ငံတကာအသိမှတ်ပြု ABE (UK) မှ တိုက်ရိုက်ချီးမြှင့်သော Business Management Diploma သင်တန်းများအတွက်သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

WISE College မှ အောက်ဖော်ပြပါ ABE (UK) Business Management Diploma များကို ဖွင့်လှစ်သွားပါမည်။

1. Business Management Higher Diploma (Part-1)
2. Business Management Higher Diploma (Part-2)
3. Business Management Graduate Diploma

**Early Birds Discount**
**Oct 15 -Nov15th(20%-25%off**
**For 15 Students only)**

1. တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်ပညာသင်ကြားနေသူများသည် Business Management Higher Diploma (Part-1,2) မှ စတင်တက်ရောက်နိုင်ပါသည်။

2. ဘွဲ့တစ်ခုခုရရှိပြီးသူများ၊ လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများ နှင့် ကိုယ်ပိုင်စီးပွါးရေး လုပ်ကိုင်နေသူများသည် Business Management Graduate Diploma ကို တက်ရောက်နိုင်ပါသည်။

3. Business Management Higher Diploma နှင့် Graduate Diploma များပြီးဆုံးသွားပါက နိုင်ငံတကာကောလိပ်/တက္ကသိုလ်(UK, Australia, etc...)(၁၂၀)ကျော်တွင် ဒုတိယနှစ်(သို့)BA Final Year(သို့) MBA 1st Year သို့ တိုက်ရိုက် တက်ရောက်သင်ကြားနိုင်ပါသည်။

4. ကျောင်းသား/သူတိုင်းသည် ABE (UK) မှ တိုက်ရိုက်ချီးမြှင့်သော နိုင်ငံတကာ အသိအမှတ်ပြု Diploma(၁)ခု၊ အစိုးရ အသိအမှတ်ပြု Diploma(၂)ခု၊ စုစုပေါင်း Business Management Diploma (၃) ခုကို (၁)နှစ်အတွင်း အပိုကုန်ကျစရိတ်မရှိဘဲ ရယူနိုင်သည့် အခွင့်အရေးရှိပါသည်။

5. ကျောင်းသား/သူတိုင်းသည် ၂၀% မှ ၃၀% ထိ သင်တန်းကြေး ကင်းလွတ်ခွင့် Scholarship လျှောက်ထားရယူနိုင်ပါသည်။

6. အခြေခံမရှိသူများအတွက် Management Foundation Course (Early Birds Only) နှင့် လစဉ်ဖွင့်လှစ်လျက်ရှိသော Business Management Certificate သင်တန်းများကို သင်တန်းကြေး ၁၀၀% ကင်းလွတ်ခွင့် ဖြင့်တက်ရောက်နိုင်ပါသည်။

7. ကျောင်းသား/သူများသည် ဘာသာရပ်တစ်ခုအတွက် သင်တန်းကြေးကို (၁) ကြိမ်သာ ပေးသွင်းရန်လိုအပ်ပြီး ၎င်းဘာသာရပ်ကို ထပ်မံတက်ရောက်လိုပါက သင်တန်းကြေးကို 100% ကင်းလွတ်ခွင့်ပြုပါသည်။

- WISE College(1009 A-B)၊ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်တွင် ပညာအရည်အချင်းအထောက်အထားမူရင်းနှင့် မိတ္တူ(၂)စုံ၊ဓါတ်ပုံ(၃)ပုံတို့နှင့်တကွ စာရင်းပေးသွင်း အပ်နှံနိုင်ပါသည်။

ဖုန်းနံပါတ် – ၀၁ ၅၅၆၁၈၃၊ ၀၉ ၄၂၁၁၅၄၈၆၂၊ ၀၉ ၂၅၅၇၂၃၈၈

## VICTORAIAUNIVERSITYCOLLEGE

### HND January တန်းခွဲသစ်ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

၁။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ (သို့မဟုတ်) IGCSE (O) Levelအောင်မြင်ပြီးသူများသည် ဗြိတိန်နိုင်ငံBusiness and Technology Education Council (Edexcel)မှတိုက်ရိုက်ချီးမြှင့်မည့်HND (QCF Level 5) ရရှိရန်အတွက် အောက်ဖော်ပြပါ ဘာသာရပ်တစ်ခုကိုရွေးချယ် လျှောက်ထားနိုင်သည်။

1. Engineering (Civil/ Mechanical/ Electrical & Electronic Engineering)
2. Business
3. Hospital and Tourism Management
4. Computing
5. Health & Social Care

၂။ ကျောင်းသားအားလုံးဘာသာရပ်အလိုက် HND Foundation (၅) လစတင်သင်ယူရမည်။Foundation Diplomaကို ဗြိတိန်အစိုးရပိုင်South Essex College, UKမှတိုက်ရိုက်ချီးမြှင့်မည်။
ယင်း Foundation Diploma သည် A Levelအဆင့်နှင့် ညီသဖြင့်နိုင်ငံရပ်ခြားတက္ကသိုလ်များသို့ တိုက်ရိုက် ဝင်ခွင့်လျှောက်ထားနိုင်သည်။

၃။ Foundation ၅လ ပြီးလျှင် မိမိစိတ်ကြိုက် ဘာသာရပ်ကိုရွေးချယ်ပြီးHND ( QCF Level 5 )ရရှိရန် ၂နှစ် ဆက်လက်ဆည်းပူးရမည်။

၄။ HND ရရှိပြီးပါက ပြည်တွင်း၊ ပြည်ပလုပ်ငန်းခွင်တွင်ဝင်ရောက်လုပ်ကိုင်ခွင့်ရမည်ဖြစ်ပြီးBachelor (Hons:) ဘွဲ့ကိုဆက်လက်သင်ယူလိုပါကVictoria University College သို့ University of Wolverhampton (UK) မှလာရောက်သင်ကြားပို့ချမည့် - Bachelor (Hons:) Degreeတန်းများတွင်ဆက်လက်ဆည်းပူးခွင့်ရရှိမည်။
အကယ်၍နိုင်ငံရပ်ခြားတက္ကသိုလ်များသို့သွားရောက်သင်ယူလိုပါလျှင်လည်းသက်ဆိုင်ရာတက္ကသိုလ်ဝင်ခွင့်ရရှိရန်နှင့် ကျောင်းလခလျှော့နှုန်း ၁၀% မှ ၁၅% အထိရရှိစေရန် Victoria University College မှ တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

၅။ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ ပတ်စ်ပို့အရွယ်ဓါတ်ပုံ(၃)ပုံ နှင့်အတူစတင်လျှောက်ထားနိုင်ပါသည်။၂၀၁၅ဇန်နဝါရီတွင်စတင်ဖွင့်လှစ်မည်။(နယ်ကျောင်းသား/သူများအဆောင်နေခွင့်ရမည်။)

ကျောင်းသားရေးရာဌာန - အမှတ်(၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း - ၀၁-၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉၅၁၀၄၇၄၈

